www.burmeseclassic.com

ရွှေပဒေသာစာပေ

# အလင်းသစ်

မာ နု ခြေ ရာ



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၄၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

မာနစေရာ
အလင်းသစ်
ရွှေပဒေသာစာပေ၊ ၂၀၁၅၊ ရန်ကုန်။
၂၄၀ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မာနစေရာ


# မာနစေရာ

အလင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်တပ်ပြီး မျက်လုံးကို အကာအကွယ်ယူတာ တစ်ခုခုဒဏ်ကို ကြောက်လို့…လို့ ကျွန်တော်ကတော့ ယူဆတယ်။ ကျွန်တော်ကတော့ ဘာဒဏ်ကိုမှ မကြောက်လို့ ဘယ်တုန်းကမှ မျက်မှန် မတပ်ဘူး။

မုန်းမရ





ငါ လွယ်လွယ်မပြောဘူး။ လေးလေးနက်နက် ပြောနေတာ။ နင် စဉ်းစားလေ။ နင် ဒီကလေးကို အသေခံမလား။ အသက်ရှင်လျက်နဲ့ မြင်ချင်တယ်ဆိုရင်တော့ ငွေမရင်းနှီးနိုင်ရင် နှလုံးသားတော့ ရင်းနှီးလိုက်ပေါ့။

ထာဝရတွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

အိမ်မှာ ဘယ်သူမှမရှိတာနှင့် ကိုသန်းထူး ရောက်လာပြီး မြင့်မြင့်ကြည်နှင့် နှစ်ယောက် ချစ်ရည်လူးနေကြတာကို အလုပ်သွားတဲ့မိသားစုဝင်တွေက ဘယ်သူမှ မသိရှာပေ။ မြင့်မြင့်ကြည်ရဲ့ ယောကျ်ား ကိုစန်းကြိုင်က အရက်သမားဆိုတော့ ဒီအချိန် အရက်ဆိုင်ကို ရောက်နေပြီပေါ့။

သမီးအကြီးက အိမ်ထောင်ကျနေတော့ သူ့အိမ်နဲ့သူ။ အရွယ်မရောက်တရောက် သားဖြစ်သူ မှန်းမရက အသက် ၁၆ နှစ်ဆိုပေမယ့် လူကောင်ထွားတော့ ကြံ့ရာအလုပ် ဝင်လုပ်နိုင်နေပြီလေ။ အခု စံပယ်ပန်းတွေရောင်းဖို့ လွှတ်လိုက်တာ အငယ်ကောင်နှစ်ကောင်လည်း





ပါသွားလေရဲ့။ အငယ်နှစ်ကောင်မှာတော့ ခုမှ သူရကိုကိုက ၈ နှစ်၊ သီဟကိုကိုက ၅ နှစ်သာ ရှိသေးသည်လေ။ အိမ်မှာ ဘယ်သူမှမရှိတော့ မြင့်မြင့်ကြည် ဖြစ်ချင်တိုင်းဖြစ်ခွင့်ရနေတာပေါ့။

"သွားတာလာတာ သိပ်အတင့်မရဲနဲ့ ကိုထူးရဲ့။ တော်ကြာ ဟိုအရက်သမားသိရင် ဓားမိုးရှာမှာ သိလား"

"ဩော်...သူ ဓားမိုးရှာတော့ ကိုယ်က လှံနဲ့ထိုးရုံပေါ့ အကြည်ရဲ့။ စကားပုံတောင် ရှိတယ်လေ။ သူ့မယားလိုချင် သူ့လင်ကို လှံနဲ့ထိုးတဲ့"

"အဲလိုတော့ မလုပ်နဲ့လေ...ကလေးတွေအတွက် အကြည်မရှိရင် သူရှိနေဖို့ လိုအပ်သေးတယ် ကိုထူးရဲ့။ အဲဒါမှ အကြည်ကိုထူးနောက်ကို လိုက်ခဲ့လို့ရမှာပေါ့"

"အင်း...ဒါပေါ့...ဒါပေါ့။ အကြည်က ကိုထူးနောက်ကို ဘယ်တော့လိုက်မှာလဲ။ ကိုထူးက အကြည်နဲ့ အတူတူနေချင်လှပြီကွ"

"ကိုထူးကလည်း အခုလည်း ကိုထူးနဲ့အကြည် အတူနေနေတာပဲလေ။ ကိုထူးပြုသမျှ နုနေတာပဲဥစ္စာ"

"မဟုတ်ဘူးလေ...ကိုထူး ပြောတာက အကြည်နဲ့ နေ့ရောညရော အတူတူနေချင်တာကို ပြောတာ။ ကိုယ်မပိုင်သေးတော့ ဟိုလူ့ကြောက်ရ ဒီလူ့ကြောက်ရနဲ့ ချစ်ချင်တိုင်း ချစ်လို့မရဘူးပေါ့။ အခုကိုယ်ပြန်ရင် အကြည် တစ်ခါတည်း လိုက်ခဲ့လေ။ နော်...နော်လို့"

"ကိုပိုကြီး"

ကိုသန်းထူးက မြင့်မြင့်ကြည်၏ မေးစေ့လေးကို ကိုင်ပြီး ကလေးမုန့်ပူဆာသလို ပူဆာနေတော့ မြင့်မြင့်ကြည်မှာ အပြုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လေတော့…

“ဒါကြောင့် ချစ်ရတာ”

“ယူပြီးရင် ကိုထူးက အကြည့်ကို အလိုလိုက်မှာလား…ပြော”

“ကိုယ့်အချစ်ကလေးပဲဟာ အလိုလိုက်မှာပေါ့ အကြည်ရဲ့။ မင်းယောက်ျားကြီးနဲ့ အရက်သမားချင်းတူပေမယ့် ချစ်တတ်တဲ့ နှလုံးသားချင်းတော့ မတူဘူး။ ကိုထူးက မိန်းမ အရမ်းချစ်တတ်တဲ့ ကောင်ဗျ…သိလား”

“အရင်မိန်းမတုန်းကရော အရမ်းချစ်တာပဲလား”

“အင်း…ပထမမိန်းမတုန်းက ချစ်ပါတယ်။ ဒါပေမယ့် ဟောဒီ အကြည်လေးကို ချစ်တာလောက် မမီသေးဘူး”

“တကယ်”

“တကယ်ပေါ့ အချစ်ရဲ့”

“အဟွန်း”

ညာနေတာဆိုရင်တောင် ယုံကြည်စွာနှင့် ဘဝင်ခွေ့တတ်ကြတာ မိန်းမတွေရဲ့သဘောတရားလားတော့မသိ။ အကြည် ကိုထူးကို ပြန်ဖက်ထားပြီး သဘောခွေ့နေပြီလေ။ ဒီအချိန်မှာ မိုးမမြင် လေမမြင် ယောက်ျားကြီးမျက်နှာ၊ ကလေးတွေမျက်နှာ ဘာကိုမှမမြင်ဘဲ စိတ်ကို အလိုလိုက်နေတာလေ။

တကယ်ဆိုရင်…

ကိုထူးရဲ့ပထမမိန်းမက သေသွားတာဖြစ်ပြီး ဒုတိယမိန်းမက ကွဲသွားတာပါ။ ဘယ်သူမကောင်းလို့ ကွဲကြသလဲဆိုတာလည်း စဉ်းစားမိကြမှာ မဟုတ်ပါဘူး။ မြင့်မြင့်ကြည်ကလည်း ပထမ





ယောက်ျားဆုံးပြီး ဒုတိယယောက်ျားက ကွဲတာပါ။ အခုလက်ရှိပေါင်းနေတဲ့ ကိုစန်းကြိုင်က တတိယယောက်ျားလေ။

ခြံခုန်စရှိခဲ့သူတွေမို့…

ခုလို ဖောက်ပြန်ကြတာ မဆန်းတော့ပါဘူး။ သားသမီးလေးယောက်ရှိသည့်အနက် အကြီးဆုံးသမီးကျော့ကေသွယ်က ပထမယောက်ျားနှင့် ရခဲ့တာပါ။ ဒုတိယယောက်ျားနဲ့တော့ မုန်းမရဆိုတဲ့ သားတစ်ယောက်မွေးခဲ့ပြီး အခုယောက်ျားနှင့်တော့ သူရကိုကိုနဲ့ သီဟကိုကိုဆိုတဲ့ သားနှစ်ယောက်ကို မွေးခဲ့တာပဲပေါ့။

“ဒုတိယမိန်းမကိုကျတော့ရော”

“မချစ်လို့မှ ကွဲသွားတာပေါ့ အကြည်ရဲ့။ မေးမနေနဲ့ကွာ… ကိုထူးက အကြည်လောက် ဘယ်မိန်းမကိုမှ ချစ်ခဲ့တာမဟုတ်ဘူး။ အခု အကြည်နဲ့ မခွဲနိုင်တော့လို့ တစ်ခါတည်း ခိုးဖို့ပြောတာပေါ့”

“ဒီကလည်း ကိုထူးနဲ့ မခွဲနိုင်လို့ လိုက်မှာပါရှင်…လိုက်မှာပါ”

“အဲဒါကြောင့် ချစ်တာ”

“ကဲပါ…ဖယ်ဦး…အကြည် အဝတ်တွေထည့်လိုက်ဦးမယ်”

“မြန်မြန်လုပ်နော် အကြည်…တော်ကြာ မင်းလင်ကြီးပြန်လာတာနဲ့တိုးလို့ ကိုယ်တို့ ခွေးပြေးဝက်ပြေး ပြေးနေရဦးမယ်”

“သြော်…ရှင်ကလည်း လူပဲဥစ္စာ လူလိုပြေးမှာပေါ့”

မြင့်မြင့်ကြည်စိတ်ထဲမှာ ကိုထူးနဲ့အတူနေပြီး ချစ်ရည်လူးဖို့ကလွဲလျှင် သားသမီးရေးကိုလည်း မစဉ်းစား၊ ဘယ်သူ့ကိုမှ ငဲ့ရကောင်းမှန်းလည်း မသိတော့ပါဘူး။ ကာမဂုဏ်အမှောင်ထဲကျတဲ့သူတွေများ ကြောက်စရာကောင်းလိုက်တာ။ ခပ်ရိုင်းရိုင်းပြောရလျှင် ထမင်းစ

www.burmeseclassic.com



အောင် မကျွေးနိုင်တာထက် အဲဒီကိစ္စက ပိုဆိုးသလားတော့ မသိပေ။

ဒါမျိုးတွေ ယုတ်မာသူရှိလို့…

ကောင်းကောင်းမွန်မွန်လူတွေ ဒုက္ခရောက်ကြရတာ ဒုနဲ့ဒေးပါပဲ။ အခုလည်းကြည့်လေ ကျန်ခဲ့ရမယ့် လူမမယ်ကလေးတွေအတွက် မတွေးရဲစရာပါပဲ။

သြော်…ဒုက္ခ…ဒုက္ခ။

ဒီအရွယ်တွေရောက်မှ ကိုယ့်အိမ်ထောင် ကိုယ်မထိန်းသိမ်းဘဲ အိမ်ထောင်ရေးဖောက်ပြန်ကာ ချွေးဇာတ်ခင်းနေကြတာလေ။ ဒါကို ဘာမှမသိရှာတဲ့ ကလေးတွေကတော့ ပိုက်ဆံရဖို့အတွက် ရုန်းကန်နေရတာ နေပူမရှောင်၊ မိုးရွာမရှောင်ပါ။ ကိုစန်းကြိုင်က သူများတွေပြောလို့ စစနန သိပေမယ့်…

မြင့်မြင့်ကြည်က ဝန်မခံ။

ကိုစန်းကြိုင် သတိပေးတိုင်း ပတ်ဝန်းကျင်ကိုသာ မဟုတ်က ဟုတ်က ပြောရမလားလို့ ဆဲရေးတိုင်းထွာပြီး လင်မယားချင်း ရန်ဖြစ်ရတာ ခဏခဏပါ။

“အကြည် မပြီးသေးဘူးလား”

“ပြီးပါပြီ ကိုထူးရဲ့”

“ပြီးရင် မြန်မြန်လာ…တော်ကြာ မင်းဟာကြီးပြန်လာတာနဲ့ တိုးမှ လူသတ်ပွဲဖြစ်ကုန်ဦးမယ်”

“ကိုထူးပဲပြောတော့ သူအားမိုးရွာရင် ကိုယ်က လုံနဲ့ထိုးမယ်ဆို”

“သြော်…အကြည်ရယ်…ကိုယ်က မဖြစ်သင့်တာတွေ မဖြစ်ရအောင် ပြောတာပါ။ အဲလိုဖြစ်တော့ သူပဲသေသေ ကိုယ်ပဲသေသေ





အကြည် စိတ်ညစ်ရမှာပေါ့လို့”

“ဟုတ်ပါပြီ…ကဲ…သွားမယ်…လာ”

သွားမယ်ဆိုတော့ ကိုထူး မြင့်မြင့်ကြည်လက်ထဲက အဝတ်အိတ်ကို လှမ်းဆွဲယူကာ ထွက်ခဲ့ကြတော့သည်။ ရှေ့မှာပျော်ဖို့ကိုသာ ကြိုတွေးပြီး နောက်ကျောမှာ ဘယ်သူတွေ ဘာပဲဖြစ်ကျန်ခဲ့ကျန်ခဲ့…

မြင့်မြင့်ကြည်ဆိုတဲ့မိန်းမ…

ကိုယ်နဲ့မဆိုင်သလို ဥပေက္ခာပြုပြီးတဲ့နောက်…

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

အမုန်းတစ်ယောက် စံပယ်ပန်းတွေရောင်းလို့ကုန်တာနှင့် အိမ်ပြန်လာခဲ့တာ ညီအငယ်ကို ပခုံးပေါ်မှာထမ်းလို့ အလတ်ကောင်ကိုက လက်ဆွဲလို့ပါ။ အဖေက အရက်သမားဆိုပေမယ့် သောက်ချင်တဲ့ရက်တွေမှာ စွတ်သောက်ပြီး မသောက်တဲ့ရက်တွေကျတော့ လုံးလုံးမသောက်ပေ။ ဘယ်လိုပဲနေနေ ဆိုက်ကားနင်းကတော့ မပျက်ရှာပါဘူး။

အမေကတော့…

တစ်နေ့တစ်နေ့ အလုပ်တွေပြင်လို့ ကလေးတွေကို သိပ်ဂရုစိုက်တာ မဟုတ်ပေ။ ဒါကြောင့် ကလေးတွေက ဖအေကိုလည်း မကပ်၊ မအေကိုလည်း မခင်တွယ်။ ဒီအစ်ကိုသွားရာပဲ လျှောက်လိုက်နေကြ





တာပါ။ မဖြစ်မနေ ထားခဲ့ရမယ်ဆိုရင်တော့ ဖေကြီးနဲ့ ထားခဲ့မှရတာလေ။ အမေကြီးနဲ့တော့ လုံးဝ ထားခဲ့လို့မရအောင် မေကြီးက ဥပေက္ခာပြုနိုင်လွန်းသူ။

"ကိုကြီး"

"ဟေ…ကွာ"

အလတ်ကောင် သူရက သူ့ကို မော့ကြည့်ပြီးခေါ်လေတော့ သူ ထူးလိုက်သည်တွင်-

"ပန်းရောင်းတာ ပိုက်ဆံဘယ်လောက်ရလဲ"

"မများပါဘူးကွာ…တစ်ထောင်တည်းရတာ"

"ပန်းက ပွင့်တာနည်းတာကိုး"

"အေးလေ"

"အဲ့ဆို ပန်းတွေ အများကြီးပွင့်အောင် ဘာလုပ်ရမလဲ ကိုကြီး"

"ရေများများလောင်းရမှာပေါ့"

"ဟုတ်လား"

သူရ ခေါင်းလေးပြန်ငုံ့သွားပြီးချိန်မှာ သီဟက ကိုကြီးကို ပခုံးပေါ်ကနေ ငုံ့ကြည့်ပြီး-

"ကိုကြီး"

"ဟေကွာ"

"ရေလောင်းရင် ပန်းတွေက တကယ်အများကြီး ပွင့်မှာလား"

"တကယ်ပေါ့ကွ"

"ဒါဆို ရေမလောင်းနဲ့၊ ပန်းတွေ အများကြီးပွင့်အောင်သား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးမယ်''

''မင်းက ဘယ်လိုလုပ်မှာလဲ''

''ပန်းပင်တွေကို သား ရှူးရှူးနဲ့ လိုက်ပန်းမှာပေါ့ ကိုကြီးရ''

''ဟော...''

သီဟက အကြံကောင်းတွေ ပေးနေတာမို့ အမုန်း မရယ်ဘဲ မနေနိုင်တော့ပေ။ သူက သီဟကို မော့ကြည့်ပြီး-

''မင်းရှူးရှူးက ပန်းပွင့်လောက်အောင် ရလို့လားကွ''

''ရတာပေါ့...တစ်ခါပေါက်ချင် တစ်ပင်ပေါ့''

သီဟစကားတတ်ပုံကြောင့် သူရ ဘာမှပြန်မပြောနိုင်။ ကလေးရဲ့ ဦးနှောက်ထဲမှာ သူတွေးမိသမျှ သူပြောချင်တာ ပြောမှာပဲပေါ့။ တစ်ခါ တလေ ဒီလိုစကားတတ်တာတွေကပဲ ရယ်စရာအမောပြေပဲလေ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာထား၊ သူလည်း ဒီအတွေးတစ်ခုလေး ခေါင်းထဲဝင်သွားလို့ဖြစ်မှာပေါ့။

''တာ့တာ့...တီတီ...တော်တော် တူတူ...တော့်တော် တော်တူ။ တာ့တာ...တို့တီ...တော့်တာတာတီ''

''..................''

''တတ်တော့တတ်တယ် တီတီတာတာ...တွေးတော့တွေး တယ် တောက်တီးတောက်''

''ဟော့ကောင်''

ပခုံးပေါ်ကနေ အမုန်းခေါင်းကို ဆိုင်းတီးပြီး ပါးစပ်ထဲ တွေ့ရာ ရသမျှသီချင်း တောက်တီးတောက်တဲ့ကို သူဆိုတတ်သလိုဆိုနေတဲ့ သီဟကို သူက မော့ကြည့်ပြီး-





''မင်း...အဲလိုလုပ်နေ ကိုကြီးက သေမှာပေါ့ကွ''

သီဟ ကိုကြီးကို ငုံ့ကြည့်ပြီး-

''ဟုတ်လား ကိုကြီး...နာလား''

''နာတော့မနာဘူး...ဒါပေမယ့် သူများပခုံးပေါ်ကနေ မင်း ငြိမ်ငြိမ်လိုက်နော်။ မဟုတ်ရင် ငါက ဖြုတ်ချမှာ''

လို့ပြောမှ သီဟ ငြိမ်သွားလေ၏။

''ဟဲ့...အမုန်း''

''ဟင်''

ကိုယ့်အာရုံနှင့်ကိုယ် သားဘီကို သတိမထားမိတဲ့ အမုန်းခေါ်သံ ကြောင့် လှည့်ကြည့်လိုက်တော့ ဒေါ်ဦးမေနဲ့ဒေါ်တုတ်ပါ။ အဲဒီ နှစ်ယောက်က သူများအကြောင်း ရပ်ကွက်ထဲမှာလည်း စပ်စုပြီး အတင်းပြောရမှ စားဝင်အိပ်ပျော်ရှိသူတွေပါ။ ဒေါ်ဦးမေက ဒေါ်တုတ် ကို လက်ကုတ်၍-

''ဟဲ့...သူ ဘာမှသိပုံမရသေးဘူးနော်''

''ဟုတ်တယ်...မသိသေးလို့ ခုလို အေးအေးဆေးဆေးနေတာ ပေါ့။ ပြောလိုက်လေ''

''အမုန်း''

''ဗျာ''

''နင်...နင့်အိမ်ကအကြောင်း ဘာမှမသိသေးဘူးလား''

''ဘာကိုသိရမှာလဲ ဒေါ်ဦးရဲ့...ကျွန်တော်တို့က ခုမှ အိမ်ကို ပြန်မှာပါ။ ကျွန်တော်တို့အိမ်မှာ မေကြီးနဲ့မေကြီး ရန်ဖြစ်နေကြလို့လား''

''ခုဟာက ရန်ဖြစ်တာထက်ဆိုးတယ် အမုန်းရဲ့။ နင့်အမေဖလေ



www.burmeseclassic.com

www.burmeseclassic.com



စောစောကတော့ နင်တို့အိမ်မှာ ဝှန်းဒိုင်းကြဲနေလေရဲ့"

"ဖေကြီး မူးနေလို့ဖြစ်မှာပေါ့"

"အေး…မူးတော့မူးစေ ထင်တယ်။ ခုဟာက မမူးလည်း ဒီလိုပဲဖြစ်မှာပါ အမုန်းရယ်။ နင့်အမေ လုပ်သွားတဲ့ကိစ္စက လူတိုင်း ခွင့်မလွှတ်နိုင်တဲ့ကိစ္စဟဲ့ အမုန်းရဲ့"

"ဗျာ"

အမုန်း ဘာမှနားမလည်နိုင်စွာ ပါးစပ်အဟောင်းသားနှင့်သာ ကြည့်နေမိပြီး ရင်ထဲမှာ စိုးရိမ်စိတ်တို့နှင့် ပူလောင်စပြုနေပါပြီ။ အိမ်မှာ ဘာတွေများဖြစ်နေကြလို့ပါလိမ့်။

"စကားကို ရှင်းရှင်းပဲပြောစမ်းပါဗျာ။ ကျွန်တော်တို့အိမ်မှာ ဘာဖြစ်နေလို့လဲ"

ဒေါ်တုတ်က ခါးထောက်ပြီး-

"ငါပဲ ပြောမယ်ဟေ့…နင့်အမေ လင်ငယ်နောက်လိုက်သွားတာ။ ဖိုးထူးနဲ့ လိုက်ပြေးတာလေ။ လိုက်သွားတာလည်း ကောင်းပါတယ်။ မဟုတ်ရင် ရပ်ကွက်သိက္ခာကျလို့…ဘယ့်နှယ်တော်… ကလေးတွေမျက်နှာကိုမှမထောက် သူပဲ ကမြင်းကြောထနိုင်လွန်းတယ်…ဟွန်း"

"ဗျာ"

ကြားလိုက်ရတဲ့သတင်းက လောကကြီးတစ်ခုလုံး အမှောင်ဖုံးပြီး ဝှန်းကနဲ ပြိုကျသွားသလိုပါပဲ။ မယုံချင်ပေမယ့် တကယ်ဟုတ်နေရင် ဆိုတဲ့အတွေးကြောင့် မျက်ရည်တွေ ချက်ချင်းဝေ့တက်လာပြီး သူရ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။ ကျန်တစ်ဖက်က





သီဟာလက်မောင်းကို နိုင်နိုင်ဆုပ်မိပြီး-

"ဟုတ်ရဲ့လား ဒေါ်တုတ်ရယ်…ခင်ဗျားတို့ မဟုတ်တာတွေ တော့ မပြောနဲ့နော်"

"အမယ်လေး…ဟုတ်လွန်းလို့ မီးတောင်ထတောက်ဦးမယ်။ မယုံရင် နင် အိမ်ရောက်တဲ့အခါ သိရမှာပေါ့"

"ကဲ…မတုတ် သွားရအောင်"

"အေး…အေး"

ဒေါ်ဦးမေနဲ့ဒေါ်တုတ်တို့ ထွက်သွားကြတော့ ကျန်ခဲ့တဲ့ အမုန်း ရပ်နေတဲ့ ခြေထောက်ရော လက်တွေရော ထုံကျင်လာသလိုပါ။ ဒါပေမယ့် သူ့စိတ်ကို တင်းပစ်လိုက်၏။ သူဘာမှဖြစ်လို့မရသေးဘူး လေ။ ညီလေးတွေ ရှိနေသေးတယ်။ အိမ်ပြန်ရဦးမယ်။

"သူရ"

"ဗျာ…ကိုကြီး"

"လာ…မြန်မြန်"

"ဟုတ်"

အမုန်းပြေးတော့ သူရကလည်း ပြေးလိုက်လေသည်။ ပခုံးပေါ် က သီဟမှာလည်း အစ်ကိုတွေ ဘာကြောင့် ပြေးနေမှန်းမသိ ဘာမှ လည်း မပြောတတ်တော့ အစ်ကိုတွေ ခေါ်ဆောင်ရာအတိုင်းသာ…

"ဘုတ်"

"အင့်"

"ဟာ"

သူရ ခလုတ်တိုက်ပြီး မှောက်လဲလေတော့-



www.burmeseclassic.com

www.burmeseclassic.com



"သူရ…ညီလေး…ထ…ထ"

"အား"

"ဘယ်နား နာသွားသေးလဲ"

"ရတယ် ကိုကြီး…ရတယ်"

သူရ အတင်းပြန်ထပြီး ညီအစ်ကိုတွေ ဆက်ပြေးခဲ့ကြပြန်၏။ ဖေကြီး တော်တော်ဒေါသဖြစ်နေမလား။ တကယ်တော့ ဖေကြီးက သူရနဲ့သီဟတို့ရဲ့ အဖေရင်းဖြစ်ပြီး အမုန်းကျတော့ ပထွေးတော်တာလေ။ ဒါပေမယ့် အမုန်း ဘယ်တုန်းကမှ ဖေကြီးကို ပထွေးလို့ မသတ်မှတ်ခဲ့ပါဘူး။ ကိုယ့်အဖေရင်းရှိပေမယ့် ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ၊ စုံလည်းမစုံစမ်းခဲ့ပေ။ သားမှန်း သမီးမှန်း မသိတဲ့သူတွေထက် ကျွေးအဖေလည်းဖြစ်၊ သည်းလည်းသည်းခံခဲ့တဲ့ ဖေကြီးကသာ အမုန်းရင်ထဲ အမုန်းရဲ့အဖေပါ။

ပြေးလာရင်းပဲ…

အိမ်ကို ရောက်ခဲ့ကြတော့…

"ဖေကြီး"

"ဖေကြီး"

"ဖေကြီး…ဖေကြီး"

"ဖေကြီး"

ညီအစ်ကိုတွေ တကြော်ကြော်ခေါ်နေပေမယ့် အိမ်ထဲက ဘာတုံ့ပြန်သံမှ မကြားရပေ။ ဖေကြီး အိမ်ပြန်မရောက်သေးတာလား။ ဒေါ်တုတ်တို့ပြောတာ ဟုတ်မှဟုတ်ရဲ့လား။ တမင်သွားပုပ်လေလွှင့်များ ပြောလေသလားလို့ တွေးရင်းပဲ အိမ်ထဲသို့ ဝင်ခဲ့ကြစဉ်…





"ဟင်"

တစ်အိမ်လုံး ရစရာမရှိအောင် သောင်းကျန်းထားပြီး စားပွဲတစ်လုံးပေါ် မျက်နှာမှောက်၍ တသိမ့်သိမ့် ရှိုက်ငိုနေတာ ကိုစန်းကြိုင်ပါ။ သူ မိန်းမရှားလို့ ဒီမိန်းမကိုမှ ခင်တွယ်နေတာလည်းမဟုတ်။ လုပ်ရက်လေခြင်းလို့ ကိုယ့်အတွက် ဝမ်းနည်းတာလည်း မဟုတ်ပေ။ ကလေးတွေကြောင့်…ကလေးတွေကြောင့်ပါ။

ကလေးတွေမျက်နှာကိုမှ မထောက်…

ထင်ရာစိုင်းပြီး ကမြင်းကြောထချင်တဲ့မိန်းမ နေပါစေ။ သူ့ကို မတမ်းတဘူး။ အခု သူကျနေတဲ့မျက်ရည်တွေက ကလေးတွေအတွက်ပါ။ ကလေးတွေကို သနားလို့ပေါ့။ သူတို့လေးတွေ ဘယ်လောက် ရှက်ရှာမလဲ။ ဘယ်လောက် မျက်နှာငယ်ရှာရမလဲလေ။

"ဖေကြီး"

"ဖေကြီး"

"သားတို့"

သူတို့တွေ အနားရောက်တော့ သူတို့တွေကို ဖက်ပြီး ငိုပြန်လေတော့၏။

"ဖေကြီး သူများတွေပြောတာ ဟုတ်လားဟင်။ ဖေကြီး မေကြီး ဦးသန်းထူးနဲ့ လိုက်ပြေးသွားပြီဆို"

ကိုစန်းကြိုင် ပါးစပ်က မဖြေနိုင်ဘဲ ခေါင်းညိတ်ပြပြီး–

"သားတို့ရယ်"

သားအငယ်ဆုံးလေးကို ရင်ခွင်ထဲထည့်ပြီး ကျန်တဲ့သားနှစ်ယောက်ကို လက်တစ်ဖက်ဆီက ဖက်ပြီးကျနေတဲ့ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီသားတွေအတွက်ပါ။

"ဖေကြီးရယ်…အိ…အိ"

"အိး…ဟီး…ဟီး"

အမုန်းက သိတတ်နေတဲ့အရွယ်မို့ အသံတိတ် ကြိတ်ငိုပေမယ့် အငယ်နှစ်ယောက်ငိုသံကတော့ နားမချမ်းသာစရာပါ။ သူတို့ကတော့ ခံစားချက်ဆိုတာ နားမလည်ဘဲ အဖေဖြစ်သူနဲ့ အစ်ကိုဖြစ်သူငိုတာ မြင်လို့ လိုက်ငိုကြတာဆိုရင် မမှားပေ။

"ဖေကြီး"

"သားကြီး"

"မငိုပါနဲ့တော့ ဖေကြီးရယ်…မေကြီး မရှိလည်း သားတို့ ကိုယ့်ဝမ်းစာကိုယ် ရှာဖွေစားသောက်နိုင်ပါတယ်။ သား အရင်ထက် အလုပ်ပိုလုပ်မယ် ဖေကြီး။ သား ညီလေးတွေ မငတ်အောင် သား ရှာကျွေးမယ်"

"ဖေကြီးလည်း သူ မရှိလို့ အားမငယ်ပါဘူး သားကြီးရာ။ ဖေကြီးက သားတို့ အရှက်ရမျက်နှာငယ်ရမှာကိုပဲ စိုးတာပါ"

"တစ်ယောက်မကောင်းတာနဲ့ အကုန်လုံး သိမ်းကျုံးယမ်းလို့တော့ မရပါဘူး ဖေကြီးရာ။ ဒီနေ့ကစပြီး သားတို့ သူ့ကို ခေါင်းထဲက ထုတ်ပြီး နေတတ်အောင် ကြိုးစားရမယ်။ မကောင်းတဲ့သူသွားပေါ့ ဘာလွမ်းစရာရှိလို့လဲ"

အမုန်း စိတ်ကိုတင်းပြီး အံကြိတ်ပြောလိုက်တာ ဖြစ်၏။ ဟုတ်တယ်လေ…မိခင်ဖြစ်ပြီး သားသမီးကို မခင်တွယ်၊ လင်ငယ်ကိုမှ ဘုရားထုပြီး ကိုးကွယ်ချင်နေမှတော့ သားသမီးဆိုတဲ့ကောင်တွေ





ရင်ထဲမှာ ဘုရားနဲ့တစ်ကိုဏ်းတည်းထားဖို့မှ မလိုတော့တာ။ ဒါ စော်ကားတာ မဟုတ်ပါဘူး။

မွေးကျေးဇူးကသပ်သပ်…

စိတ်နာတာက အခြားနှင့် ရင်ဘတ်ထဲကမီးကို လောင်စာမပြတ် ထည့်နေလို့မှ မလိုတာ။ အမုန်း မေကြီးရဲ့နေပုံထိုင်ပုံတွေကို မကြိုက်ခဲ့တာ ကြာပြီလေ။ ဒါပေမယ့် ကိုယ့်ကို မွေးထားတဲ့အမေဆိုတော့ ဘာပြောလို့ရမှာလဲ။

"သားကြီး"

"ဗျာ"

"ဘာပဲဖြစ်ဖြစ် အကြည်က မင်းကို မွေးထုတ်ထားတဲ့ အမေနော်။ စိတ်နာစရာရှိရင် ဖေကြီးပဲ စိတ်နာမယ်။ ပက်ပက်စက်စက် ပြောစရာရှိရင် ဖေကြီးပဲ ပြောမယ်။ မင်းပြောစရာ မလိုဘူး။ သူ ဘယ်ဘဝရောက်ပြီး ဘာမပဲဖြစ်နေဖြစ်နေ မင်းတို့အမေပဲကွ။ အဲဒါကြောင့် သားတို့ မစော်ကားမိပါစေနဲ့"

"ဖေကြီး"

ဖေကြီးက မေကြီးကို မပြတ်နိုင်လို့လားဆိုတဲ့အတွေး စိတ်ဝင်လာမိပြီး-

"ဖေကြီး…မေကြီးကို စိတ်မကုန်ဘူးလား။ သူ ဟိုလူနဲ့ အဆင်မပြေတဲ့အခါ ပြန်လာရင် ဖေကြီးက ပေါင်းဦးမလို့လား။ အဲလိုမျိုး သား လက်မခံနိုင်ဘူးနော်။ ဖေကြီး လုံးဝ ပြန်မပေါင်းဘူးဆိုရင် စိတ်ချ ဖေကြီးနဲ့သားညီတွေ မငတ်စေရဘူး။ သား ရှာကျွေးမယ်"

အမုန်းရင်ထဲမှာ အမေဆိုတဲ့မိန်းမက အစပြုပြီး မိန်းမအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတွေပဲလားလို့ ထင်မြင်ချက်နှင့် ယနေ့မှစ၍ မိန်းမအားလုံးကို မုန်းပါ၏။

"ဖေကြီးကတော့ သူပြန်လာခဲ့ရင် မသတီပေမယ့် ပြန်ပေါင်းရမှာပဲ သားကြီး"

"ဗျာ"

"လူမမယ်ကလေးတွေအတွက်ကြောင့်ပေါ့ သားကြီးရယ်။ မင်း ခုနေ နားမလည်ရင်တောင် တစ်နေ့တော့ နားလည်လာမှာပါ"

ဘာမှ ဖေကြီးကို ခွန်းတုံ့မပြန်တော့ပေမယ့် အမုန်းရင်ထဲမှာတော့ စောစောက ဆုံးဖြတ်ထားသည့်အတိုင်းသာ။ တစ်ယောက်မှစလို့ အားလုံးကို ခြုံငုံပြီး မိန်းမတွေဆို မုန်းပါ၏။

♥♥♥





# အခန်း (၃)

မြင့်မြင့်ကြည် မရှိကတည်းက အိမ်မှာအငယ်ဆုံး သီဟလေးကစ သူ့တာဝန်သူယူလို့ အလုပ်ကိုယ်စီနှင့်ပါ။ ဦးစန်းကြိုင်က ဆိုက်ကားနင်းထွက်ရင် အမုန်းက မနက် ပန်းရောင်း၊ ပန်းရောင်းပြီးတာနှင့် ဘယ်သူပဲ ဘာခိုင်းခိုင်း ရပ်ကွက်ထဲကလူတွေခိုင်းသမျှ ကြုံရာ အကုန်လုပ်တာ ရိုးသားခြင်းနဲ့ ငွေရှာတာပဲလေ။

သူရက စံပယ်ပင်တွေ ရေလောင်းတော့ သီဟလေးကပါ သူနိုင်သလောက် ဖလားခွက်ကလေးနဲ့ ရေခပ်လောင်းရှာတာလေ။ မနက်ဆို အစောကြီးကတည်းက ထမင်းချက်ခဲ့ပြီး ဟင်းကတော့ ဈေးရောင်းကပြန်လာမှ ကြုံသလို ဝယ်လာပြီး စားရတာပေါ့။ ငါးပိချက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့စရာတင် ဝယ်စားတဲ့အခါရှိသလို အလုပ်အဆင်ပြေတဲ့နေ့ကျတော့ ဟင်းလေးဘာလေး ဝယ်စားကြသည်လေ။

"အင်း…အင်း"

မနက်အစောကြီး အမုန်းက အိပ်ရာကထတာနှင့် အအိပ်ဆတ်တဲ့ သူရကလည်း နိုးပြီးသားပါ။

"ကိုကြီး"

"ဟေကွာ"

"ထူပေးဦး"

သူရ အစ်ကိုကို ချွဲတာလေ။ လက်ကမ်းပေးပြီး အိပ်ရာက ဆွဲထူနိုင်းလေတော့-

"အိပ်လေကွာ…အစောကြီးရှိသေးတာကို၊ ငါ စံပယ်ပန်းခူးဦးမှာ…မင်းအလုပ် ဘာရှိလို့လဲ…ဆက်အိပ်"

"ကိုကြီးက ထမင်းချက်ရဦးမှာလေ…ညီ စံပယ်ပန်းခူးမှာပေါ့"

"မင်းပဲ အိပ်ရေးပျက်ခံပြီးတော့ကွာ…ငါပဲ လုပ်ပါ့မယ်…ပြန်အိပ်"

အမုန်းက ဆွဲမထူသည့်အပြင် စောင်ကို ခေါင်းမြီးခြုံပေးလိုက်တော့ သူရက ပြန်ဆွဲချကာ-

"ညီက ကျောင်းမဖွင့်ခင်ပဲ ကိုကြီးကို ဝိုင်းကူလို့ရမှာ ကိုကြီးရ။ ကိုကြီး အလုပ်စောစောသွားလေ ပိုက်ဆံပိုရတာပေါ့။ စံပယ်ပန်းရောင်းတာ ညီ သွားရောင်းမယ်"

"ဘာလို့ရောင်းရမှာလဲ…မရောင်းရဘူး။ ကားတွေ တဝီဝီနဲ့





စိတ်မချပါဘူးကွာ…အပိုတွေမပြောနဲ့…ကလေးက ကလေးလိုနေ"

"ကားရော ဘာဖြစ်လဲ…ညီ ရှောင်တတ်ပါတယ် ကိုကြီးရ။ လမ်းလည်းကူးတတ်တယ်"

"ဟေ့ကောင်"

အမုန်း စိတ်တိုစွာ အော်လိုက်မိ၏။ မလုပ်စေချင်ကာမှ တော်တော်လုပ်ချင်နေတယ်လို့လေ။ ကိုယ်တွေမှာ အမေမရှိတော့ ဒီကလေးတွေရဲ့ ဘယ်လိုအန္တရာယ်မျိုးဖြစ်စေ ဖေကြီးနဲ့အတူ ကိုယ်ကပဲ တားဆီးကာကွယ်ပေးရမှာပါ။

"မင်း အေးအေးဆေးဆေးနေနော် သူရ… ငါမသိဘဲ မင်း ထင်ရာလျှောက်လုပ်လို့ကတော့ အသေပဲ"

"ကိုကြီးကလဲ"

"ဘာလဲ"

"ဘာမှမဟုတ်ဘူး…မျက်နှာသစ်ပြီး ပန်းသွားခူးမယ်"

ပြောရင်း သူရ လှုးလဲထလေတော့-

"သားလည်းလိုက်မယ်"

"ဟင်"

ဘယ်အချိန်က နိုးနေသည်မသိသော သီဟကလည်း အတင်း ထထိုင်လေ၏။ သူလည်း နိုးနေပြီး ကိုကြီးနဲ့ကိုလေး ပြောတာတွေကို နားထောင်နေတာပါ။

"လာပြန်ပြီတစ်ကောင်"

ပြောသာပြောရတယ်။ ဒီညီတွေက အလိုက်သိတတ်တာလို ပြောရမလား၊ အကျိုးပေးတယ်လို့ပဲ ပြောရမလား၊ မကြီးရှိနှုန်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ မုန့်ပူဆာတတ်ကြပေမယ့် အခု လုံးဝ မပူဆာကြတော့ပေ။ မိုးလင်းတာနဲ့ ထမင်းပူလေး ဆီဆမ်းဆားဖြူးကျွေးလည်း စားကြတာပါပဲ။

ဒါကြောင့်...

အမုန်း သနားလွန်းလို့ အလုပ်အဆင်ပြေတဲ့နေ့ဆို မုန့်လေးဘာလေး ဝယ်လာတတ်သည်။ ဖေကြီးကလည်း အဆင်ပြေရင် ဝယ်လာတာပါပဲ။ အဲဒါမှပဲ သူတို့ခမျာ စားရရှာတာပါ။

"ဘာလုပ်ရအောင်လဲ ပြန်အိပ်"

"သားမှ မအိပ်ချင်တော့တာ"

"ညီလေး...လာ..ကိုလေးနဲ့သွားမယ်"

"ဟာ...ဟော့ကောင်တွေ"

ပြောမရ ဆိုမရနှင့် သူရက သီဟလက်ကို ဆွဲခေါ်သွားလေတော့၏။ ကိုယ့်ထက်တောင် ဝီရိယကောင်းနေကြပါလား။ နေပါစေတော့ဟု သူလည်းထကာ ထမင်းချက်ဖို့ လုပ်ရလေတော့၏။ အမုန်း ပလုတ်အရင်ကျင်းပြီးမှ မီးမွှေးကာ ထမင်းအိုးတည်ရလေသည်။ ထမင်းအိုးတည်ရင်းနဲ့ကျမှ သေသေချာချာ သွားတိုက်မျက်နှာသစ်ရလေ၏။

ဖေကြီးက အိပ်နေတုန်းပဲပေါ့။

ဖေကြီးက မေကြီးထက် အသက်ကြီးတာမှ ၁၇ နှစ်လောက်ပိုကြီးတာလေ။ အခု အသက်က ၆၀ ဆိုတော့ ဒီအလုပ်တွေ တကယ်ဆို မလုပ်သင့်တော့ပါဘူး။ ဆိုက်ကားနင်းရတာ သက်သာတာမှတ်လို့။ ကျန်းမာရေးကောင်းနေတာကိုပဲ ကျေးဇူးတင်ရဦးမှာပါ။ ဖေကြီးက ဖခင်ကောင်း ပီသတဲ့သူပါပဲ။





အမုန်းတို့ငယ်ငယ်လေးကတည်းက...

မငတ်အောင် ရှာဖွေကျွေးမွေးလာခဲ့တာ။ ဖခင်ရင်းနဲ့မခြားဘဲ့ အမုန်းရင်ထဲမှာ ဖေကြီးကသာ အဖေရင်းလို့ သတ်မှတ်ထားခဲ့တာ။ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ပေ။

"သားကြီး"

"ဗျာ...ဖေကြီး နိုးပြီလား"

"အေး...နိုးနေတာကြာပြီကွ။ ပြန်အိပ်တော့ အိပ်လို့မရပါဘူးကွာ။ ထတုန်းကတော့ အပေါ့သွားချင်လို့ ထတာပါ"

"ဪ..."

အိပ်ပျော်နေတုန်း မေ့သွားပေမယ့် နိုးလာတဲ့အခါကျတော့ တောင်တွေးမြောက်တွေး တွေးနေမှာပေါ့။

"ဖေကြီး အဲဒီမှာနေလေ...သွားတိုက်ဖို့ ကျွန်တော် ယူလာပေးမယ်"

"ရပါတယ်...သား လုပ်စရာရှိတာသာလုပ်"

ပြောပြီး ဦးစန်းကြိုင် ကိုယ်လုပ်စရာရှိတာလုပ်သလို အမုန်းကလည်း ထမင်းအိုးငှဲ့ ဘာညာလုပ်ရသည်ပေါ့။

"သားကြီး"

"ဗျာ"

"ထမင်းအိုးကျပြီလားကွ"

"နပ်ထားတုန်း အဖေ...ခဏလေး...နပ်တော့မှာပါ"

"အေး...နပ်ရင် အဖေ စားမယ်ကွာ။ ဒီနေ့ အဖေ စောစောသွားရမယ်ကွ။ မုန့်ဟင်းခါးသည် စောညိုက ဒီနေ့ အဖေ့ကို လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ခေါ်ထားတယ်''

''ပဲပြုတ်သည် မလာသေးဘူးလေ အဖေရဲ့။ အဖေ ဘာနဲ့ စားမှာလဲ''

''ဆီဆမ်းဆားဖြူး စားတာပေါ့ကွာ။ ပဲပြုတ်သည်စောင့်နေရင် နောက်ကျနေမှာစိုးလို့ပါ''

''ဟုတ်ကဲ့...အဖေ''

အမုန်း ထမင်းအိုးနပ်တာနှင့် ဖေကြီးအတွက် ထမင်းပူပူကို ဆီဆမ်းဆားဖြူးပေးလိုက်သည်။ ကလေးတွေအတွက်ကတော့ ပဲပြုတ်သည်စောင့်ရဦးမှာပေါ့။ သူတို့မှာ မေကြီးမရှိမှ ပဲပြုတ်ကလေးတောင် မစားရတာမျိုးတော့ မဖြစ်စေချင်။ အမုန်း ကြိုးစားရမယ်။ ညီတွေကို မေကြီးရှိတုန်းကထက် သာအောင်ထားနိုင်ဖို့ ကြိုးစားရမည်သာ။

''ကိုကြီး''

''ဟေ''

''ဒီနေ့ စံပယ်ပန်းတွေပွင့်တာ အများကြီးပဲ ကိုကြီးရ''

''ဟုတ်လား''

''ဟုတ်တယ်...ဒီမှာကြည့်''

''သားမှာလည်း အများကြီးပဲ''

သူရက စံပယ်ပန်းတွေပြတော့ သီဟကလည်း အားကျမခံ သူ့ဖလားခွက်ထဲက ပန်းတွေကို ပြလေသည်။ ဟုတ်ပါရဲ့...ပန်းတွေက အများကြီးပါပဲ။ သြော်...ကိုယ်လည်း သူတို့လို အပူအပင်ကင်းတဲ့ ကလေးဘဝကို ပြန်ရချင်လိုက်တာ။

''ကဲ...ပေး...ပန်းတွေသီရအောင်''





''ကိုကြီး''

''ဟေ''

''ဒီနေ့ ပန်းတွေ ညီပဲ သွားရောင်းမယ်နော်။ သီဟကို ကိုကြီး ခေါ်သွား''

''မသွားရဘူးလို့ ငါ ပြောထားတယ်လေ။ အိမ်မှာပဲ ကလေးနဲ့ နေ''

အမုန်းစကားကြောင့် သူရ နှုတ်ခမ်းလေးစူသွားလေ၏။ ကိုယ့်အိမ်အကြောင်း ကိုယ်သိနေတော့ သူလည်း နိုင်ရာတာဝန်ထမ်းချင်တာပေါ့လေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"အမုန်းရေ"

"ရှာ"

"အဲဒီကပြီးရင် အန်တီတို့အိမ်ကို လာခဲ့ပါဦးကွယ်။ အိမ်ခေါင်းရင်းက ဗာဒံပင်က အိမ်ဘက်ကို တော်တော်ကိုင်းကျနေတာ…အဲဒါ လာခုတ်ပေးပါဦးနော်"

"ဟုတ်ကဲ့…အန်တီ…ဒီအိမ်က ဆန်အိတ်လေး ဈေးထဲမှာ သွားထမ်းပေးပြီးရင် လာခဲ့ပါ့မယ်"

"အေး…အေး…ဒါဆို အန်တီ သွားမယ်နော်"

"ဟုတ်ကဲ့"





ပြောပြီး အမုန်းလည်း ဈေးဘက်သို့ ထွက်ခဲ့တော့၏။ ဒီလိုပါပဲ။ အမုန်းက ရပ်ကွက်ထဲကလူတွေခိုင်းသမျှ ဘာမဆိုလုပ်ပေးပြီး သူတို့ပေးတဲ့ မုန့်ဖိုးလေးတွေနဲ့ စားသောက်နေရသူ။ အိမ်သာပျက်လို့ ပြန်ပြင်ပေးပါဆိုလည်း ပြင်တာပါပဲ။ ရှုံနေလို့ မဖြစ်ဘူးလေ။ အဓိကလိုအပ်နေတာက ဝမ်းစာ။

ဝမ်းစာအတွက် ဂုဏ်ရှိရှိနဲ့ ရိုးရိုးသားသား ရှာဖွေစားသောက်ရတာပဲလေ။ လူ့ဘဝဆိုတာ ခြေဖဝါးလို အမြဲတမ်း မှောက်နေမှာမှ မဟုတ်တာ။ လက်ဖဝါးလို မှောက်ချေပြန်ချေ ရှိနေတာပဲဥစ္စာ။ ကိုယ့်ဘဝပြောင်းလဲလာဖို့အတွက် အမုန်းလည်း ကြိုးစားရမှာပေါ့။

"ဒေါ်ကျင်ရေ…ဆန်အိတ်ရောက်ပြီဗျို့…ဘယ်မှာထားရမှာလဲ"

"သြော်…အဲဒီဈေးဆိုင်ထဲမှာပဲချ အမုန်းရေ…ခဏလေး ငါလာပြီ"

အမုန်း ဆန်အိတ်ကိုချပြီး အမောဖြေနေစဉ်မှာပဲ ဒေါ်ကျင်က ရောက်လာပြီး ၅၀၀ တန်လေးကို ကမ်းပေးကာ-

"ရော့…အမုန်း နင့်ကိုသနားလို့ ၅၀၀ ပေးတာနော်။ ဆိုက်ကားနဲ့ငှားတင်ရင် တစ်အိတ်မှ ၁၀၀ နဲ့ ၁၅၀ လောက်ပဲရှိတာ။ အခု နင်သယ်တာ သုံးခေါက်ကို ငါက ၅၀၀ ပေးထားတာ"

"ဟုတ်ကဲ့ပါ…ကျေးဇူးတင်ပါတယ် ဒေါ်ကျင်ရယ်။ နောက်လည်း လုပ်စရာရှိရင် ကျွန်တော့်ကိုပဲ ခေါ်ခိုင်းပါနော်"

"အေးပါ"

ဒေါ်ကျင် အိမ်ထဲပြန်ဝင်သွားတော့ အမုန်းလည်း ထွက်လာခဲ့တော့သည်။ သစ်ပင်သွားခုတ်ပေးရဦးမှာလေ။ ပိုက်ဆံရှိတဲ့လူတွေများ



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့သူဆို နိမ်လိုက်တာ။ ကိုယ်က ချွေးနဲ့ရင်းပြီး လုပ်ပေးရတာကျတော့ ထည့်မပြောဘူး။ သူတို့ပေးရတဲ့ ပိုက်ဆံလေးအတွက်ကျတော့ ကျေးဇူးအတင်ခံရအောင် ပြောသွားကြသေးသည်လေ။

အမုန်း…

လက်ထဲက ပိုက်ဆံ ၅၀၀ တန်လေးကို ဖြန့်ကြည့်ပြီး ကိုယ့်ဘဝကိုယ် နာကြည်းလိုက်တာ။ မြေနိမ့်ရာလှံစိုက်၊ ရေနစ်သူ ဝါးကူထိုး ဆိုတဲ့စကားတွေက မှန်လိုက်တာ။

“အမုန်းရေ”

“ဗျာ”

“အန်တီ အဲဒီအပင်ကို တစ်ဆစ်ချင်း ခုတ်ချပြီး အရင်းကနေ လှဲပစ်ချင်တယ်ကွယ်။ တစ်ခါတည်းလှဲရင် အိမ်ဘက်ကို လဲမှာစိုးလို့ ဖြစ်မလား”

“ဟုတ်…ဖြစ်ပါတယ် အန်တီ”

“အေး…အဲဒါဆို အန်တီ စိတ်ချမယ်နော်။ သေသေချာချာ လုပ်…အန်တီ မင်းကို ငါးထောင် ပေးပါ့မယ်”

“ဗျာ”

အန်တီကြီး ပြောပြီး ပြန်လှည့်သွားတော့ အမုန်း ဝမ်းသာလွန်းလို့ ရင်ထဲမှာ လှိုက်ခုန်ပူနွေးနေလျက်ပါ။ ဒီလို တစ်ခါတည်းနဲ့ ငါးထောင်ရမယ့်အလုပ် အမုန်း တစ်ခါမှ မလုပ်ဖူးသေးပါဘူး။ ဝမ်းသာအားရနှင့် ဓားထောင်ပြီး သစ်ပင်ပေါ်သို့တက်ကာ-

“ဒုတ်…ဒုတ်”

“……….”





“ဒုတ်…ဒုတ်”

“ဝုန်း”

အိမ်ရှင်အန်တီကြီး စိတ်တိုင်းကျ အမုန်း သစ်ပင်ကို တစ်ဆစ်ချင်းပိုင်းချပြီး နောက်ဆုံး အရင်းကနေ ခုတ်ဖြတ်လှဲပေးလိုက်သည်လေ၊။ သစ်ပင်က သိပ်မကြီးတော့ နေ့လယ်စာ စားချိန်လောက်မှာ အားလုံး ရှင်းလင်းပြီးသွားပြီ။

“အမုန်း…ရော့”

အန်တီကြီးက ပိုက်ဆံငါးထောင် ထုတ်ပေးတော့ အမုန်း ပျော်လိုက်တာ။

“ထမင်းစားသွားဦးနော် အမုန်း…အန်တီ ဝက်သားချက်ထားတယ်လေ”

အမုန်း တွေကနဲ ဖြစ်သွားလေ၏။ ဟင်းကောင်းတယ်ဆိုပြီး ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် စားသွားလို့ရပေမယ့် အမုန်း ဘယ်လို မျိုကျပါ့မလဲ။ ကိုယ့်ညီလေးတွေက ရှိသေးသည်လေ။ ကိုယ်က စားပြီး ကိုယ့်ညီလေးတွေ မစားရတဲ့အဖြစ်မျိုး အမုန်း မခံစားနိုင်။ အေးအတူ ပူအမျှပဲပေါ့။

“နေပါစေ အန်တီ၊ ကျွန်တော် မစားတော့ပါဘူး”

“ဘာဖြစ်လို့လဲ အမုန်းရဲ့”

“ကျွန်တော့်ညီလေးတွေ မျှော်နေမှာစိုးလို့ပါ အန်တီ၊ ပြီးတော့ အန်တီကျွေးလို့ ကျွန်တော်က အကောင်းစားပြီး ကျွန်တော့်ညီလေးတွေက ဖြစ်သလိုစားရမှာ ကျွန်တော် မျိုလို့မကျလို့ပါ”

“သြော်…အမုန်းရယ်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန်းသန်းဆင့် သက်ပြင်းချပြီး ဘယ်လိုမှ မနေစိမ့်နိုင်တော့ပေ။ သားသမီးချင်း ကိုယ်ချင်းစာစွာဖြင့်-

''နင့်စိတ်မာတ်ကို ငါ လေးစားပါတယ် အမုန်းရယ်။ ကလေးတွေအတွက် နင်ရှိနေလို့ တော်သေးတာပေါ့။ ကဲပါ… နင်မစားရင် နင့်ညီတွေပါ စားလို့ရအောင် ငါ ပါဆယ်နဲ့ထည့်ပေးလိုက်ပါ့မယ်''

''ဟာ…မဟုတ်တာ…နေပါစေ''

''ကဲ…ယူမှာသာ ယူသွားစမ်းပါဟယ်''

ဒေါ်သန်းသန်းဆင့် အမုန်းကိုကြည့်ပြီး သနားတာနှင့် ဟင်းအိုးထဲက ဝက်သားတွေကို တစ်ဝက်ခွဲခပ်ပြီး ပါဆယ်အိတ်နှင့် ထည့်ပေးလိုက်၏။ မိဘမကောင်းတော့ သားလေးတွေခမျာ ဘဝအတွက် ရုန်းကန်နေရတာ မသက်သာ။ ဒီလိုမိခင်မျိုးကျတော့ ဘယ်လိုအမွှန်းတင်ရေးဖွဲ့သီကျူးကြမလဲနော်။

''ရှေ့…အမုန်း''

''ကျေးဇူးပါပဲ အန်တီရယ်…နောက်လည်း ခိုင်းစရာရှိရင် ကျွန်တော့်ကိုပဲ ခေါ်ခိုင်းပါနော်''

''အေးပါ…အေးပါ''

နှုတ်ဆက်ပြီး ထွက်လာခဲ့တော့ အမုန်း ပျော်လိုက်တာ။ ဟင်းတွေက အများကြီးပဲလေ။ အန်တီသန်းတစ်ယောက် ကျန်းမာချမ်းသာပြီး ဒီထက် စီးပွားတွေ တိုးတက်ပါစေ။

အပျော်တွေနှင့် ပြန်လာတဲ့ အမုန်း။

အိမ်ကို ပြန်ရောက်တော့မှပဲ…





''သူရ…သီဟ''

''……………''

''သူရရေ…သီဟ''

''ကိုကြီး''

သူရ ကသောကမျောနှင့် ပြေးထွက်လာတာမြင်လေတော့-

''ဟော့ကောင် ဘယ်လိုဖြစ်လာတာလဲ''

''သီဟ ဖျားနေတယ် ကိုကြီး''

''ဟင်''

''ကိုယ်တွေလည်း အရမ်းပူနေတယ်''

''ဟုတ်လား''

''ဟုတ်''

''ဒါဆို…ရော့…မင်း ဒါ သိမ်းထားလိုက်''

အမုန်း ဟင်းအိတ်ကို သူရလက်ထဲသို့ ထိုးထည့်ပေးခဲ့ပြီး သီဟဆီသို့လာခဲ့ရာ နဖူးကို စမ်းကြည့်လိုက်တော့-

''ဟာ…''

''အင်း…ဟင်း…ဟင်း''

''ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေတာပဲ။ ညီလေး…သီဟ…ညီလေး''

''အား…ဟင်း…ဟင်း''

''သီဟ…သီဟ''

''ဟီး''

''ကျွတ်…ဒီအတိုင်းထားလို့ မဖြစ်သေးပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ပိုက်ဆံကို အမုန်း ဖြန့်ကြည့်လိုက်တော့ အားလုံး ငါးထောင့်ခုနစ်ရာပါ။ ဒီပိုက်ဆံလေးနဲ့ ဆေးခန်းသွားရမှာပဲဟု အမုန်း သီဟကိုယ်ပေါ်က စောင်ကိုခွာပြီး သီဟကို ပွေ့ချီလာခဲ့တော့သည်။ စုထားတဲ့ ပိုက်ဆံလေးတွေရှိပေမယ့် ဗူးထဲမှာဆိုတော့ မယူတော့ပါဘူးလေ။

ဟိုရောက်မှ…

ပါတဲ့ပိုက်ဆံမလောက်ရင် အသနားစာခံရမှာပဲပေါ့။

"ကိုကြီး…ဘယ်သွားမလို့လဲ"

"သီဟကို ဆေးခန်းသွားပြရမှာပေါ့"

"ညီလည်း လိုက်မယ်"

"မင်းက ဘာလိုက်လုပ်မှာလဲ"

"ဟိုရောက်လို့ ကိုကြီး ခိုင်းချင်တာရှိရင် ခိုင်းလို့ရတာပေါ့"

အမုန်း တွေကနဲ ဖြစ်သွားလေ၏။ ခိုင်းဖို့ဆိုတာထက် အရေးကြုံလာရင် တိုင်ပင်ဖော်တိုင်ပင်ဖက်ရတယ်ဆိုပြီး-

"ကဲ…လိုက်ခဲ့ကွာ"

ညီအစ်ကိုတွေ ဆေးခန်းသို့ ပြေးခဲ့ကြတော့ သီဟက တဟင်းဟင်း ညည်းတွားရင်း လုံးဝ မျက်လုံးမဖွင့်ပေ။ စိုးရိမ်စိတ်ကြောင့် အမုန်း ရင်တွေပူလောင်လိုက်တာ။ မေကြီးရော အိမ်ပြန်ရောက်လို့ တစ်ယောက်မှမတွေ့ရင် စိတ်ပူနေမလား။ မတာတ်နိုင်ဘူးလေ။ လောလောဆယ်အဖို့မှာ သီဟက အရေးကြီးနေတာပဲဥစ္စာ။

ရင်ခွင်ထဲက သီဟမျက်နှာကို ငုံ့ကြည့်ပြီး…

အမုန်းရင်ထဲမှာ တဆစ်ဆစ်နဲ့ နာကျင်လာသည်။ မေကြီး…





မေကြီးသာရှိရင် ဒါ မေကြီးရဲ့တာဝန်တွေပဲပေါ့။ ဒီတာဝန်တွေကြီးလေးလို့ အမုန်း စိတ်နာတာမဟုတ်ပါဘူး။ မိခင်စိတ်မရှိလို့ စိတ်နာတာ။ အခုချိန်မှာတော့ သူ ပျော်နေမှာပေါ့။

"သားတို့မှာ မိဘမရှိဘူးလားကွယ်"

ဆရာဝန်မက မေးလေတော့-

"ဖေကြီးတော့ ရှိပါတယ် ဆရာမ…အမေ မရှိတာပါ။ အခု ဖေကြီးက ဆိုက်ကားနင်းထွက်နေလို့ ညီလေး ခုလိုဖြစ်တာကို မသိပါဘူးခင်ဗျာ"

"သြော်"

"ဆေးဖိုးဝါးခ ဘယ်လောက်ကျလဲမသိဘူး ဆရာမ"

ဒေါ်သီတာခိုင် သီဟလေးပါးပြင်ကို သူမလက်ဖဝါးလေးနှင့် ပွတ်သပ်ပေးပြီး-

"မပေးပါနဲ့ သားရယ်…ဆရာမ ကူညီတာပါ။ နောက်နေ့ ပြန်လာခဲ့ဦးနော်"

"မဟုတ်တာ ဆရာမရယ်…ဆေးဖိုးယူပါ"

"မယူပါရစေနဲ့ သားရယ်…သားတို့မှာ အမေမရှိဘူးဆိုတော့ ကလေးကို ဆရာမ သနားလို့ပါ။ ဆရာမက မိန်းမဆိုတော့ မိခင်စိတ်နဲ့ သားတို့ကို ကိုယ်ချင်းစာတာပါ။ ဒီကလေး မကောင်းမချင်း ဆရာမ ကူညီပါရစေ။ နောက်နေ့တွေလည်း လာခဲ့နော်။ ဆရာမကို အားမနာပါနဲ့…ကလေးရဲ့ကျန်းမာရေးက အဓိကပဲလေ"

"ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ် ဆရာမရယ်"

ပြောရင်း အမုန်းရင်ထဲမှာ ဆို့တက်လာကာ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝဲလာမိအေး မကြီးမှာသာ အဲဒီလိုမိခင်စိတ်ရှိရင် ဘယ်လောက်များ ကောင်းလိုက်ပါ့မလဲလို့ စဉ်းစားမိသွားတာပါ။ ခုတော့ မိခင်စိတ်မရှိ အပျော်အပါးမက်တဲ့ မိခင်တစ်ယောက်ကြောင့် သူတို့ဘဝတွေ ကစဉ့် ကလျား ဖြစ်ခဲ့ရတာလေ။ တွေးမိတိုင်း မေကြီးကို နာကျင်ပြီး ဖေကြီး ကိုတော့ ပိုချစ်ပါသည်။

အမုန်းတို့ငယ်ငယ်တုန်းက…

ဖေကြီးပဲ ရှာဖွေကျွေးမွေးလာခဲ့တာ။ ဖေကြီးက ဖခင်စိတ် အပြည့်ရှိပြီး ဖခင်ကောင်းပီသတဲ့လူပါ။

"ဒါဆို ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဆရာမ"

"ကောင်းပါပြီကွယ်"

အမုန်းတို့ ဆရာမကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည့်နောက် အတွေးတွေက ခေါင်းထဲမှာ တစ်မျိုးပြီးတစ်မျိုးပါ။ သူများတွေမှာ ဆင်းရဲကြသည့်တိုင် ကိုယ်တွေနဲ့ရွယ်တူမှန်သမျှ အားလုံး မိဘမေတ္တာ ရိပ်အောက်မှာ လုံခြုံနွေးထွေးနေကြသည်လေ။ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်။

ကိုယ်တွေမှာတော့…

ကံကြမ္မာငြိုးသမျှ မရိုးရအောင် ခံစားရတဲ့ ခံစားချက်တွေက ရင်ဘတ်နဲ့တောင် ဆံ့မှာမဟုတ်တော့ပါဘူး။

"ကိုကြီး"

"ဟင်"

"ဆရာမက ပိုက်ဆံမယူလို့ တော်သေးတယ်နော်။ မဟုတ်ရင် ကိုကြီး ပင်ပင်ပန်းပန်းနဲ့ ရှာလာတာလေးကုန်မှာ"





"ဒါပေါ့ ညီရာ…ဆရာမက မိခင်စိတ်ရှိတာကိုး"

"ဟုတ်တယ်နော်…ညီတို့မှာ အဲလိုအမေမျိုးရှိရင် သိပ်ကောင်းမှာပဲ"

အမုန်း…သူရစကားကြောင့် ခြေလှမ်းတွေ ရပ်တန့်မိသွားသည်။ အမေရှိပြီး အမေ့မေတ္တာ ငတ်ခဲ့ရတာ ဟိုတုန်းက။ အခုကျ တော့ အမေမရှိသလို မေတ္တာဆိုတာ ဝေးစွ…အကြင်နာနဲ့ ဖေးမစရာ လက်တစ်စုံမပါခဲ့သည့်အတိုင်း…

မေတ္တာလှိုင်းမခတ်တဲ့ ကမ်းစပ်မှာ…

တို့တွေ…

နေပူပူ မိုးရွာရွာ ကိုယ့်အားကိုယ်ကိုးပြီးသာ ဖြစ်လာသမျှကို လက်တွဲဖြေရှင်းကြပါစို့ ညီရယ်…။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"မေမေ"

"ဟင်"

ဆေးခန်းသွားကာနီး ဖိနပ်စီးနေစဉ် သမီးက နောက်မှလိုက်လာပြီး ခါးကိုဖက်ကာ ခေါ်လိုက်သဖြင့်-

"ဘာလဲ…သမီးရဲ့"

"အိမ်မှာ သမီးတစ်ယောက်တည်းနေရတာ ပျင်းစရာကြီး။ မေမေကလေ ဘာလို့ သမီးတစ်ယောက်တည်း မွေးထားရတယ်မသိဘူး။ မွေးလို့ရရင် သမီးအတွက် မောင်လေးတစ်ယောက်လောက် ထပ်မွေးပေးပါလားဟင်"





"ဩော်…သမီးရယ်…မေမေတို့က သမီးတစ်ယောက်တည်းကိုပဲ စုပုံပြီးချစ်ချင်လို့ နောက်ထပ် မမွေးခဲ့တာပေါ့"

"သမီးတစ်ယောက်တည်းကို မချစ်ရင်နေပါ။ တစ်ယောက်တည်းတော့ အထီးကျန်တယ် မေမေရဲ့…မောင်လေးတစ်ယောက်လောက် ထပ်မွေးပါ မေမေရယ်…နော်"

ဒေါ်သီတာနိုင် သက်ပြင်းချမိလိုက်၏။ တစ်ယောက်တည်းမွေးခဲ့မိတာပဲ ကိုယ့်အပြစ် ဖြစ်နေပြီလား။ ကိုယ်ကတော့ ဒီသမီးလေးတစ်ယောက်ကိုပဲ စုပုံချစ်ချင်လို့ နောက်ထပ် မမွေးခဲ့တာလေ။

ခုတော့…

"နောက်ထပ် မေမေက မွေးလို့မှမရတော့တာ သမီးရဲ့။ ပူစရာမဟုတ်တာကို ပူဆာမနေစမ်းပါနဲ့ကွယ်။ ဖယ်…ဖယ်…မေမေဆေးခန်းသွားတော့မယ်"

"အဟင့်"

ငိုတာမဟုတ်တဲ့ ငိုတော့မလို အသံပေးပြီး ချွဲနေတဲ့ သမီးလက်ကို ဖယ်ချလိုက်တော့-

"ဒါဆို သမီးပါ ဆေးခန်းလိုက်မယ်"

"သမီး"

"မရဘူး…လိုက်မှာပဲ"

သမီးက ဇွတ်တရွတ်ဖြစ်နေတာမို့-

"ကဲ…သဘော…သဘော…သမီး စိတ်တိုင်းကျပဲ"

"ဝေး…ဟေး"

ထာဝရတွယ်တာ လက်ခုပ်ကလေးတီးကာ အော်လေ၏။ ငြိ



www.burmeseclassic.com

www.burmeseclassic.com



မိခင်အရင် ကားဆီသို့ ပြေးသွားပြီး တက်ထိုင်လိုက်သည်။ သူများတွေက တစ်ဦးတည်းသော သားသမီးဘဝကို နှစ်မြို့ကဲဂုဏ်ယူစွာ လက်မထောင်တတ်ကြသည်လေ။ ထုဘဝရကတော့ အဲလိုတစ်ကိုယ်ကောင်းမဆန်ပါဘူး။

မောင်လေး၊ ညီမလေးတွေနဲ့…

တပျော်တပါးကြီး နေချင်သည်။ ကိုယ်က မဆိုးမနွဲ့ရရင် နေပါစေ။ ကိုယ့်ထက်အငယ်တွေ ဆိုးနွဲ့တာကို ခံချင်သည်လေ။ သူများကလေးတွေမြင်ရင် ထာဝရမှာ မုန့်ဝယ်ကျွေးပြီး ချီရပွေ့ရ နမ်းရတာအမောပါပဲ။ ကိုယ်ပိုင်တာမဟုတ်တော့ စိတ်ရှိသလောက် ချစ်ခွင့်မရဘူးလေ။

"ဟင်"

"မေမေ မွေးလို့မရတော့ရင် မိဘမဲ့ဂေဟာမှာပဲဖြစ်ဖြစ် ချစ်စရာကောင်းတဲ့ မောင်လေးတစ်ယောက်လောက် သမီးအတွက် မွေးစားလိုက်ပါလား"

"သမီးရယ်"

ပြောပုံကလွယ်လိုက်တာ။ ကိုယ့်ရင်မှာလွယ်ပြီး မွေးဖွားတဲ့သားသမီးတောင်မှ မိဘက အပင်ကောင်းပျိုးပေမယ့် အချိန်တန်ရင် ဘယ်အသီး သီးပြီး ဘယ်ခရီးကို လျှောက်ကြမှန်းမသိတာ။ ကိုယ်က ချိုစေပေမယ့် ခါးတက်နေကြတဲ့ အကျင့်စရိုက်တွေ။ ကိုယ်က မွှေးစေချင်ပေမယ့် သေးသွားတဲ့အပွင့်တွေ ကိုယ့်မျက်စိရှေ့မှာ အထွေထွေမြင်နေရတော့…

ဘာမှန်းညာမှန်းမသိရတဲ့ သူများသားသမီးကို မွေးစားဖို့ဆိုတာ





ပြောသလောက်လွယ်ပါ့မလား။ ပြီးတော့ ကိုယ်က တာဝန်တွေကြားမှာ မအားလပ်နိုင်တော့ ပန်းကိုပျိုးပြီး အပင်ကို ပိုးထိုးတာမှ သေတ်သင်နိုင်ရင် ဥယျာဉ်မှူး မပီသတော့ဘူးလေ။ ဒါကြောင့် ကိုယ်တောင် သမီးကလွဲပြီး နောက်ထပ် ရင်သွေးမယူခဲ့တာ ကိုယ့်ဘက်က တာဝန်မကျေမှာစိုးလို့ပါ။

"နော်…မေမေ"

"ပူဆာစရာမဟုတ်တာကို ကြံဖန်ပြီး ပူဆာမနေစမ်းပါနဲ့ သမီးရယ်…သူများအပင်ကို ခိုးပြီး ကိုယ့်ဥယျာဉ်ထဲမှာ ပျိုးတဲ့အလုပ်က လွယ်တာမှမဟုတ်တာ"

"ဘာဖြစ်လဲ မေမေရယ်…ကိုယ်က ပျိုးတတ်ရင် အဖိုးကခုတ်ချက်ပေးလို့မရအောင်တောင် တန်ဖိုးရှိပါတယ်။ သစ်ပင်တွေတောင်မှ တစ်ပင်တည်းရှိနေရင် လေတိုက်တဲ့အခါ လဲတာပဲလေ။ အဖော်ရှိလို့တစ်ပင်ကိုတစ်ပင်ယှက်က အန္တရာယ်ကို ကာကွယ်နိုင်တာမဟုတ်လား။ အခု သမီးဘဝက အရမ်းအထီးကျန်ဆန်လွန်းတယ်"

"မာမာအေးသီချင်းထဲက စာသားတွေ မေမေ့ကို ရွတ်ပြနေတာလား သမီး"

"ပြောပြတာပါ"

အင်း…ဒီလိုကျတော့ ဟုတ်နေပြန်ပါရောလား။ သမီးရဲ့စကားကြောင့် ဒေါ်သီတာခိုင် ရင်ထဲမှာ သမီးကို သနားစိတ်ကလေးဝင်သွားမိ၏။ အဖေရော အမေရောက ဆရာဝန်တွေဆိုတော့ တာဝန်တွေကိုယ်စီနဲ့ သူ့ကို ဂရုမစိုက်နိုင်။ သူ့ခမျာ ကျောင်းတက်နေတုန်းကတော့အပေါင်းအဖော်တွေနဲ့မို့ တော်သေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခု…

ဆယ်တန်းဖြေပြီး ကျောင်းပိတ်ထားတော့ အိမ်မှာ ငေါင်နေမှာပေါ့လေ။ ဘယ်လိုလုပ်ပေးရင်ကောင်းမလဲ။ အတွေးတွေများရင်းပဲ ဆေးခန်းကိုရောက်လာတော့ ကားပေါ်ကဆင်းပြီး ဆေးခန်းထဲကို ဝင်လိုက်တာနှင့်-

"ဆရာမ"

"ဟင်"

"ကယ်ပါဦး ဆရာမရယ်…ကျွန်တော့်ညီလေးကို ကယ်ပါဦးဗျာ"

"ဘာ…ဘာဖြစ်ပြန်ပြီလဲ"

"မသိဘူး ဆရာမ…ကလေးဆိုတော့ မေးလည်းမပြောတတ်ဘူးဗျာ။ တအင်းအင်းညည်းရင်း ခေါ်လို့ကို မရတော့တာ"

"ဒါဆို…လာ…ခုတင်ပေါ်တင်လိုက်"

အမုန်း သီဟလေးကို ခုတင်ပေါ်တင်ပေးပြီး ဆရာမက စမ်းသပ်ပေးပြီးနောက်-

"ကလေးက ဆေးရုံတင်မှရမယ် သား"

"ဗျာ"

"သားညီလေးက အသည်းရောင်နေတာကွဲ့…အဲဒါ ဆေးရုံတင်မှဖြစ်မှာ"

အမုန်း ညီလေးလက်ကလေးကို ဆုပ်ကိုင်ပြီး မျက်ရည်ကပေါက်ကနဲ ကျလာလေသည်။ ယောကျ်ားမို့ မျက်ရည်မကျချင်ပါဘူး။ ဒါပေမယ့် ကံကြမ္မာက ရိုက်ပုတ်ပြီး တွတ်ခိုင်းနေတာလေ။ ဆေးရုံ



တက်ရမယ်တဲ့။ သူတို့မှာ ပိုက်ဆံမှမရှိတာ။ ဘယ်လိုလုပ်ရမလဲ။ မေကို အကြောင်းကြားရမလား။

သူကလည်း ယောကျ်ားကြောက်ရတော့ ခက်တာပေါ့။ ဆော်ကြာ ကိုယ်တွေကြောင့် သူတို့လင်မယား ရန်ဖြစ်ကြရင် မကောင်းဘူးပေါ့။

"သား"

"ဗျာ"

"မင်း အချိန်ဆွဲနေလို့တော့ မဖြစ်ဘူးနော်…ကလေးက အရေးကြီးနေတာ။ မင်း တွေဝေနေရင် သူ့အသက်ကို ဆုံးရှုံးသွားလိမ့်မယ်"

စကားပြန်ဖို့ အားမာန်မနည်းသွင်းလိုက်ရပြီး-

"ဆေးရုံတက်ရင် ပိုက်ဆံကုန်မှာ ဆရာမရဲ့…ကျွန်တော်တို့မှာ ပိုက်ဆံမှမရှိတာ"

"ဆရာမလည်း တတ်နိုင်သလောက်တော့ ကူညီပါ့မယ်ကွယ်"

တတ်နိုင်သလောက်ဆိုတာ အစအဆုံးမှ မဟုတ်ပဲလေ။ သူမတတ်နိုင်တဲ့အချိန်မှာ ကိုယ်တွေက ဘာနဲ့ခရီးဆက်ရမလဲ။ ဒီညီလေးကိုလည်း အဆုံးရှုံးမခံနိုင်။ အမုန်း ဘာလုပ်ရမလဲ။

"ဒီမှာ"

"ဟင်"

"အဖြစ်နိုင်ဆုံးနည်းလမ်းကို ပြောမယ်…နင် လက်ခံနိုင်မလား"

ဝင်ပြောလိုက်သူက ဆရာမနှင့် ရုပ်ချင်းခပ်ဆင်ဆင်မို့ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



သမီးပဲ ဖြစ်မှာပါ။ သူ ဘာပြောမှာလဲ။ လက်ခံသင့် မခံသင့်က ကိုယ့်အကြောင်းပဲမို့-

"ပြောကြည့်ပါ"

"မေမေပြောတာ ကလေးက အရမ်းအရေးကြီးနေတာတဲ့။ အဲဒီ တော့ နင့်မှာ ပိုက်ဆံမရှိရင် ပစ်ရတော့မှာပဲလေ။ အဲဒီတော့ ဒီကလေး ကို တို့အပိုင် လိုချင်တယ်…ပေးမလား"

"ဘာ"

ထာဝရ ကလေးလေးက ချစ်ဖို့ကောင်းပြီး သနားလည်း သနား တာကြောင့် ဒီစကားကို ပြောလိုက်တာပါ။ ဟုတ်တယ်လေ…သူတို့ လက်ထဲမှာဆိုရင် ဒီကလေးဘဝ နစ်မွန်းသွားမှာပေါ့။ သေရေးရှင်ရေး ကလည်း မသေချာ။ ဒါကြောင့် ဒီလိုပြောခြင်းအတွက် ရှိင်းတယ် ထင်လည်း မတတ်နိုင်ဘူးပေါ့။

အမုန်းမှာလည်း…

ကောင်မလေး ပြောလိုက်တဲ့စကားကြောင့် ရင်ထဲမှာ စူးရှနာကျင် သွားပြီး လက်တွေပင် တဆတ်ဆတ် တုန်လာသည်အထိ ဆောက်တည်ရာမရနိုင်ပါ။ ပြောတာလွယ်လိုက်တာ။ တောင်းတိုင်း ပေးရအောင် ညီလေးက တစ်ပင်လဲ တစ်ပင်ထူလို့ရတဲ့ သစ်ပင်မှ မဟုတ်တာ။ သစ်ပင်တောင်မှ အကြီးခုတ်ခိုင်းပြီး အပင်ကြီး ပြန်စိုက် လို့မှမရဘဲ။ အပင်ကြီးလှဲရင် အပင်လေးပဲ ပြန်စိုက်လို့ရတာ။

ခုဟာက လူလေ…

"ဒီအချိန်မှာ ကလေးအသက်က အရေးကြီးနေတာနော်။ နင် စဉ်းစားတာကြာလို့တော့ မဖြစ်ဘူး"





"သမီး"

"သမီးကို ခွင့်ပြုပါ မေမေ။ သူပေးမယ်ဆိုရင် သမီး စုထားတဲ့ ပိုက်ဆံနဲ့ သမီး ဒီကလေးကို ရအောင်ကုမယ်။ သေတာရှင်တာက တော့ သူ့ကံပေါ့"

"နင် စကားကို အဲလိုလွယ်လွယ်မပြောပါနဲ့"

"ငါ လွယ်လွယ်မပြောဘူး။ လေးလေးနက်နက်ပြောနေတာ။ နင် စဉ်းစားလေ။ နင် ဒီကလေးကို အသေခံမလား။ အသက်ရှင်လျက် နဲ့ မြင်ချင်တယ်ဆိုရင်တော့ ငွေမရင်းနှီးနိုင်ရင် နှလုံးသားတော့ ရင်းနှီး လိုက်ပေါ့"

"ဟုတ်ပါတယ် သားရယ်…ဒီကလေး အသက်ရှင်ဖို့က အဲဒီကမဟုတ်လား။ အန်တီတို့ဆီမှာရှိနေရင် အချိန်မရွေး လာတွေ့လို့ ရတာပဲဥစ္စာ။ သား…သားညီလေးကို ချစ်တယ်ဆိုရင် သူကောင်းစား တာကို မြင်ချင်ရမှာပေါ့"

သီဟမျက်နှာလေးကို စိုက်ကြည့်ပြီး အမုန်းရင်ထဲမှာ မျက်ရည် ချောင်းစီးနေပါပြီ။ မခွဲနိုင်ပေမယ့် ဒါ ကမ္ဘာမီးလောင်လို့ သားကောင် ကို ချနင်းတာမှမဟုတ်ပဲ။ သူ့အသက်ကိုကယ်ဖို့အတွက် ကိုယ့်နှလုံး သားကို စတေးရမှာဆိုတော့ ညီလေး ကျန်းမာချမ်းသာတဲ့ဘဝကို ရမည်ဆိုလျှင်…

"ညီလေးကို ဆေးရုံအချိန်မီရောက်အောင်ပဲ ပို့ပေးပါတော့ဗျာ"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဆေးရုံမှာ အမုန်းနဲ့သူရ…သီဟာဘေးမှာ မျက်ရည်တစ‌ေ့စ‌ေ့နှင့်လေ။ ထိုင်ကြည့်နေရုံမှအပ ဘာများတတ်နိုင်ပါ့မလဲ။ လောလောဆယ်အဖို့ သီဟ အသက်ရှင်ရေးအတွက် ပေးတော့မလိုလို မတင်မကျလုပ်ထားပေမယ့် လူလိမ်လူညာလို့ပြောရင်လည်း အပြောခံပါ့မယ်။ အခု သူတို့ကုန်ထားတဲ့ ငွေကြေးပမာဏကို အမုန်း မဖြစ်ဖြစ်သလို ရှာဆပ်ဖို့ စိတ်ကူးများနှင့်သာ။

ကိုယ့်ညီလေးကိုတော့ မပေးနိုင်ပါဘူး။

စိတ်တွေလေးလိုက်တာ။ သူတို့ကို ဖေကြီး စိတ်ပူနေမလား။ ပြန်လာလို့ အိမ်မှာမတွေ့ရင်တော့ စိတ်ပူမှာက အမှန်ပါ။ အသက်က





ကြီးနေပြီ။ ကားကြိုကားကြားတွေ လိုက်ရှာနေရင်တော့ ဒုက္ခ။ အင်း…သီဟကို ဆရာမတို့သားအမိက ဂရုစိုက်နေတော့ အိမ်ကိုခဏတော့ပြန်ပြီး ဖေကြီးကို အကျိုးအကြောင်း ပြောပြဦးမှပါ။

"ဆရာမ"

"ဟင်"

"ကျွန်တော်တို့ကို ဖေကြီး စိတ်ပူမှာစိုးလို့ အိမ်ခဏပြန်ပါရစေ။ ညီလေးကို စိတ်ချထားခဲ့ပါရစေနော်"

"ပြန်လေ…ကလေးအတွက် စိတ်ချပါ။ ဆရာမတို့ မွေးရတော့ နာပဲဥစ္စာ…ပစ်မထားပါဘူးကွယ်"

အဲဒီစကားကို ကြားရတိုင်း ရင်ဘတ်ထဲမှာ တစ်ခါနင့်ရ၏။ ဘာမှမပြောတော့ဘဲ သူရလက်ကိုဆွဲ၍ အိမ်သို့ ညီအစ်ကိုတွေ ပြန်ခဲ့ကြစဉ် လမ်းမှာ လူတွေ ရုတ်စီရုတ်စီမြင်လေတော့ ဘာများလဲလို့ သိချင်စိတ် ပြင်းပြသူက သူရပါ။

"ကိုကြီး"

"ဟင်"

"သွားကြည့်ရအောင်"

"ဟာ…ဘာလို့သွားကြည့်ရမှာလဲ…ဒီမှာ ကိုယ့်အကြောင်းနဲ့ကိုယ်တောင် အရေးကြီးနေတာကို"

"ခဏလေးပါ ကိုကြီးရ"

"ကျွတ်"

"လာပါ ကိုကြီးရ…ဘာဖြစ်တာလဲသိရရင် ကျေနပ်ပြီ။ ခဏလေးပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သွားကွာ...သွား"

သူရစိတ်ကို အလိုလိုက်ပြီး လူအုပ်အနားသို့ လျှောက်ခဲ့ကြစဉ် လူတွေရဲ့ဝေဖန်သံအမျိုးမျိုးက-

"သနားပါတယ်ကွာ"

"သနားလည်း ဖြစ်ပြီးသွားတာကို ဘာတတ်နိုင်မှာလဲကွာ။ ဒီနေ့ ဒီအချိန် ဒီလိုဖြစ်ရမယ်လို့ ကံကြမ္မာက သတ်မှတ်ပြီးသားပဲဥစ္စာ။ ကိုယ်က သနားကရုဏာသက်ရုံကလွဲပြီး ဆေးရုံဆေးခန်း ပို့ပေးလို့မှ မရတာ"

"အသက်ကြီးနေပြီဆိုတော့ နမြောစရာတော့ သိပ်မရှိပါဘူး။ ဒီလိုမသေလည်း ဟိုလိုနဲ့ သေရတော့မယ့်အရွယ်ပါ"

လူတွေများ အသက်ချင်းမစာနာ ပြောရက်လိုက်ကြတာ။ အသက်ငယ်တာဖြစ်ဖြစ် အသက်ကြီးတာဖြစ်ဖြစ် အသက်ချင်းက အတူတူပဲလေ။ သူ့မိသားစုအတွက် စဉ်းစားကြည့်ပါ။ သားသမီးများ ရှိရင် သားသမီးတွေအတွက် မိဘဆိုတာ အသက်ငွေ့ငွေ့လေးပဲ ကျန်နေပါစေ တန်ဖိုးမဖြတ်နိုင်တဲ့ လုံခြုံမှုတွေ ပေးစွမ်းနေနိုင်သလိုပါ။

"ဘာဖြစ်တာလဲ"

"မမြင်ဘူးလား..ကားတိုက်ခံရတာလေ"

"ကားသမားကရော"

"တိုက်ပြီး မောင်းပြေးသွားလို့ စုံစမ်းနေကြတုန်းပဲ"

"ကျွတ်...ကျွတ်...သနားပါတယ်"

"ပွဲချင်းပြီးလား"

"ပွဲချင်းပြီးပေါ့"





"သူ့မိသားစုကို ဆက်သွယ်ကြဦးလေ"

"ဟာ...ဘယ်ကမှန်းမှမသိတာ။ လောလောဆယ် ဘယ်လို ဆက်သွယ်လို့ရဦးမှာလဲဗျ"

အမုန်းနဲ့သူရ သေသေချာချာ မြင်ရအောင် ရှေ့သို့တိုးခဲ့ကြသည်။ စောစောက စိတ်မဝင်စားတဲ့ အမုန်း ခုတော့ စိတ်ဝင်စားသွားတာ သွေးထွက်သံယိုဆို ကြည့်ချင်တဲ့ဝါသနာက မစွန့်လွှတ်နိုင်တာလေ။ သူက ဗီဒီယိုကားဆိုလည်း ကြမ်းမှရမ်းမှကြိုက်တာ။ တိုက်ကြခိုက်ကြ လို့ ကြည့်နေတဲ့သူပါပဲ။ ယမ်းနံ့သြော်ရင် သြော်နေပါစေ။ စစ်ကားတွေ ဆို ပိုလို့ကြိုက်သူပါ။

တွေ့ပါပြီ...

သွေးအိုင်ထဲမှာ လဲနေသူကိုလေ။ မျက်နှာကို သေသေချာချာ ကြည့်လိုက်မိတော့-

"ဟင်"

အမုန်းရင်ဘတ်မှာ ချက်ချင်းပဲ မီးခိုးနဲ့ထွက်သွားသလိုပါ။

"ကိုကြီး...ကိုကြီး...ဖေကြီးဗျ"

"ဖေကြီး"

"ဖေကြီး"

"ဟင်"

ဘေးလူတွေ အံ့သြသလို လှချဲပေးကြလေလျှင်-

"ဖေကြီး"

"ကယ်ကြပါဦးဗျာ...ဖေကြီး"

"ဖေကြီးရေ"



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်စလုံး ဖအေဖြစ်သူကို အတင်းပြေးပွေ့ပြီး ငိုကြလေတော့ သူတို့မှာပါ သွေးသံရဲရဲနှင့်ပါ။ ကံကြမ္မာက အဲဒီလောက်အထိ ရက်စက်သလား။ ညီအငယ်ဆုံးက ဆေးရုံမှာ ဖအေက သွေးအိုင်ထဲမှာ အသက်ပျောက်နေပြီ။ ဒီလို တစ်ခုပြီးတစ်ခု ဆက်တိုက် ဒုက္ခရောက်ရခြင်းက ဘယ်သူ့ကြောင့်လဲ။

တရားခံက ဘယ်သူလဲ။

ဟိုးအစပထမကတည်းက ဘယ်သူမကောင်းခဲ့တာလဲ။ အမေဆိုသူ ပစ်ခဲ့ပြီး ဖေကြီးကပဲ ကြက်မကြီးလို သားတွေအပေါ် အတောင်ဖြန့်အုပ်ပြီး နွေးထွေးမှုတွေ ပေးခဲ့တာပါ။

"ဖေကြီး"

"ဖေကြီးရေ...အီး...ဟီး"

"ဖေကြီးရာ...ဖေကြီး သားတို့ကို စိတ်ချထားခဲ့ပြီလားဗျာ"

"သားတို့ကို မေကြီးက ပစ်ထားတယ်။ အခု ဖေကြီးက အပြီးခွဲသွားပြန်ပြီ ကိုကြီး...ဖေကြီးကို ကြည့်ပါဦး ကိုကြီးရဲ့"

"ဖေကြီး"

"ဟော့...အဲဒါ မင်းတို့အဖေလားကွ"

"ဟာ...ခင်ဗျားကလည်း ဒီလောက်ကလေးတောင် မသိဘူးလားဗျ။ သူတို့အဖေမို့လို့ ငိုနေတာပေါ့။ မဟုတ်ရင် ဘယ်သူက မျက်ရည်ညှစ်ချပြီး အားအားယားယားငိုမှာလဲ"

"ဟုတ်သားပဲဟယ်"

"ကလေးတွေမှာ အမေလည်း မရှိဘူးထင်တယ်"

"သနားပါတယ်"





တစ်ယောက်တစ်ပေါက် ပြောဆိုနေသံတွေကို အမှန်းတို့ညီအစ်ကို ဂရုမစိုက်နိုင်ပါဘူး။ ရင်ထဲမှာ မီးတောက်နေပြီလေ။ ဖေကြီးမရှိတာသည် ကိုယ်နေတဲ့အိမ် မီးလောင်သွားတာထက် အဆပေါင်းများစွာ ခိုကိုးရာမဲ့သွားခြင်းပါ။ ဟိုဘဝက ဆုတောင်းမှားခဲ့လို့ထင်ပါရဲ့။ မိအုပ်လျက် ဖအုပ်လျက်နှင့် သူတို့မှာ မကြီးပြင်းရသည့်ဘဝလေ။

"ဖေကြီးရေ"

"ဖေကြီး...အီး...ဟီး...ဟီး"

"ကျွန်တော့်အဖေကို ကယ်ကြပါ...ဖေကြီး တကယ်သေသွားပြီလား။ သေသေချာချာ ကြည့်ပေးကြပါဦးဗျာ...ဖေကြီး မသေရဘူး...ဖေကြီး"

သူတို့အဖြစ်ကိုကြည့်ပြီး ဘေးလူတွေလည်း စိတ်မကောင်းစွာ စုတ်တစ်သတ်သတ်နှင့်ပါ။ သြော်...ဖြစ်ရမယ့်ကံပါလာလို့ ဖြစ်တာကို ဘယ်သူက သနားတယ်ဆိုပြီး လိုက်တားလို့ရမှာပဲလေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

အိမ်လေးထဲမှာ အမုန်းနဲ့သူရ နှစ်ယောက်တည်းပါ။ နောက်
ဘေးအိမ်ကလူတွေလာကြတော့ သူရက ရေနွေးကြမ်းခတ်ဘူး ချပေး
လေသည်။ သူတို့မှာ ဒါလေးနဲ့ပဲ ဧည့်ခံနိုင်တာလေ။

"အမုန်း"

အမုန်း မထူးမိဘဲ မျက်လုံးကသာ ကြည့်မိလေလျှင်-

"မနက်က ငါ့ဆီကို ဓါါသိတာနိုင်ဆိုတဲ့ ခာရာဝန်မ လာသွား
တယ်ကွ။ ဒီမှာ မင်းတို့လိုအပ်တဲ့နေရာမှာသုံးဖို့ခိုပြီး ငွေတစ်သိန်း
ပေးသွားတယ်။ သီဟလေးအတွက် စိတ်ချ။ ဘာမှစိတ်မပူပါနဲ့တဲ့"

"ဗျာ"





ကိုယ့်ရှေ့ရောက်လာတဲ့ ငွေတစ်သိန်းအုပ်ကို ကြည့်ပြီး အမုန်း
'ဗျာ' လိုက်ခြင်းပါ။ ဒါ အကျိုးလိုလို့ ညောင်ရေလောင်းတယ်ဆိုတာ
သူသိတာပေါ့။ အရေးကြီးတဲ့အချိန်မှာ သူ ဘယ်လိုဆုံးဖြတ်ရမလဲ။
သီဟက ကျန်းမာရေးမကောင်းတော့ ကိုယ်က မပေးနိုင်ပါဘူးလို့
ပြန်တောင်းလိုက်ရင် နောက်တစ်ခါ သီဟ ခုလိုမျိုး ပြန်ပြီးမကျန်းမာ
ရင် ဘယ်သူက ကူညီဦးမှာလဲ။

လူတိုင်းက ဆရာမစိတ်မျိုးရှိချင်မှ ရှိကြမှာလေ။

ဒီတော့ မြေပြင်မှာ ဒီအပင်လေးရှင်သန်ဖို့အတွက် ကိုယ့်ဘဝ
မြေပတ်ကြားထဲက နုတ်ပြီး ရေလောင်းပေါင်းသင်လို့ရတဲ့နေရာမှာ
ရွှေ့စိုက်လိုက်ရမလား။ သူ့ဘဝလေးကောင်းစားဖို့အတွက် ကိုယ်ရင်ကွဲ
ခံရတော့မှာပေါ့။

သီဟရယ်...

ကိုကြီး မင်းကို သူများလက်ထဲထည့်ပေးဖြစ်ခဲ့ရင် အဲဒါမချစ်လို့
မဟုတ်ဘူးဆိုတာ မင်း နားလည်ပေးပါ။

"အမုန်း"

"............."

"မင်း သေသေချာချာ စဉ်းစားနော်"

"................"

"မင်း မှတ်ထား အမုန်း...လူတစ်ယောက် ကံနိမ့်လာပြီဆို
ရေသောက်ရင်တောင် ရေထဲက အရိုးစစူးချင်တယ်တဲ့။ အခု သီဟ
လေးက ကံမြင့်လို့ မွေးစားမယ့်သူပေါ်လာတာ။ သူ့ဌေးသားအဖြစ်နဲ့
မင်းညီလေး မတောင့်မတ မကြောင့်မကြနဲ့ နေရမှာကို မင်း ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပေးလိုက်စမ်းပါ။ ချစ်တာက နှစ်ရာမရောက်ပါစေနဲ့ကွာ… မင်း ကြည်ဖြူလိုက်စမ်းပါ”

အမုန်း လက်သီးကို ကျစ်နေအောင် ဆုပ်ထားမိ၏။ သူတို့ဘဝက ဒီလိုတဲ့လား။ ဒီလိုတဲ့လား ဘဝရယ်။ သူတို့ ခုလို ဒုက္ခရောက်နေချိန်မှာ အမေလို့ခေါ်ချင်စိတ်မရှိအောင် ဥပေက္ခာပြုသွားတဲ့ ဒေါ်မြင့်မြင့်ကြည်ကတော့ သူ့လင်တော်မောင်နဲ့ ပျော်နေမှာပေါ့။ သူနဲ့ အမုန်းတို့က ဘာမှမပတ်သက်သည့် ရပ်ဝန်းတစ်ဖက်စီမှာမို့…

စူးကနဲ့ဖြစ်သွားတဲ့ ရင်ဘတ်ထဲမှာ…

ကိုယ့်ဘက်က တန်ပြန်သက်ရောက်မှုကလည်း မာနနှင့် ဥပေက္ခာတွေသာ။

ရပါတယ်။

ကိုယ့်ဘဝက မလှပမှတော့ စကားလုံးနဲ့လည်း အလှမဆင်ချင်တော့ပါဘူး။ အလုပ်နဲ့ပဲ သက်သေပြရမှာ။ ဒါကြောင့်…

“ကျွန်တော် ခုပဲ ဆုံးဖြတ်လိုက်ပါပြီ။ သီဟကို ကျွန်တော်တို့ဘဝထဲမှာ ဆွဲနှစ်မထားတော့ပါဘူး။ သူနဲ့တန်တဲ့ဘဝမှာ ဟန်ကျမယ်ဆိုရင် ကျွန်တော့် ရင်ကွဲခံပြီး ပခုံးထမ်းတင်ပေးရမှာပေါ့ ဦးထွန်းရယ်”

“ဟေ”

အမုန်းစကားကြောင့် ဦးထွန်း ပြုံးသွားလေ၏။ သူကလည်း သီဟလေးကို ကောင်းစားစေချင်တဲ့ဆန္ဒနဲ့ပါ။ ရှင်ဘုရင်နဲ့သား မိဖုရားဖြစ်မှာကို သူတောင်းစားဘဝနဲ့ ခွက်ကိုင်နေရင် ထမင်းနပ်မှန်ဖို့တောင် မကျိန်းသေဘူးဆိုတော့လေ။

စေတနာကို ဝေဒနာလို ခံစားပြီး အပြစ်မြင်ရင်တောင် သူက





တော့ တိုက်တွန်းနေမှာပါ။ ဒါ သားသမီးချင်းကိုယ်ချင်းမစာလို့ မဟုတ်ပါဘူး။ သူတို့ဒုက္ခတွေကို မကြည့်ရက်လို့ပါ။

“သီဟအတွက် မင်းလောင်းမှန်လို့ ဖုတ်သွင်းရထားဆိုက်တယ်လို့ပဲ ကျွန်တော် သဘောထားရတော့မှာပေါ့”

“မင်း တကယ်ပြောတာလား အမုန်း”

အမုန်း ခေါင်းညိတ်လိုက်တော့-

“ဝမ်းသာတယ် အမုန်း…ဦးလေး ဝမ်းသာတယ်ကွာ… အဲဒါမှ မင်း သီဟအပေါ်ချစ်တဲ့ အချစ်က စစ်မှန်တာကွ”

“အမုန်း”

“ဟော”

အမုန်းနာမည်ကို ခေါ်ပြီး အိမ်ပေါ်တက်လာသူက ဒေါ်သီတာနိုင်ပါ။

“ဆရာမ”

“ဆရာမ ထိုင်မယ်နော်”

“ဟုတ်..ဟုတ်ကဲ့…ထိုင်ပါခင်ဗျာ”

ဒေါ်သီတာနိုင်က ထိုင်ပြီးလေလျှင် ဦးထွန်းကို ကြည့်၍-

“ဒီကအစ်ကိုကြီး ကျွန်မပြောတာ အမုန်းကို ပြောပြီးသွားပြီလား မသိဘူး”

“ပြောပြီးပါပြီ ဆရာမ…ကျွန်တော်လည်း သေသေချာချာ စဉ်းစားပြီးပါပြီ။ သီဟလေး ကျွန်တော်တို့ဘဝထဲမှာရှိနေရင် သူ့အနာဂတ်က ဘယ်လိုမှ လှပလာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူ့ရှေ့ရေးအတွက် ကျွန်တော် ကျွန်တော့်နှလုံးသားကို လမ်းခင်းပေးပါ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဗျာ''

''တကယ်…တကယ်နော်''

ယူရမည့်သူရင်မှာ ပီတိဖြစ်လျက် ပေးရမည့်သူရင်ထဲမှာတော့ မချိရှာ။ ကိုယ့်သွေးသားအရင်းကို ဘယ်သူက ပေးချင်ပါ့မလဲလေ။

ဒါပေမယ့်…

ဘဝအကြောင်းမကောင်းလို့ ဒီလို ခွဲကြခွာကြရတာကမှ ရေစက် မကုန် ပြန်ဆုံကြရမှာ။ အသက်နဲ့ ဆုံးရှုံးရမည်ဆိုလျှင် ဒီလို တွေ့ဆုံ နိုင်ခွင့်မှ မရှိတော့ပဲလေ။

''တကယ်ပါ ဆရာမရယ်…ကျွန်တော့်ညီလေး ကောင်းစားဖို့ အတွက် ကျွန်တော် မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက် တာပါ''

''ဝမ်းသာလိုက်တာ သားရယ်…အဲဒီအတွက်''

စကားမဆုံးခင် ဒေါ်သီတာခိုင် ပိုက်ဆံအိတ်ကို ဖွင့်လေလျှင်-

''နေပါစေ ဆရာမ…ကျွန်တော်က ညီလေးရဲ့အနာဂတ် လှပ စေဖို့အတွက် ဆရာမတို့ရင်ခွင်ထဲကို ပြောင်းထည့်ပေးတာပါ။ ကျွန်တော်တို့အတွက် ငွေလိုလို့ မဟုတ်ပါဘူး''

''အဲဒီလိုမဟုတ်ပါဘူးကွယ်''

အမုန်း မော့ကြည့်လိုက်တော့ စကားစပြတ်သွားစဉ် စောစောက ဦးထွန်း ပေးထားတဲ့ပိုက်ဆံတစ်သိန်းအုပ်ကို ကောက်ကိုင်လိုက်မိ၏။ အမုန်းက သီဟကိုချစ်လို့ သီဟဘဝကောင်းစားရေးအတွက် ရင်ကွဲခံ ပြီး ဒီလိုဆုံးဖြတ်တာ။ သူပေးတဲ့ငွေကိုယူပြီး ညီလေးကို ရောင်းစား သလိုမျိုးတော့ လုံးဝအဖြစ်မခံနိုင်ပေ။





စေတနာက စေတနာအတိုင်း၊ မေတ္တာက မေတ္တာအတိုင်း အဖြူသက်သက်ပဲ အမုန်းက ဖြစ်ချင်သူ။ ဒါတွေကို ငွေကြေးကြောင့် အရောင်ဆိုးမခံနိုင်သလို သိက္ခာလည်းကျပါတယ်။

''ဒီငွေကိုပါ ပြန်ယူသွားပါ ဆရာမ။ ကျွန်တော် အကျိုးလိုလို့ ညောင်ရေလောင်းတာ မဟုတ်တဲ့အတွက် ငွေနဲ့ တန်ဖိုးဖြတ်မယ်ဆိုရင် ညီလေးကို မပေးနိုင်ပါဘူး''

''အို…မဟုတ်ပါဘူး သားရယ်။ သားအတွက် လိုအပ်မယ် ထင်လို့ အန်တီက ကူညီတာပါ။ မလိုချင်ရင် အန်တီပဲ ပြန်ယူသွား လိုက်ပါ့မယ်နော်''

ဒေါ်သီတာခိုင် ဖျာဖျာသလဲ ပိုက်ဆံတွေကို ပြန်ယူလေတော့-

''ကျွန်တော် စိတ်ချပါရစေ ဆရာမ။ သီဟကို အခုကစပြီး အန်တီတို့ ပိုင်သွားပြီလို့ သတ်မှတ်လိုက်ပါတော့''

ပြောပြီး အမုန်း မခံစားနိုင်စွာ ထသွားလေတော့-

''ကိုကြီး''

သူရက လိုက်လာပြီး လက်ကိုဆွဲထားကာ မျက်ရည်တွေနဲ့ မော့ကြည့်လေလျှင်-

''ညီ''

''ကိုကြီး''

''ဟင့်''

''အီး…ဟီး…ဟီး''

အမုန်းက ရှိုက်သံတစ်ဝက်နှင့် သူရကို ရင်ခွင်ထဲထည့်ပြီး ဖက်ငိုလေလျှင် သူရက ကလေးဆိုတော့ ဘယ်ထိန်းနိုင်ပါ့မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘဝထဲမှာ ဒုက္ခတွေ ပြာနောက်နောက်နဲ့ သောကသန်းခေါင် ရောက်နေချိန်မှာ အနန္တဂိုဏ်းဝင်လို့ဆိုပါသော အမေက အရာအားလုံး ကို မျှဝေခံစားမယ့်အစား…

အသက်ရှင်လျက်နဲ့ ဘယ်ဆီဘယ်ဝယ် ရောက်နေမှန်းမသိတဲ့ အဖြစ်ပါလေ။

အဖေကသေ…

အမေက တာဝန်မကျေ…

နေရတဲ့ ကမ္ဘာမြေက သူတို့ညီအစ်ကိုတွေအတွက် မလှပပါ လားနော်။

♥♥♥





# အခန်း (၈)

"မောင်လေး"

"…………"

"ဒီမှာ မောင်လေးဖို့ မမ အရုပ်တွေ အများကြီး ဝယ်လာတယ်။ …တွေလည်း အများကြီးပဲ။ ပြီးတော့ ဘောင်းဘီ၊ အင်္ကျီလှလှလေး …တွေ ဒီမှာ ကြည့်ပါဦး"

ထာဝရ တစ်ခုပြီးတစ်ခုပြပြီး မျက်နှာချိုသွေးနေပေမယ့် သီဟက …တည်တည် မျက်နှာထားနှင့်ပါ။ ကလေးဆိုတော့ ဆင်းရဲချမ်းသာ …ခလည်း။ သူခင်တွယ်တဲ့ အစ်ကိုတွေနဲ့ပဲ အတူတူနေချင်တာပေါ့။ …ကောင်းတုန်းက ကိုကြီးနဲ့ကိုလေးကို မေးတိုင်း လာတော့မှာပါလို့ပဲ …ဝရတို့ ညာပြီး မိနစ်၊ နာရီတွေ ရွှေ့နေခဲ့ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု…

ကျန်းမာရေးကောင်းတော့ တစ်မျိုးညာရပြန်သည်လေ။ သူ့အစ်ကိုတွေကို ခရီးသွားတယ်လို့ပေါ့။ ဘကြီးအောင် ညာတယ်ဆိုတာမျိုး ထာဝရတို့ သီဟလေးကို ဘယ်လောက်တောင် ဆက်ညာနေရဦးမှာလဲ။ မှသားမပါ လင်္ကာမချောဆိုသလို ကိုယ်က ဒီကလေးကို ချစ်မိနေတော့ မတတ်နိုင်တော့ပါဘူး။

သီဟလေးက အသားလေးဖြူဖြူ မျက်တောင်လေးကော့ကော့နှင့် နှုတ်ခမ်းသားလေးတွေ နီထွေးလို့ အလွန်မှ ချစ်စရာကောင်းသည်လေ။ ဒါကြောင့် ထာဝရ မြင်မြင်ချင်း ချစ်မိသွားတာပေါ့။

"ယူလေ မောင်လေးရဲ့"

"ဟင့်အင်း"

"ဟင်…ဘာဖြစ်လို့လဲ"

"မမ"

"ဟင်"

"သား အိမ်ပြန်ချင်တယ်"

ခက်ပြီ။ ထာဝရ သက်ပြင်းလေးချလိုက်ပြီး-

"အိမ်ပြန်လို့ မရဘူးလေ မောင်လေးရဲ့…မောင်လေးတို့အိမ်မှာ ဘယ်သူမှ မရှိဘူး"

"ဘယ်သွားလို့လဲ"

"ဩော်…မောင်လေးကို မမတို့လို ဒီလိုတိုက်နဲ့ကားစီးရအောင် ဟိုး…အဝေးကြီးကို ပိုက်ဆံသွားရှာကြတာလေ။ အဲဒါကြောင့် မောင်လေးကို မမတို့နဲ့ထားခဲ့တာ။ ပြန်လာရင် သူတို့ မောင်လေးကို





…ခေါ်ကြမှာပေါ့"

"မမ ညာတာပါ"

ငိုသံပါနှင့်ပြောပြီး ခေါင်းငုံ့သွားတဲ့ သီဟမျက်ဝန်းမှ မျက်ရည်တွေကျလာလေသည်။ ကလေးမို့ ဘာဝေဒနာလို့ အမည်မတပ်တတ်သေမယ့် သူ့အစ်ကိုတွေကို လွမ်းနေတာပဲဖြစ်မှာပေါ့။ အသံထွက်မငိုပေယ့် ရှိုက်သံကတော့ ကြားနေရသည်သာ။ သူများ ဖန်ဆင်းပေးတဲ့ န်းတစ်ခင်းက သူ့အတွက် ဘယ်မှာလာပြီး ရနံ့သင်းပါ့မလဲ။

သူ့အစ်ကိုတွေပေးတဲ့ ပန်းတစ်ပွင့်ကသာ လေမသင့်လည်း မွေး၊ လေသင့်လည်း ရင်မှာအေးနေမှာပါ။ သံယောဇဉ်ဆို ချက်ချင်း သူ့ဆီ ာနေ ငါ့ဆီ ရွှေ့ပြောင်းလက်ကူးယူလို့ရတဲ့ အရာဝတ္ထုမှ မဟုတ်ပဲလေ။ ာဝရတို့ သည်းခံရမှာပေါ့။

"သား တိုက်နဲ့လည်း မနေချင်ဘူး။ ကားလည်း မစီးချင်ဘူး။ ကိုကြီးတို့နဲ့ပဲ တွေ့ချင်တယ်"

"မောင်လေးကလည်း သူတို့က အဝေးကြီးသွားပါတယ်ဆို။ မမက ဘယ်လိုလုပ်ပြီး လိုက်ခေါ်ပေးလို့ရမှာလဲ"

"မသိဘူး…သား အိမ်ပဲပြန်ချင်တယ်"

"ဟင်"

ဒီတစ်ခါတော့ ထာဝရ ဘယ်လိုညာပြီး ချော့ရမှန်းမသိတော့ပေ။ အညာခံရပေါင်းများလာတော့ ကလေးကလည်း လူပါးဝနေပြီ ထင်ပါရဲ့။

"သားကို အိမ်ပြန်ပို့ပေးပါ"

"မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"သား…အိမ်ပြန်ချင်တယ်…အီး"

"ဟာ…ဒုက္ခပါပဲ"

ထာဝရ ဘာလုပ်ရမှန်းမသိ ပျာပျာသလဲ ဖြစ်သွားလေတော့၏။ မှားပြီလားလို့တော့ မတွေးချင်ပါဘူး။ ကိုယ်လိုချင်တာရပြီးမှတော့ ကိုယ့်ကို ခင်တွယ်လာအောင် ကြိုးစားရမှာပဲလေ။

"မေမေ…မေမေ"

"………………"

"မေမေ"

"လာပြီ…သမီးရေ…လာပြီ"

သမီးခေါ်သံကြားတာနှင့် ဦးစံထွန်းနှဲ့ဒေါ်သီတာခိုင်တို့ ရောက်လာကြတာ ပျာပျာသလဲပါ။ သူတို့မှာလည်း သီဟကိုကိုကို ဂရုစိုက်နေရတာ တာဝန်ပိုတယ်လို့ မထင်နိုင်။ သမီး စိတ်ချမ်းသာနေတာ မြင်ရတော့ သူတို့လည်း စိတ်ချမ်းသာနေကြတာပဲလေ။

"ဘာဖြစ်လို့လဲ သမီး"

"လုပ်ပါဦး ဖေဖေရယ်…ဒီမှာ မောင်လေး ချော့လို့မရလို့"

"ဟုတ်လား…သား"

မေးရင်းပဲ ဦးစံထွန်း သီဟကို ချီပြီး ပေါင်ပေါ်သို့တင်ကာ-

"သား…ဖေဖေနဲ့ ကားလျှောက်စီးမယ်လေ…မကောင်းဘူးလား။ ပြီးရင် ရွှေပုစွန်မှာ ဒိုမိနို လိုက်တိုက်မယ်ကွာ"

"ဒိုမိနို"

"ဟုတ်တယ်…သား သောက်ဖူးလား"

သီဟက ခေါင်းခါလေ၏။ သူ မကြားဖူးတော့ ဒိုမီနိုဆိုတာကို



အထူးအဆန်းလို စိတ်ဝင်စားသွားပုံရသည်။ မျက်ရည်တွေသုတ်ပြီး နှုတ်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ-

"ဒိုမိနိုဆိုတာ ဘာလဲဟင်"

"ဟာ…အဲဒါမှဒုက္ခပဲ…ဘယ်လိုဖြေရမလဲ။ ဒိုမိနိုဆိုတာ ဒိုမိနိုပေါ့ သားရ။ သောက်လိုက်ရင် အရသာရှိတယ်လေကွာ"

"တော်တော်ကောင်းလား"

"ကောင်းတာပေါ့ကွ…သား သောက်မယ်မဟုတ်လား"

"ဟုတ်"

"ဟုတ်ဆိုရင် ကဲ…သွားမယ်…ထ"

ပြောပြောဆိုဆိုနှင့် ဦးစံထွန်း သီဟကို ပွေ့ချီပြီး ထွက်သွားလေ၍ ထာဝရတို့သားအမိ အသက်ဝဝရှူနိုင်တော့၏။ သြော်…ချစ်တော့လည်း ဒုက္ခလို့ မမြင်နိုင်ပါဘူးလေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

အမုန်းတို့ညီအစ်ကို ဆင်းရဲပေမယ့် တစ်ခုခံသာတာတော့ ရှိသည်။ အဲဒါဘာလဲဆိုရင် သူများလို မြေငှား၊ အိမ်ငှားနဲ့နေရတာ မဟုတ်ဘူးလေ။ ကိုယ့်မြေပိုင်ခြံပိုင်လေးနှင့် နေရတာဆိုတော့ ဝမ်းစာအတွက် ရှာစားရုံသာ။ ဒါတောင် ဒုက္ခတွေ အမျိုးမျိုးရောက်ခဲ့တာ။ အဲလောက်တောင်မရှိရင် ဒီထက် ဒုက္ခပိုရောက်မှာပေါ့။

သီဟ ဆေးရုံတက်တုန်းက···

ဒါတွေကို ပေါင်ပေးလို့ရမှန်း သတိမရခဲ့ဘူးလေ။ သတိရတဲ့အချိန်ကျတော့ ကတိကဝတ်တွေက လွန်ခဲ့ပြီးပြီ။ အခုဆို ကျောင်းတွေပြန်ဖွင့်တော့ သူရက ကျောင်းတက်နေရပြီ။ အမုန်းက ကြုံရာကျပန်းလုပ်ပေါ့။ သူရက ကျောင်းထွက်ပြီး အလုပ်လုပ်ဖို့ပြောပေမယ့် အမုန်းလက်မခံနိုင်ဘူးလေ။





ဘာပဲဖြစ်ဖြစ်···

ကိုယ်က အကြီးပဲဥစ္စာ။ သူရကိုတော့ ပညာတတ်တစ်ယောက်ဖြစ်စေချင်သည်။ အစ်ကိုကြီး အဖအရာအနေနဲ့ ဒါကိုယ့်တာဝန်ပဲပေါ့။

"ကိုကြီး"

"ဟေ"

"ညီ ကျောင်းသွားတော့မယ်"

"အေး···သွားလေ၊ ဒီမှာ မုန့်ဖိုးယူသွားဦးလေ"

"မယူပါဘူး···နေပါစေ ကိုကြီး"

"ဘာလို့လဲ"

"ဘာမှမဖြစ်ပါဘူး···ပါးစပ်အကျင့်ပျက်မှာစိုးလို့ပါ"

ဟုတ်တော့လည်း ဟုတ်ပေမယ့်–

"ရှိတဲ့အခါတော့လည်း ယူသွားပါညီရယ်···မရှိတဲ့နေ့တော့ မပေးနိုင်ဘူးပေါ့။ သူများတွေစားလို့ ဝယ်စားချင်လည်းစား···မစားချင်လည်း စုထားပေါ့ကွ"

"ရပါတယ်···ညီ မယူပါဘူး။ ကိုကြီး ပိုက်ဆံရှာရတာ လွယ်တာမှမဟုတ်တာ"

"ကဲပါ···ကိုလျှာရှည်ရယ် ပေးရင် ယူစရာရှိတာ ယူသွား။ ငါက ပေးရင်ယူမှကြိုက်တာနော်···ရော့"

အမုန်း နှစ်ရာတန် ခပ်နွမ်းနွမ်းလေးကို ထုတ်ပေးလိုက်တော့ သူရက တွန့်ဆုတ်တွန့်ဆုတ်နဲ့ပဲ ယူလိုက်ကာ–

"ညီ သွားတော့မယ်"

"အေး···အေး···သူများတွေနဲ့ ရန်မဖြစ်နဲ့နော်···ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"လမ်းသွားရင်လည်း သတိထား"

"ဟုတ်ကဲ့ပါ"

"ကဲ…သွားတော့…သွားတော့"

သူရ ထွက်သွားတော့ အမုန်း သက်ပြင်းချလိုက်မိ၏။ အခု သူမှာနေတဲ့စကားတွေက တကယ်ဆိုရင် မေကြီးမှာရမယ့်စကားတွေပါ။ အခုတော့ နုတ်စိမ်းများလို ရှိတာလေးနဲ့ ပျော်ပါဆိုတာမျိုး ဖြစ်နေတာပါ။

"အမုန်း…အမုန်းရေ"

"…………"

"အမုန်း"

"ဟင်"

ဒါ သူရင်းနှီးဖူးတဲ့အသံ။ အမုန်း ထရပ်လိုက်စဉ်မှာပဲ အသံရှင်က အိမ်ပေါ်တက်လာပြီမို့-

"ဩော်"

ဩော်ရဲ့နောက်မှ 'မေကြီးကိုး' ဆိုတဲ့ နောက်ဆက်တွဲစကားသံက လည်ချောင်းထဲမှာသာ။ နှုတ်ဖျားက မခေါ်ချင်လောက်အောင်ကိုပဲ နာကျင်ရပေမယ့် မခေါ်ချင်လို့သာရမယ်၊ မတော်ချင်လို့ မရတဲ့ အမေပဲမို့ ရှောင်ထွက်သွားဖို့ မဖြစ်နိုင်ဘူးလေ။ မျက်နှာချင်းဆိုင် ရပ်မိခြင်းမှာ…

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတာ သူစိမ်းတွေလိုပါ။ နေကောင်းလား…အဆင်ပြေလား မေးဖို့နေနေသာသာ ထိုင်ပါလို့တောင် မပြောဖြစ်။ အတန်ကြာမှ-





"နေကောင်းတယ်နော်"

"ဟုတ်…ကောင်းပါတယ်"

"အဆင်ရောပြေရဲ့လား"

မေးရင်း မေကြီးထိုင်တော့ အမုန်းလည်း ထိုင်လိုက်ကာ-

"အဆင်ပြေရဲ့လားဆိုတာ ဘာကိုမေးတာလဲ"

"စားရေးသောက်ရေး နေရေးထိုင်ရေးကို ပြောတာပါ"

အမုန်း လွန်ကနဲ ပြုံးလိုက်မိပြီး-

"အဆင်မပြေလည်း ပြေသလို နေထိုင်စားသောက်နေရတာပဲလေ။ ကျွန်တော် ယောကျ်ားပါ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရမှာပေါ့။ ကိုယ့်မှာ အားကိုးစရာ မိဘမရှိဘူးဆိုပြီး စိတ်ပျက်အားငယ်နေရင် ဘဝမှာ အရှုံးတွေ အဆုံးတွေနဲ့ပဲ ထပ်ကာထပ်ကာ ရင်ဆိုင်နေရမှာပေါ့"

"ဩော်…နင်က ငါ့ကို ခနဲ့နေတာလား အမုန်း"

"ခနဲ့တာ မဟုတ်ပါဘူး၊ အမှန်တရားကို ပြောပြတာ"

"ငါလည်း နင်တို့အကြောင်းတွေကို အခုမှသိရတာ"

"မစုံစမ်းလို့ မသိတာ မဆန်းပါဘူး"

ဒါ အမှန်တရားပဲလေ။ သူသာ သံယောဇဉ်မပြတ်လို့ စုံစမ်းရင် အစောကြီးကတည်းက သိမှာပေါ့။ ဖြစ်ချင်တာဖြစ်ခွင့်မရလို့ ဖြစ်သင့်တာတွေတော့ လုပ်ခဲ့ပြီးပြီ။

အဲဒီအတွက်…

ဘာပြောဦးမလဲ။ ကိုယ့်အပေါ် အပြစ်တင်ဦးမှာလား။ သူ ကိုယ်တိုင်တောင် ပစ်ခဲ့ပြီးမှတော့ ခုမှ ချစ်သလို ခင်သလိုလုပ်ပြရင်



www.burmeseclassic.com

www.burmeseclassic.com



အမုန်းကတော့ ငြိမ်ခံနေမှာမဟုတ်ပေ။

"နှင် အပြစ်ပြောမယ်ဆိုတာ ငါ သိပါတယ်။ အငယ်လေးကို သူဌေးတွေဆီ မွေးစားဖို့ ပေးလိုက်ပြီမဟုတ်လား။ ကောင်းတာပေါ့။ မင်းအတွက် တာဝန်ပေါ့သွားတာပဲလေ။ အဲဒီလို ဆုံးဖြတ်တာ ကောင်းပါတယ်"

အမုန်းရင်ထဲမှာ ဆစ်ကနဲ နာကျင်သွားလေ၏။ ပြောရက်လိုက်တာ…မင်းအတွက် တာဝန်ပေါ့သွားတာပေါ့တဲ့။ ကိုယ်က တာဝန်မယူချင်လို့ ပေးလိုက်တာမှမဟုတ်တာ။ သီဟာအနာဂတ် လှပဖို့အတွက် ကိုယ့်မျက်ရည်ကို အရင်းပြုပြီး ပေးလိုက်ရတာ။ သူ မသိပေမယ့် ကိုယ့်မေတ္တာတရားကို ရပ်ကွက်ထဲကလူတွေ ဦးညွှတ်ကြသည်ပဲလေ။

ဒါပေမယ့်…

ထင်သလိုမဟုတ်တဲ့အကြောင်းတွေ မဖြေရှင်းတော့ပါဘူး။ အဖြေက တွေးတတ်တဲ့သူတွေအတွက် ရှိပြီးသားပဲဥစ္စာ။

"အခု မေကြီး ဘာလာလုပ်တာလဲ"

"ငါက နှင်တို့ရဲ့မအေဆိုတော့ ငါ တာဝန်မကင်းဘူးလေ။ အဲဒါကြောင့် နှင်တို့ကို လာခေါ်တာ"

"ဗျာ"

"ကိုထူးကလည်း သွားခေါ်လိုက်ပါဆိုတာနဲ့"

"ဘာလဲ…နိုင်းစားဖို့လား"

"ဘာ"

"ကျွန်တော်တို့ ပထွေးနဲ့ အတူမနေနိုင်ဘူး မေကြီး"

"ဟဲ့…အဲဒီလိုတော့ မပြောနဲ့လေ။ နှင် အရင်ကလည်း ပထွေး





နဲ့ပဲ အတူနေလာတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်…ပထွေးချင်းတူပေမယ့် စိတ်ဓာတ်ချင်းမှ မတူကြတာ။ ဦးသန်းထူးက ဦးစန်းကြိုင်လို မဟုတ်ဘူး။ မေကြီး… ကျွန်တော့်မှာလည်း မာနရှိတယ်"

"ကိုယ့်အားကိုယ်ကိုးနိုင်ပြီဆိုတော့ နှင် ဒီစကားပြောပြီပေါ့"

ပြောတော့ ဦးသန်းထူးဆိုတဲ့လူ သူများမယားကို ယူတာ စိတ်ဓာတ်ကောင်းလို့လား မကောင်းလို့လား။ မေကြီးက သူတို့အကြောင်း မစုံစမ်းလို့ ဘာမှမသိခဲ့ပေမယ့် အမုန်းကတော့ သူတို့အကြောင်းတွေ ကြားရပါသည်လေ။ ဦးသန်းထူးက မေကြီးကို အရမ်းနိုင်တာပဲတဲ့။ နေ့တိုင်း မူးလာရင် ရန်လုပ်နေတာတဲ့လေ။

ဒီလိုလူက…

သူ့ရှာကျွေးရမယ်ဆိုရင် အမုန်းတို့ကို ကြည်ကြည်ဖြူဖြူနဲ့ ခေါ်နိုင်းပါ့မလား။ ဖေကြီးဦးစန်းကြိုင်နဲ့တုန်းက အမုန်းတို့မောင်နှမ သည် အလုပ်မလုပ်နိုင်သေးတဲ့ ကလေးတွေ။ ဒါကြောင့် ဖေကြီးပဲ ရှာဖွေကျွေးမွေးလာခဲ့တာ။ အခုက အမုန်းသည် လုပ်နိုင်ကိုင်နိုင်အရွယ်မို့ နိုင်းစားချင်လို့ဖြစ်မှာပေါ့။

မမ…

ဒီကအဖြစ်အပျက်တွေသိရင် ဘယ်လိုနေမလဲ။ ယောက်ျားရပြီးကတည်းက သျှောင်နောက်ဆံထုံးပါ ပါသွားခဲ့တာ။ တစ်နှစ်တစ်ခါ လောက်သာ လာတတ်ပြီး အဝေးကြီးမှာမို့ သူ့ကို ဘာမှအကြောင်း မကြားခဲ့ပေ။ ဘာမှမသိတာ အကောင်းဆုံးပဲမို့လို့လေ။

"ငါပြောတာ ကြားလား အမုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ်…မေကြီး ထင်ချင်သလိုထင်ပါ"

"ကောင်းပြီ…ဒါဆို ငါ သူ့ရကိုပဲ ခေါ်သွားမယ်"

"ကျွန်တော် မပေးနိုင်ဘူး မေကြီး"

"ဘာ"

"ကျွန်တော်က အစ်ကိုကြီးအဖအရာအနေနဲ့ ကျွန်တော့်ညီ အတွက် ကျွန်တော် အားလုံးတာဝန်ယူနိုင်ပါတယ်။ ကျွန်တော့်ဆီမှာ နေရင် ကျွန်တော့်ညီလေး ဘယ်သူ့မျက်နှာကိုမှ ကြည့်ပြီး မျက်နှာငယ် စရာမလိုဘူး"

"ငါကရော မအေလေ"

"မအေတော့ မှန်ပါတယ်။ အဲဒီမအေကိုယ်တိုင်ကတောင် ယောကျ်ားမျက်နှာ ကြည့်နေရတာ။ ကျွန်တော့်ညီလေးကို ပထွေး မျက်နှာကြည့် ထမင်းစားရတာမျိုး ကျွန်တော် အဖြစ်မခံနိုင်ဘူး မေကြီး"

ဒေါ်မြင့်မြင့်ကြည်၏နှုတ်ခမ်းက တင်းတင်းစေ့လျက်ပါ။ တော်တော်မာနကြီးတဲ့ကောင်နေပေါ့။ ကိုယ်က ဒါမျိုးပြောလို့ကတော့ ပိုပြီးတော့တောင် ကြိုက်သေးတယ်။ အခုလာခေါ်တာက ကိုယ့်တာဝန် မကင်းလို့လေ။ သူများလက်ညှိုးထိုး မေးငေါ့နေကြလို့ မိခင် မပီသ ဘူးလို့ ပြောနေကြလို့ပဲဥစ္စာ။

သူက ခေါင်းမာနေမှတော့…

ဘယ်သူ့လက်ညှိုးတွေ၊ မေးတွေကိုမှ ဂရုမစိုက်ဘဲ ပိုနေမြဲ ကျားနေမြဲ နေလိုက်ရုံသာ။ အခုဖြစ်တည်နေတဲ့ဘဝကလည်း တစ်ခါ တစ်ခါ ကိုယ့်ဝမ်းတောင် ကိုယ်မသထာချင်ဘူးလေ။





ဒီတော့…

"နင်က မပေးနိုင်ဘူးဆိုတော့လည်း ငါ အတင်းမခေါ်ပါဘူး။ ဒါပေမယ့် ကိုယ့်စကားကိုယ်မှတ်ထားပေါ့။ နောက်မှတော့ ငါ့ကို မိခင်စိတ်မရှိဘူးလို့ အပြစ်ပုံမချနဲ့"

အပြစ်ပုံချစရာလား။ အစကတည်းက အပြစ်တွေပုံကျပြီး ဥပေက္ခာရင်ဘတ်နဲ့ နေနိုင်သူပဲဥစ္စာ။ သူများကောက်ညှင်းပေါင်းပြီးမှ တော့ နှမ်းလာမဖြူးနဲ့လေ။ မအေက မအေ…မာနက မာနပါပဲ။

"ဒါဆို ငါ သွားမယ်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အခု ညီအစ်ကိုတွေ ကိုယ့်ဘာသာ လုပ်ကိုင်စားနေတာ မပိုလှဲ့ပေမယ့် အမုန်းတို့ မငတ်ပါဘူး။ သူရကလည်း ရှစ်တန်းတောင်ရောက်နေပါပြီ။ ပြောရရင် ၁၅ နှစ်သားတောင် ရှိနေပြီဆိုတော့ လူရှိပေါက်လေ။ လူကောင်ကထွားတော့ လူပျိုကြီးအတိုင်းပါပဲ။ ဘာလိုလိုနဲ့ သူတို့ညီအစ်ကိုနှစ်ယောက်တည်းနေတာ ငါးနှစ်ပင်ရှိခဲ့ပြီ။

မမက…

လာတော့လာပါတယ်။ အလည်လာပြီး တစ်ပတ်အပြင်တိုးမနေတာ။ သူ့မှာလည်း သားသမီးတွေနဲ့ကိုးလေ။ မေကြီးထက် မမကတော့ မိခင်စိတ်ရှိသူမို့ သူ့သားသမီးတွေအကြောင်း ပြောမဆုံးပေါင် တောသုံးတောင်ပါ။ ဝေးနေတာပဲ ကောင်းပါတယ်လေ။ ကိုယ်တွေအတွက် မကြားမမြင် မသိတော့ စိတ်မဆင်းရဲရတော့ဘူးပေါ့။





"ဗွမ်း"

"ဟာ"

အတွေးလွန်လာတဲ့ အမုန်း ကားတစ်စီး ကိုယ့်ဘေးကအဖြတ်တွင် ကိုယ့်ကို ရေတွေလာစင်တာကြောင့် ပထမ ကြောင်သွား၊ နောက်မှ သတိရလို့ကြည့်လိုက်တော့ ကားက ရပ်သွားလေသည်။ သူ ဒေါ်ဖောင်းသွားရ၏။

ဒါကြောင့်…

ထိုကားဆီသို့ ခပ်သွက်သွက် သွားလိုက်ပြီး–

"ဒီမှာ…ခင်ဗျား ကားကို ဘယ်လိုမောင်းလာတာလဲဗျ"

"……………"

"ဟင်"

ယောကျ်ားလား မိန်းမလား ဘယ်အရွယ်ဘယ်အစားဆိုတာမသိဘဲ ရမ်းဟောက်လိုက်တဲ့ အမုန်း။ ကားထဲက မျက်နှာလှလှကို မြင်လိုက်ရတော့ မျက်နှာက ပိုတင်းသွားလေသည်။ လူကြီးဆိုရင် အားနာနေရဦးမှာကိုး။ အခု ရွယ်တူမိန်းကလေးဆိုတော့ သူများတွေလို ဘူးတာပြုံးတာတွေ ဝါသနာမပါသည့်အတိုင်း–

"မင်းမှာ မျက်စိမပါဘူးလား…ကားကို ဘယ်လိုမောင်းလာတာလဲကွ"

"ခြေနဲ့လက်နဲ့ မောင်းလာတာလေ မမြင်ဘူးလား။ ရှင့်မှာရော မျက်စိ မပါဘူးလား"

"ဘာ"

ကောင်မလေး ကမ့်ကန့်ဖြစ်သွားပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာက မျက်စိပါတယ်။ မျက်စိမပါတာက ကားမှာ"

"တောက်"

"အောင်မယ်"

ကတ်ဖိုးကတ်ဖဲ့ပြောတဲ့စကားကြောင့် ဒေါ်သကပိုကာ တက်ခေါက်မိတော့ တစ်ဖက်ကလည်း မခံနိုင်။

"ရှင် တက်မခေါက်နဲ့နော်"

"ကားမှာ မျက်စိမပါရင် မျက်စိပါတဲ့လူက ကြည့်မောင်းပါလားကွ"

"မျက်စိပါတဲ့လူက ကြည့်မောင်းနေတာပဲလေ။ ရှင်ရော မျက်စိပါရင် ကြည့်ရှောင်ပါလား။ ကားတစ်စီးလုံးလာတာတောင် မမြင်ဘူးလား...ဘေးကပ်သွားပေါ့"

"ဘေးမကပ်လည်း ဒီလောက် လမ်းအကျယ်ကြီးကို ကွေ့မောင်းသွားလို့ မင်းကို ဘယ်သူက သတ်မှာလဲ"

"ရှင်နော်...စကားပြောမရိုက်ရိုင်းနဲ့"

"မိုက်ရိုင်းတယ်ပြောရအောင် ငါက မင်းကို မဟားဒရား လုပ်နေလို့လား စဉ်းစားပါဦး"

"ရှင်...တောက်"

လူပုံက ဖြောင့်ပုံဖြောင့်ပန်းနှင့် စကားလုံးတွေက ရင့်သီးလိုက်တာ။ ထာဝရကလည်း ဆတ်ဆတ်ထိခံသူမဟုတ်ပေ။ သူကလည်း ဘေးမကပ်ဘဲ တွေးချင်ရာတွေးသွားသေး။ ပြီးတော့ သူကပဲ ဦးအောင်ရန်လုပ်နေတာ အမြင်ကတ်ဖို့ကောင်းပါ့။ ထာဝရလည်း တမင်လှစ်လိုက်တာလေ။ ခေါင်းငိုက်စိုက်နဲ့ လျှောက်နေလိုက်တာ တစ်လောက





သုံး သူတစ်ယောက်တည်းရှိတဲ့အတိုင်းပါပဲ။

ပထမ...

ထာဝရ ဟွန်းတီးသားပဲ။ သူက ဂရုမစိုက်ဘဲ ပေကစ်ကပ်လုပ်နေလို့ တမင် ပညာပြလိုက်တာလေ။ ဒီလိုပဲ...ပတ်ဝန်းကျင်မှာ သူတွေရှိတဲ့အကြောင်း ပြလိုက်တာပေါ့။

"အမယ်...မင်း ငါ့ကို တက်ခေါက်တာလား"

"ရှင့်အပြင် ဘယ်နှယောက်ရှိလို့လဲ"

"အမယ်...သူကပဲ...ကဲ...အခုဆို ငါ့အဝတ်တွေ ရွှံ့ကုန်ပြီ။ ငါက အလုပ်ထဲမှာ တစ်နေကုန်နေရမှာ။ မင်း ဘယ်လိုလုပ်ပေးမလဲ ပြော"

"ခဏစောင့်"

ထာဝရ ကားဆီသို့ လှည့်ထွက်ခဲ့ပြီးမှ သူမျက်နှာကို နောက်တစ်ခါ ပြန်လှည့်ကြည့်ပြီး မျက်မှောင်လေးကြုတ်သွားမိ၏။ ဒီမျက်နှာ ထာဝရ ရင်းရင်းနှီးနှီး မြင်ဖူးသလိုပါပဲ။ ဘယ်မှာမြင်ဖူးပါလိမ့်။ ထာဝရနဲ့သိတဲ့လူများလား။ သူဆိုရင်း မျက်နှာကိုသာ ရင်းနှီးတာ စကားကောင်းကောင်းမပြောဖူးပေ။

သူများလား...

သူဆိုရင်တော့ ကျွတ်...မပတ်သက်မိရင် အကောင်းသားလို့ ပိုက်ဆံအိတ်ကို လျှင်မြန်စွာယူလိုက်ပြီး တစ်သောင်းတန်နှစ်ရွက်ကို ထုတ်ယူလိုက်ကာ-

"ရော့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာရှေ့ရောက်လာတဲ့ တစ်သောင်းတန်နှစ်ရွက်ကြောင့် အမုန်း သူ့မမျက်နှာကို စူးစူးစိုက်စိုက် ကြည့်မိကာ-

"အဲဒါဘာလုပ်တာလဲ"

"ရှင် ပုဆိုးနဲ့အင်္ကျီ ဝယ်ဝတ်ဖို့ပေးတာ။ အခု ရှင်ဝတ်ထားတာတွေ အဲဒီလောက် မတန်မှန်းတော့ သိပါတယ်။ ဒါပေမယ့် ကျွန်မ တာဝန်မကင်းဘူးဆိုရင် ကျွန်မ လုပ်ပေးနိုင်တာ ဒါပဲရှိတယ်"

"..........."

"ဟင်"

အမုန်း ဒီလုပ်ရပ်ကို မုန်းတီးစွာ လက်ကို ပုတ်ထုတ်လိုက်တော့ ပိုက်ဆံက လက်ထဲမှ လွင့်ကျသွားတာ ကိုယ်ယူမယ်ထင်ပြီး ခိုင်အောင် ကိုင်မထားလို့ပဲဖြစ်မှာပေါ့။

"မင်း ငါ့ကို ဘယ်လိုကောင်များထင်နေလဲ"

"မသိဘူးလေ...ဒီလိုပဲ လုပ်စားနေသလားလို့ မတန်မှန်းသိသိနဲ့ ပေးလိုက်တာ ပြဿနာမဖြစ်ချင်လို့"

အောက်နှုတ်ခမ်းကို အမုန်း ဖိကိုက်မိလိုက်ပြီး-

"မင်းတို့ချမ်းသာကြွယ်ဝတဲ့သူတွေက ထစ်ကနဲဆို ငွေနဲ့ဖြေရှင်းဖို့ပဲတတ်တယ်။ မင်း မှတ်ထား...ငွေနဲ့ဖြေရှင်းလို့ မရတဲ့အရာတွေ လောကမှာ အများကြီးပဲ"

"................"

"ငါ မင်းကို ပြောနေတာ မင်းဆီက ပိုက်ဆံလိုချင်လို့ လုပ်စားနေတာမဟုတ်ဘူး။ လူမှုရေးနားလည်ဖို့ ပြောနေတာ။ ငွေဆိုတာ သည်းခြေကြိုက်ဆိုတာမှန်ပေမယ့် မကြိုက်တဲ့သည်းခြေတွေလည်း





ရှိတယ်ဆိုတာ မင်း နားလည်ထား။ အေး...ကြိုက်တော့ကြိုက်တယ် ဒါပေမယ့် ကိုယ့်လုပ်အားကိုယ့်ချွေးနဲ့ ရင်းလို့ရတဲ့ငွေကိုပဲ အချို့ သည်းခြေတွေက ကြိုက်တာကွ"

"အမယ်...စကားပြောတာ ကြီးကျယ်လို့"

အမုန်း ဒီလို အရာရာမှာ ငွေနဲ့ဖြေရှင်းတတ်သူတွေကို စကား ဆက်မပြောချင်တာကြောင့် လှည့်ထွက်လာခဲ့တော့သည်။ ဒီငွေ နှစ်သောင်းနဲ့ ကိုယ့်သိက္ခာကို တန်ဖိုးဖြတ်ပြီးယူစရာလား။

အမုန်းဆိုတဲ့ကောင်က...

ထမင်းငတ်ရင် ရေသောက်ပြီး ဗိုက်မှောက်အသေခံသွားမယ်။ သူများဆီက ဘယ်တော့မှ မတောင်းမယူ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"မမ ပြန်လာပြီ"

ထာဝရ ပြန်လာတာနှင့် သီဟက အပြေးလေး လာကြိုလေသည်။ ဒီလိုလာကြိုပေးတာကပဲ ထာဝရအတွက် အမောပြေလေ။ ထာဝရကလည်း ဒီမောင်လေးအတွက်ဆို လိုရာဖြစ်စေ လုပ်ပေးခဲ့တာကိုး။ အစတုန်းကတော့ ဒီလိုပျော်ဖို့ မနည်းစည်းရုံးခဲ့ကြရတာပါ။ နောက်ပိုင်းတော့ ကြာလာသည်နှင့်အမျှ သူ့အစ်ကိုတွေကို လုံးဝမေ့သွားသည်ထင်ပါရဲ့။

"မမ…ပေး…သား သယ်ခဲ့မယ်"

ထာဝရလက်ထဲက ဝယ်လာတဲ့မုန့်တွေကို အတင်းယူလေလျှင်

"ရပါတယ် မသယ်ပါနဲ့။ ခုလိုကြိုတာကပဲ မမအတွက် အမောပြေနေပါပြီ"





"ပေးပါဆို"

"ကဲ…ဒီလောက်သယ်ချင်နေလည်း…ရော့"

"ဖေဖေ…မေမေ ဒီမှာ မမ ပြန်လာပြီ"

သီဟက အော်လည်းအော် အထုပ်တွေကိုလည်း စားပွဲပေါ်တွင် ချလိုက်ပြီးနောက်-

"မမ ဘာသောက်မလဲ…သံပုရာလား…ရေလား"

"အမယ် သံပုရာဆို မောင်လေးက ဖျော်တတ်လို့လား"

"ဒေါ်ယုရှိတာပဲဥစ္စာ…ဒေါ်ယုကို ဖျော်ခိုင်းမှာပေါ့ မမရဲ့"

"နေပါစေ ရေပဲသောက်မယ်"

"အိုကေ…သုံးမိနစ်ပဲစောင့်"

ပြောပြီး ထပြေးသွားတဲ့ သီဟနောက်ကျောကို ကြည့်ရင်း ထာဝရရင်မှာ ပီတိဖြာလို့ အပြုံးတွေခြယ်၊ လမ်းမှာဖြစ်လာတဲ့ဒေါသတွေလည်း ပြယ်သွားခဲ့ပါပြီ။

သီဟက ရေတစ်ခွက် ခပ်လာပေးပြီးနောက်-

"ရော့ဗျာ…မင်းသမီးလေးသောက်ဖို့… ရေ"

"မောင်လေးက အရမ်းလိမ္မာတာပဲ။ အဲဒါကြောင့် မမက အရမ်းချစ်နေရတာပေါ့"

"ဟုတ်လား"

"အင်း"

"ကိုယ့်စကားကိုယ် မှတ်ထားနော်"

"ဟင်"

ထာဝရ သီဟစကားကို နားမလည်ဖြစ်သွားစဉ်မှာပဲ သီဟက



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်ပြီး-

“မောင်လေးထက်ချစ်ရတဲ့သူရှိလာရင် အဲဒီစကားကို သတိရလို့ပြောတာ”

“သြော်…မောင်လေးရယ်…မမက ချစ်သူရှိလာလည်း မောင်လေးကို ချစ်တဲ့အချစ်က လျော့သွားမှာမဟုတ်ပါဘူး။ အချစ်ဆိုတာ မျှဝေပေးလို့ လျော့သွားတဲ့အရာမှမဟုတ်တာ”

“ဟုတ်လား”

“ဒါပေါ့”

ခေါင်းလေးကို ပွတ်သပ်ပေးမိပြီး သီဟကို ဖက်လိုက်တော့ သီဟက ထာဝရခါးကို ပြန်ဖက်ထားလေသည်။

“မောင်နှမတွေ တော်တော်ချစ်နေကြတယ်ပေါ့လေ… ဟုတ်လား”

“ဖေဖေ”

ဖေဖေသာ ခေါ်လိုက်ပေမယ့် ရောက်လာတာ မေမေပါသည်လေ။ မိဘနှစ်ပါးကို မြင်လိုက်ရတော့ ဟိုကိစ္စ ဖွင့်ပြောရမလားလို့ တွေးမိသွားလေ၏။ အမုန်းနဲ့ တွေ့ခဲ့တဲ့ကိစ္စလေ။ သေချာတာ မသေချာတာတော့ မသိသေးပါဘူး။ လောကကြီးမှာ လူတူမရှားနာမည်တူမရှားဆိုတော့ ခက်သားပေါ့။

“မောင်လေး”

“ဗျာ”

“ဒီအထုပ်တွေ ဒေါ်ယုကို သွားပေးလိုက်နော်”

“ဟုတ်ကဲ့”





ထာဝရ သီဟကို ပထုတ်လိုက်တာ ဖြစ်၏။ ပြောစရာရှိတာကို သူ့ရှေ့မှာပြောလို့ မဖြစ်ဘူးလေ။ ဒါကြောင့်ပါ။ သီဟ ထွက်သွားတော့မှ-

“မေမေ”

“ဟင်”

“ဒီနေ့ သမီး လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်…သိလား”

ထာဝရစကားကြောင့် ဦးစံထွန်းနဲ့ဒေါ်သီတာခိုင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိကြသည်။

“သွားလေရာအရပ်မှာ လူတွေရှိနေမှတော့ လူတစ်ယောက်နဲ့ တွေ့ခဲ့တာ ဆန်းသလား သမီး”

“ဟာ…ဖေဖေကလည်း တွေ့သမျှလူတော့ လူချည်းပဲပေါ့။ ဒါပေမယ့် သမီး မတူတာကို ပြောပြမယ်”

“အင်း…ပြောပါဦး”

“အခု သမီးတွေ့ခဲ့တဲ့လူက အမုန်းများ ဖြစ်နေမလားလို့ပါ”

“ဟင်”

“အရင်တုန်းက နတာနဲ့ အသက်ရလို့ နည်းနည်းရင့်ပုံပေါက်တာကလွဲရင် အမုန်းပဲ”

အမုန်းဆိုတာနှင့် စိတ်တွေက ဘယ်လိုဖြစ်သွားမှန်း မသိတော့ပေ။ အရင်နေရာမှာတုန်းက တွေ့ကြမှာစိုးလို့ သူတို့ အိမ်ပြောင်းခဲ့တာ။ ရန်ကုန်မြို့က အကျယ်ကြီးပဲလေ။ မတွေ့လို့မှ မတွေ့ခဲ့ကြတာ အခုထိပါပဲ။

အခုမှ…



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား သမီးရယ်"

"သေချာတာ မသေချာတာတော့ မသိဘူးလေ မေမေရဲ့။ သမီးက ဖြစ်နိုင်သလားလို့ စိုးရိမ်စိတ်နဲ့ ပြောပြတာပါ"

"သိပ်လည်း စိတ်ပူမနေပါနဲ့ သမီးရယ်…သူနဲ့တွေ့တာ သမီးလေးရယ် သီဟနဲ့ တွေ့တာမှမဟုတ်တာ။ ၅ နှစ်ဆိုတဲ့အချိန်မှာ ပြောင်းလဲမှုတွေ အများကြီး။ ပြန်တွေ့လည်း သားက သူတို့ကို မှတ်မိမှာမှ မဟုတ်တာ။ အခု သမီးနဲ့တွေ့တာတောင် ဧဝေဇဝါတွေပဲ မဟုတ်ဘူးလား"

"အဲဒါတော့ ဟုတ်တယ် မေမေ။ သူ သမီးကို မှတ်မိပုံမပေါ်ဘူး"

"သမီး တွေ့လာတာ အမုန်း ဟုတ်ချင်မှလည်း ဟုတ်မှာပါ"

မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပေါ့။ သီဟကို တွယ်မိကြတဲ့ သံယောဇဉ်ကလေးမှ မသေးတော့ပဲလေ။ အရင်က လိုလိုချင်ချင် ပေးခဲ့တာပေမယ့် အခုမှ ပြန်တောင်းရင် ဘယ်လိုလုပ်မလဲ။ အဲဒီတုန်းက စာချုပ်စာတမ်းတွေမှ မလုပ်ဖြစ်ခဲ့ကြတာ။ သူတို့ဘက်က အကြောင်းတွေရှိနေချိန်မှာပဲ ကိုယ်တွေဘက်က စိတ်လောပြီး စိုးရိမ်စိတ်တွေနှင့် ပြောင်းခဲ့ကြတာ။

ပြီးတော့…

သီဟလေး ပြန်မှတ်မိပြီး သူ့အစ်ကိုတွေကို သံယောဇဉ်တွယ်သွားရင်ဖြင့်…

ဟူး…

စိတ်မောရပါလားနော်။ ဒါ သံယောဇဉ်ကြောင့်ပဲပေါ့။





"သမီး"

"ရှင်"

"သမီးက ကြိုတွေးပြီး ကြောက်နေတာပါ။ ဘာမှန်းမသိဘဲနဲ့ စိတ်ထဲထည့်ပြီး စိုးရိမ်မနေပါနဲ့…နော်"

"ဟုတ်ကဲ့ပါ မေမေ"

"ဟုတ်သားပဲ သမီးရယ်…ကြိုတွေးပြီး စိတ်ညစ်မနေနဲ့။ နောင်ခါလာ နောင်ခါချေးပဲ"

"ဒါနဲ့ ဘယ်လိုတွေ့ခဲ့ကြတာလဲ သမီး"

"အမယ်လေး…တွေ့ပုံကတော့ ဒီလို ဖေဖေရေ"

ထာဝရ သူနှင့်တွေ့ပုံ ဘုဘောက်ကျခဲ့ရပုံတွေကို အစအဆုံး ပြောပြလိုက်တော့ ဦးစံထွန်း တွေတွေကြီးနှင့် နားထောင်နေသည်။ ထူးထူးခြားခြား အမုန်းဆိုတဲ့နာမည်နဲ့ ဒီကောင်လေးကို သူ နာမည်သာ ကြားဖူးပြီး လူကိုတော့ မမြင်ဖူးပေ။ သမီးပြောပုံအရဆို မာနကတော့ မသေးပါလား။

ဝမရှိဘဲ ဝိလုပ်ချင်တဲ့ မာနမျိုးလား။

ဘာပဲဖြစ်ဖြစ် နောက်ထပ် သီဟနဲ့ရော သမီးနဲ့ပါ မတွေ့စေချင်။ သားနဲ့တွေ့မှာကို ပိုစိုးရိမ်ရတာပေါ့။ တော်ကြာ သားက မမှတ်မိတောင် သူတို့က မှတ်မိရင် မလွယ်ဘူးလေ။

"မာနကတော့ မသေးဘူးနော်"

ပြောလိုက်တာ ဒေါ်သီတာခိုင် ဖြစ်၏။ သူမက မျက်မြင်ကိုယ်တွေ့ပဲလေ။ သားနဲ့ပတ်သက်ပြီး သူမ သိခဲ့တာ၊ အမုန်းက ပိုက်ဆံဆီးပြီး ကူညီလို့မရဘူးဆိုတာပါပဲ။ သူမ ပေးခဲ့ဖူးသည်လေ။ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တွေ…အဲဒီတုန်းက အမုန်း ပြောခဲ့တာ-

"နေပါစေ ဆရာမ…ကျွန်တော်က ညီလေးရဲ့အနာဂတ်လှပစေဖို့အတွက် ဆရာမတို့ရင်ခွင်ထဲကို ပြောင်းထည့်ပေးတာပါ။ ကျွန်တော်တို့အတွက်ငွေလိုလို့ မဟုတ်ပါဘူး"

"အဲဒီလို မဟုတ်ပါဘူးကွယ်"

"ဒီငွေကိုပါ ပြန်ယူသွားပါ ဆရာမ။ ကျွန်တော် အကျိုးလိုလို့ ညောင်ရေလောင်းတာမဟုတ်တဲ့အတွက် ငွေနဲ့ တန်ဖိုးဖြတ်မယ်ဆိုရင် ညီလေးကို မပေးနိုင်ပါဘူး"

လို့ အပြတ်ပြောခဲ့သူ။ အဲဒီနေ့ကပဲ ဒေါ်သီတာနိုင် အမုန်းစိတ်ခတ်ကို လေးစားသွားခဲ့တာပါ။ သူများဆီက အချိုအချောင်ရမယ်ဆိုရင် လူသေကောင်ပါးစပ်ထဲက ကူးတို့ခတောင် လိုက်နှိုက်မယ့်လူမျိုးထဲမှာ အမုန်း မပါပေ။ အဲဒီစိတ်မျိုး ဒေါ်သီတာနိုင်က ကြိုက်ပေမယ့်…

"ဘာမာနလဲ…ဆန်မရှိသောက်စားကြီးတဲ့မာနပဲ ဖြစ်မှာပေါ့ကွာ။ အခု သမီးနဲ့တွေ့တာ သူဟုတ်ချင်မှလည်း ဟုတ်မှာပါ"

"ဘယ်သူ့ကို ပြောတာလဲ ဖေဖေ"

"သြော်…သား"

သီဟ ပြန်ရောက်လာသဖြင့် စကားလမ်းကြောင်းလွှဲကာ-

"ဖေဖေ့သူငယ်ချင်းကို ပြောတာပါ သားရ။ ဘယ်လိုလဲ…မယု ဘာဟင်းချက်လဲ…စပ်စုလာခဲ့ပြီလား"

"ဒါပေါ့…ဒီနေ့ ရှယ်ပဲ…သားကြိုက်တဲ့ ပုစွန်ဆီပြန်လည်းချက်တယ်"

ရွှေပဒေသာစာပေ



"ဗိုက်ဆာနေပြီလား"

ဦးစံထွန်းက သီဟဗိုက်ကို ပွတ်ပေးပြီး ပြောလေတော့ သီဟကရယ်ကာ-

"ဟဲ…ဟဲ…ဆာသလိုလိုပဲ"

"အဲဒါဆို မုန့်စားထားလိုက်လေ"

"ဟာ…ဖေဖေကလည်း သားက အကောင်းမှတ်လို့"

"အခု ဆိုးနေလို့လား"

"ရှင်ကလည်း ကလေးကို စနေပြန်ပြီ။ ကဲ…သား ရေသွားချိုးတော့လေ"

"ဟုတ်ကဲ့"

သီဟ ပြန့်ထွက်သွားတော့မှ ကိုယ်စီ သက်ပြင်းချမိကြ၏။ ဒီကလေးနဲ့ပတ်သက်ပြီး ကြိုတွေးရတာ စိတ်မောပါတယ်လေ။

ဒါပဲလေ…

ကိုယ်ကိုယ်တိုင်ထုတဲ့ ပန်းပုရုပ်ကလေးမဟုတ်တော့ ပိုင်ရှင်ပြန်လုမှာ ကြောက်နေရသည့်အဖြစ်ပဲပေါ့။

♥♥♥

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အမှုန်းမျက်ဝန်းထဲမှာ ဟိုကောင်မလေးမျက်နှာပဲ ခဏခဏ ပေါ်လာတာ စားစားသွားသွားပါပဲ။ စိတ်ဝင်စားတာတော့ မှန်ပါတယ်။ ဒါပေမယ့် သူ့စိတ်ဝင်စားနည်းက တစ်မျိုးလေး။ ဒီမျက်နှာကို မြင်ဖူး သလိုရှိနေလို့ စိတ်ဝင်စားတာ။ သူသိတဲ့သူများဖြစ်နေမလားလို့ပါ။ တူတာတော့ တော်တော်လေးကို တူနေသလားလို့ပါ။

သူ သိချင်တာ...

အခုဆိုရင် ညီလေးသီဟ ၁၀ နှစ်သားရှိနေပြီဆိုတော့ ထွားနေ မလား။ ပိန်လား ဝလား။ သူတို့နဲ့ အဆင်မှပြေရဲ့လားဆိုတာတွေပေါ့။ အဆင်ပြေတယ်ဆိုရင် သူ ကျေနပ်နေမှာပါ။

သတိရလိုက်တာ ညီလေးရယ်...





ဘဝအခြေအနေမပေးလို့ ဝေးခဲ့ရပေမယ့် မေ့မရဘူးဆိုတာ ယုံပါ။ မင်း ကျန်းမာချမ်းသာစွာနဲ့ ရှိနေတယ်ဆိုရင် ကိုကြီးက ကျေနပ် ပီတိ ဥမ်းဆီထိနေမှာပါကွာ။

"ဒီမှာ"

"ဟင်"

"အဖြစ်နိုင်ဆုံး နည်းလမ်းကိုပြောမယ် နင် လက်ခံနိုင်မလား"

"ပြောကြည့်ပါ"

"မေမေပြောတာ ကလေးက အရမ်းအရေးကြီးနေတာတဲ့။ အဲဒီ တော့ နင့်မှာ ပိုက်ဆံမရှိရင် ပစ်ရတော့မှာပဲလေ။ အဲဒီတော့ ဒီကလေး ကို တို့အပိုင်လိုချင်တယ်...ပေးမလား"

"ဘာ"

မြင်ယောင်ကြားယောင်မိတာအတွက် ရင်ထဲမှာ စူးကနဲ နာကျင် သွားရ၏။ အသေမပစ်နိုင်လို့ အရှင်ပစ်ခဲ့ရတဲ့ ကိုယ်တို့ဘဝ။ ဟုတ်မှာ ပါ ခပ်တည်တည်ပြောသွားတဲ့မျက်နှာနဲ့ ခပ်စွာစွာ ရန်တွေ့သွားတဲ့ မျက်နှာ သိပ်မကွာလှပါဘူး။

အခု...

သူတို့ ဘယ်မှာနေလဲ။

ဘာအလုပ်တွေလုပ်နေလဲ။

ဘယ်နေရာတွေ သွားတတ်လဲ။

ဒါတွေသိရဖို့အတွက် စုံစမ်းဖို့ နောက်တစ်ခါ ထပ်တွေ့ချင်ပါ သေးသည်။ ကိုယ့်ညီလေးကို ညီလေးလို့ခေါ်ခွင့်မရရင်နေပါစေ။ အဝေးကနေ မျက်နှာလေးမြင်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သြော်…သီဟာရယ်…

"ကိုကြီး"

"……………"

"ကိုကြီး"

"ဟော…ကွာ"

လက်မောင်းကို ကိုင်လှုပ်ပြီးခေါ်လိုက်မှ ထူးတာက လန့်ထူး ထူးလိုက်သည့်ပုံစံပါ။

"ဘာဖြစ်နေတာလဲ"

"ဟင်…ဘာဖြစ်လို့လဲ"

"မသိဘူးလေ…ကျောက်ရုပ်ကြီးများ ဖြစ်နေသလားလို့၊ မလှုပ်မယှက်နဲ့ ဘာတွေ ဒီလောက်တောင် စဉ်းစားနေရတာလဲ ကိုကြီးရ"

"စဉ်းစားတော့ စဉ်းစားနေတာ"

"ဗျာ"

"ငါ ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်ကွ"

"ဟာ…ကိုကြီးကလည်း ဘယ်နေရာပဲသွားသွား ကောင်မလေးတွေက အများကြီးပဲဥစ္စာ။ ကောင်မလေးတစ်ယောက်နဲ့ တွေ့တာ ဆန်းလို့လားဗျ"

"အခု ငါတွေ့ခဲ့တဲ့ ကောင်မလေးက ဆန်းတယ်လေကွာ"

"ဘာလဲ…ဂျိုပေါက်နေလို့လား…အတောင်ပေါက်နေလို့လား"

"ဟော့ကောင်"

ကိုကြီး အော်တော့ သူရ ရယ်နေမိ၏။ ဟုတ်တယ်လေ။ သူ





ပြောပုံက ဘာကြီးမှန်းမှမသိတာ။ မေးစရာဖြစ်နေလို့ မေးလိုက်တာ သူ လွန်သလား။

"ကိုကြီးပြောပုံက မေးစရာဖြစ်နေတာကိုး"

"ငါ ရှင်းအောင်ပြောပြမယ် နားထောင်။ ငါ တွေ့ခဲ့တဲ့ ကောင်မလေးက ဟိုတစ်ယောက်များ ဖြစ်နေမလားလို့ကွ"

သူရ မျက်မှောင်ကြုတ်သွားပြီး-

"ဘယ်တစ်ယောက်လဲ"

"သီဟာကို မွေးစားတဲ့အိမ်က ဆရာမရဲ့သမီးလေ…မင်း မှတ်မိလား"

မှတ်မိလားမေးလို့ ပြန်စဉ်းစားကြည့်တော့ ဇဝေဇဝါပါ။ အဲဒီတုန်းက သူရ ငယ်သေးတယ်လေ။ ဂါဝန်လေးနဲ့ မလှလှလေးဆိုတာတော့ သတိရပါသည်။ မျက်နှာကိုတော့ သေသေချာချာ မမှတ်မိတော့ပါဘူး။

"မင်း မှတ်မိလား"

ထပ်မေးလေတော့မှ…

"ဇဝေဇဝါပဲ"

"မင်း ဇဝေဇဝါပေမယ့် ငါကတော့ မှတ်မိတယ်"

"ထားပါတော့…အဲဒါနဲ့ ကိုကြီး ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့တာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ…အခု ငါ တွေ့ခဲ့တဲ့ ကောင်မလေးက အဲဒီ ကောင်မလေးများ ဖြစ်နေမလားလို့ ငါ စဉ်းစားနေတာ။ ဟုတ်ဖို့ကတော့ မသေချာဘူးနော်။ လူတူမရှား နာမည်တူမရှားဆိုတာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်ကွ”

“ဒါနဲ့မျှား”

“ဒါနဲ့မျှား မလုပ်နဲ့၊ ငါက သီဟကို သတိရနေတာ”

ပြောပြီး ငေးငိုင်သွားတဲ့ ကိုကြီးကိုကြည့်ပြီး သူရလည်း စိတ်မကောင်းဖြစ်ရသည်ပေါ့။ သူရလည်း သီဟကို သတိရတာပေါ့လေ။ ဒါပေမယ့် ပြန်လုပ်ယူလို့မှမရတာ။ ပေးပြီးမှ ပြန်တောင်းရအောင် ကလေးကစားစရာ အရုပ်ကလေးလည်း မဟုတ်ပေ။ ကိုယ့်ညီကို တွေ့ချင်မြင်ချင်ပေမယ့်...

တွေ့ရင် မြင်ခွင့်သာရမယ်...

ခေါ်ခွင့်ကရမှာမဟုတ်တော့ပေ။ ညီအစ်ကိုချင်းတူပေမယ့် ဘဝချင်းခြားနားကာ အဆင့်အတန်းတွေ ကွာသွားခဲ့ပါပြီ။

“ညီလည်း သတိရတာပေါ့ ကိုကြီးရာ။ အချိန်တိုင်း အမြဲတမ်း မဟုတ်ပေမယ့် တိုက်ဆိုင်မှုတွေရှိတဲ့အခါတိုင်းမှာပေါ့။ လွမ်းတယ် သတိရတယ်။ ကျောင်းမှာ ကိုယ့်ထက်ငယ်တာလေးတွေ ကြည့်ပြီး ငါ့ညီလေး ခုဆိုရင် အသက်ဘယ်လောက်ရှိပြီ...ဘယ်အရွယ်လောက် တော့ ရောက်နေပြီပေါ့လို့ တွေးမိပါတယ်”

ညီ့စကားကြောင့် အမှန်းရင်ထဲမှာ ဆို့သွားသည်။ သူလည်း ကိုယ့်လိုပါပဲလား။ ကိုယ်လည်း ညီလေးသီဟအရွယ်တွေကို မြင်တိုင်း ငေးပြီး လွမ်းခဲ့ရတာပဲလေ။

“ငါ အဲဒီတစ်ယောက်နဲ့ နောက်ထပ် တွေ့ချင်သေးတယ်။ တွေ့ရင် သိပ်ကောင်းမှာပဲ။ အဲဒါမှ သီဟကို မွေးစားတဲ့သူ ဟုတ်မဟုတ် စုံစမ်းလို့ရမှာ”





“ကံမကုန်ရင် ပြန်ဆုံကြရမှာပေါ့ ကိုကြီးရာ”

“အေး...အဲလိုပဲ တွက်ရတော့မှာပေါ့”

“မနက်ဖြန် ကျွန်တော် ကျောင်းပိတ်တယ် ကိုကြီး...အဲဒါ ကျွန်တော် ကိုကြီးအလုပ်ထဲမှာ အလုပ်လိုက်ဆင်းမယ်”

“ဘာ”

အလုပ်မခိုင်းချင်လို့မှ ကျောင်းတက်ခိုင်းတဲ့ကိစ္စကို ဘာလို့ အလုပ်လုပ်ချင်နေရပါလိမ့်။ ငယ်ငယ်ကတည်းက ပန်းရံ၊ လက်သမား အလုပ်တွေကို လုပ်ခဲ့ရတော့ အခုဆိုရင် အမုန်းက ဆရာကြီး ဖြစ်နေပြီလေ။

“နော်...ကိုကြီး”

“မင်းက ဘာလုပ်မှာလဲ...မလုပ်နဲ့”

“ကျွန်တော်က ကလေးလေးမှ မဟုတ်တော့တာ ကိုကြီးရဲ့... ကိုကြီးကိုပဲ ပန်းဝန်လေးမခံနိုင်ဘူး။ ကျွန်တော်လည်း တာဝန်ခွဲဝေပြီး နိုင်ရာဝန် ထမ်းချင်တယ်”

“ဘာ”

“အဲလိုမှမဟုတ်ရင် ကျွန်တော် ကျောင်းမတက်တော့ဘူး”

“ဟေ့ကောင်”

“အဲဒါ ညီ တကယ်ပြောတာနော်...မယုံမရှိနဲ့”

“ဟေ့ကောင်...ငါက အကြီးနော်။ ငါ့တာဝန် ငါထမ်းမယ်။ မင်း စာကိုပဲ ကြိုးစား။ ဘာမှလုပ်စရာမလိုဘူး။ ငါ့စကားကို နားမထောင်ရင်တော့”

သူ့ရဲအကြည့်က ပေကပ်ကပ်ပါ။ ကိုကြီးစကားကို နားမထောင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဆူမှာလား ရိုက်မှာလား။ သတ်ပစ်တဲ့အထိဖြစ်မှာမှ မဟုတ်တာ။ ကိုယ်က ဖွတ်လုပ်မှဖြစ်တော့မှာပါ။ မဟုတ်ရင် ကိုကြီးတစ်ယောက်တည်း ပင်ပန်းနေတာ သူရ မကြည့်ရက်တော့ပါဘူး။ ဒါကြောင့်-

"ဘာလဲ…ကိုကြီး သတ်မှာလား"

"ဟုတ်ကောင်"

"မနက်ဖြန်လိုက်မှာပဲ"

"ကျွတ်"

ပြောပြီး သူရ ထသွားတာကို မတားဆီးလိုက်နိုင်။ ဒီကောင်ကလည်း အမုန်းရဲ့ညီလို့ မပြောရဘူး။ သူလုပ်ချင်တာရှိရင် ဖွတ်ပဲလေ။ တားလို့ရမှာမဟုတ်တဲ့အတူတူ တားမနေတော့ပါဘူး။

တစ်ခါတလေတော့ လုပ်ချင်တာလုပ်ပါစေ။

♥♥♥





## အခန်း (၁၃)

"အမုန်း"

"ဟင်"

"အင်ဂျင်နီယာမမက မင်းနဲ့ တွေ့ချင်လို့တဲ့…သွားလိုက်ဦး။ ငါတော့ မြင်ပြီးပြီဟေ့။ မြင်ပြီး ရင်ခုန်သံတွေ ထိန်းမရသိမ်းမရဖြစ်နေလို့ အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်ရော။ တော်ကြာ ဖက်နမ်းချင်စိတ်ပေါက်မှာစိုးလို့ လစ်လာရတာ"

"အဲဒီလောက်တောင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ပိုသေးတယ်…မယုံရင်ကြည့်ကွာ…မင်း တွေ့မှာပါ။ လက်ချောင်းလေးတွေ သွယ်သွယ်လေးတွေနဲ့ အသားလေးကဖြူနုနေတာပဲ။ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်နေဖို့ကောင်းတာ"

"သူ့ပဲထိုင်ကြည့်နေရင် မင်း ထမင်းငတ်မှာပေါ့ လာဒရဲ့။ အဲဒီလောက် ငမ်းကြောထမနေနဲ့။ ကိုယ့်အလုပ်ကိုယ်လုပ်"

ခင်ဦးတစ်ယောက် အင်ဂျင်နီယာမအကြောင်း ပြောနေတာ ပါးစပ်ထဲက သွားရည်တွေ ထွက်ကျလုမတတ်ပါပဲ။ အလုပ်ထဲမှာ သူများတွေသာ ဟိုမိန်းကလေး ဒီမိန်းကလေးအကြောင်း ပြောကြတာ အမုန်းကတော့ မပြောပေ။ သူများသားပျိုသမီးပျိုကို ထင်ရာပေါက်တမ်း ဘာလို့ ပါးစပ်အရသာခံပြီး ပြောနေရမှာလဲ။

ကိုယ့်ဘဝကိုယ့်အကြောင်းနဲ့ကိုယ်တောင် စဉ်းစားရ တွေးတောရ၊ နာကျင်ရနှင့် အပိုအလုပ်တွေ လုပ်ချင်စိတ်လည်း မရှိပါဘူး။

"သွားတာလား"

"သွားပြီ…သွားပြီ"

"ဟိုရောက်ရင် စိတ်လည်းထိန်းဦးနော်။ တော်ကြာ ကိုယ့်ပုဆိုးကျွတ်ကျတာတောင် မသိလို့ ကုန်းမကောက်ဖြစ်ရင်…ဟီး…ဟီး"

"ဟီးမနေနဲ့…ငါ့နာမည်ကိုက မုန်းမရ"

အမုန်း ဘာအဓိပ္ပာယ်နှင့် ပြောသွားသည်ဆိုတာကို မသိကြပေ။ သူကတော့ သိနေတာပေါ့။ မုန်းမရဆိုတဲ့ကောင်က သူများကို ကိုယ်မမုန်းသလို ကိုယ့်ကိုမုန်းလည်း ဂရုမစိုက်သူ။ မိန်းကလေးအချို့ဆို ချစ်နေလို့ မုန်းမရသည့်တိုင် သူ့ဆီက တုံ့ပြန်မှုကို မရရှိခဲ့ကြဘူးလေ။

"ဟော…လာပြီ"





လာပြီဆိုလို့ ထာဝရ လှည့်ကြည့်လိုက်တော့-

"ဟင်"

"…………"

"လာလေ အမုန်း"

အမုန်းနှင့်ထာဝရ မျက်နှာချင်းဆိုင်မိကြတော့-

"ရှင့်နာမည်က အမုန်းလား"

"မုန်းမရ"

"စကားပြောကြဦးနော်…ကျွန်တော် သွားလိုက်ဦးမယ်"

သန်းစိုးက ပြောပြီးထွက်သွားလေသည်။ အမုန်းကိုခေါ်ပေးပြီးလို့ အမုန်းလာပြီဆိုရင် သူ့တာဝန်ကျေပြီလေ။

"နာမည်က တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"မုန်းမရဆိုလို့ပါ…ချစ်ရအောင်မဟုတ်လို့ တော်သေးတာပေါ့"

"မင်းက ခေါ်ချင်လို့လား…ခေါ်ချင်ခေါ်ပါ…ရက်ရက်ရောရော ခွင့်ပြုတယ်"

"ဘာ"

ထာဝရ မျက်နှာလေး တင်းကနဲ ဖြစ်သွားလေ၏။ သူ့နာမည်မေးနေတာ သူ့ကို စိတ်ဝင်စားလို့များ မေးတယ်ထင်နေလား မသိပါဘူး။ ဒီက ဒွဲတိုးမေးမဖြစ်လို့ ဇွဲဝိုက်မေးနေတာ ကိုယ့်အကြောင်းနဲ့ဆိုယ်။ ကိုယ့်မောင်လေးနဲ့ပတ်သက်နေမှာစိုးလို့လေ။ ခုတော့ ကိုယ်ထင်တဲ့သူဖြစ်နေတော့…



www.burmeseclassic.com

www.burmeseclassic.com



စကားပြောချင်စိတ်ကုန်ကာ မပတ်သက်ချင်တော့ပါဘူး။ အလုပ်ကိစ္စနဲ့မပတ်သက်လို့ကလည်း မရ။ ခုမှ ခက်တော့ခက်နေပါပြီလေ။

ဟူး…

"ဒါနဲ့ မင်းနာမည်ကရော"

"…………"

"မေးနေတယ်လေ"

ထာဝရ မျက်လွှာတစ်ချက် ပင့်ကြည့်ပြီး–

"ထာဝရ"

"နောက်မှာ ရှိသေးတယ်ထင်တယ်"

"ရှိတယ်…ဘာဖြစ်လို့လဲ"

"ထာဝရ ချစ်ရမှာလား မုန်းရမှာလား"

"ရှင်နော်"

"နာမည်ကို မေးတာပါ။ ထာဝရဆိုရင် နောက်မှာ ချစ်တာ မုန်းတာ တစ်ခုခုတော့ ပါရမှာပေါ့"

"ဟုတ်တယ်…ပါတယ်။ ဒါပေမယ့် ရှင်ပြောသလို ချစ်တာ မုန်းတာတွေတော့ မဟုတ်ဘူး။ ကျွန်မနာမည်အပြည့်အစုံက ထာဝရ တွယ်တာရှင့်…ထာဝရတွယ်တာ…သိပြီလား"

"သြော်…သိပါပြီ"

ထာဝရ တကယ်ကို စိတ်တိုရပါသည်။ နာမည်ကိုများ ကြံကြံ ဖန်ဖန် လိုက်မေးနေရသေးတယ်။ ဘယ်လိုလူလဲ မသိပါဘူး။ မှန်းမှန်း ချစ်ချစ် သူ့အပူလား။ ဒါကိုပဲ လိုက်မေးနေတာ ကတ်ဖိုးကတ်ဖဲ့နဲ့။





"မင်းက ငါနဲ့တွေ့ချင်လို့ဆို"

"ဟုတ်တယ်"

"ဘာကိစ္စလဲ…ပြောပါဦး"

"ဒီတိုက်ဆောက်ဖို့အတွက် တိုက်ပုံစံနဲ့အချိုးအစားအားလုံး အတွက် ကျွန်မက တာဝန်ယူထားတဲ့ အင်ဂျင်နီယာလေ။ အဲဒီတော့ ရှင်နဲ့ကျွန်မ တိုင်ပင်စရာရှိလို့ပေါ့"

"ကဲ…ပြော…မင်းက ဘယ်လိုဖြစ်ချင်လဲ"

ပြောပြီး အလုပ်ကိစ္စ ဆွေးနွေးကြတော့ ပြေပြေလည်လည် ကောင်းကောင်းမွန်မွန်ပါ။ အလုပ်ကိစ္စဆိုတော့ မပြေလည်ချင်လည်း ပြေလည်ရမှာပဲလေ။

အမုန်း…

ထာဝရ မျက်နှာကို ကြည့်လိုက်မိတိုင်း ကိုယ့်ညီလေး သီဟ မျက်နှာကိုပဲ မြင်ယောင်နေမိသည်။ ညီလေးကို မွေးစားခဲ့တာ သူပဲ လား။ အဲဒီတုန်းက ဆရာမနာမည်ကိုသာသိပြီး သူ့သမီးနာမည်ကို မသိခဲ့ပေ။ မေးထားလိုက်ရအကောင်းသားလို့ နောင်တရရင်းပဲ သူမ အကြောင်းကို အမုန်း စုံစမ်းမှုဖြစ်မှာပါ။

"ဒီမှာ"

"ဟင်"

"ကျွန်မပြောတာတွေ ကြားရဲ့လား"

"ကြားပါတယ်"

"ကြားရင်ပြီးတာပဲ"

"ဒါနဲ့ မင်းအမေနာမည် တစ်ဆိတ်လောက် သိခွင့်ရှိမလား။



www.burmeseclassic.com

www.burmeseclassic.com



အပန်းမကြီးရင် ပြောတာပါ”

“ဘာလုပ်မလို့လဲ”

“သိချင်လို့ပေါ့”

ထာဝရ နှုတ်ခမ်းလေးမဲ့သွားလေ၏။ ဒီလိုမေးတိုင်း ပြောမတဲ့လား။ သူ ဘာကြောင့်မေးသည်ဆိုတာကို ထာဝရ သိသည်လေ။ သူ အမုန်းဆိုတာ သေချာလို့ ကိုယ့်ကို သူ့ကရော မှတ်မိနေတာလား။ ဒီလိုရကြေးလား မုန်းမရရယ်။

“နေစမ်းပါဦး…ရှင်က ကျွန်မအမေနာမည်ကို သိချင်နေရအောင် ရှင် အလုပ်လုပ်မှာ ကျွန်မနဲ့လား…ကျွန်မအမေနဲ့လား”

“အလုပ်လုပ်မှာကတော့ မင်းနဲ့ပါ”

“ဒါဆို ကျွန်မအမေရဲ့နာမည်ကို ရှင် သိစရာမလိုဘူးထင်တယ်”

“မပြောချင်လည်းနေပါ…ရပါတယ်”

ကိုယ့်ဘာသာရအောင် စုံစမ်းမှာပေါ့ဆိုတဲ့စကားက ရင်ထဲမှာသာ။ ထာဝရတွယ်တာဆိုတဲ့နာမည်ကို သိမှတော့ သူ့မအမေရဲ့နာမည်ကို စုံစမ်းရမှာ မခက်တော့ပါဘူး။ သူ ဘယ်လိုပဲဝှေ့နေနေ အဖြေထွက်လာမှာပေါ့။ ကိုယ်က မပြောတာနဲ့ ဒီအတိုင်း ငိုင်ကျန်ခဲ့မယ့် ခပ်ညံ့ညံ့ယောကျ်ားမှ မဟုတ်တာ။

“ရှင်…သွားလို့ရပါပြီ”

“ခေါ်တော့လည်း မင်း၊ နှင်တော့လည်း မင်းပဲ…အမျိုးမျိုး”

“ခေါ်တာက အလုပ်ကိစ္စဆွေးနွေးဖို့လေ။ အခု ပြီးသွားပြီပဲဥစ္စာ”





“ပြီးတာပဲ”

အမုန်း သူမကို ကျောခိုင်းကာ ထွက်လာခဲ့တော့၏။ သူ့အမေနာမည်ကို မေးလို့မရဘူးဆိုတော့…

ထာဝရ…

အမုန်းကို မှတ်မိနေလို့လား။ အမုန်းစိတ်ထဲမှာ အတွေးပေါင်းများစွာနှင့်…

ဩော်…ညီလေးရယ်…။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

အမုန်း…ထာဝရတွယ်တာဆိုတဲ့နာမည်နဲ့ သူ့အကြောင်း စုံစမ်းလိုက်တော့ သိပ်အခက်အခဲ မရှိလှပေ။ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေတာပဲလေ။ ဘူးတစ်ရာအပေါက်သာ ပိတ်လို့ရမယ်၊ လူတစ်ယောက် ပါးစပ်ပေါက်က ပိတ်လို့မှမရတာ။ ဒီအကြောင်းတွေကို အလုပ်ထဲက သူငယ်ချင်းတွေသိတော့…

“မင်းဟာက ဟုတ်ရောဟုတ်သေးရဲ့လား အမုန်းရာ…သူ့အကြောင်း ဒီလောက် သဲကြီးမဲကြီး လိုက်စုံစမ်းနေပုံထောက်တော့ ရိုးတော့မရိုးတော့ဘူးနော်”



“ဟေ့ကောင် လျှိုမထားနဲ့နော်။ ပွင့်ပွင့်လင်းလင်းပြော… သူငယ်ချင်းတွေပဲကွာ…မင်းပြောပြတော့ လိုအပ်ရင် ကူညီလို့ရတာပေါ့ကွ”

“ဟေ့ကောင်…အမုန်းဆိုတဲ့ကောင်က ဘယ်တုန်းကမှ သူများကို အားမကိုးဘူးကွ။ အခုကလည်း ဘာမှမရိုးမသားစိတ်နဲ့ မဟုတ်ဘူး။ ငါ့အကြောင်းနဲ့ငါ ရိုးရိုးရှင်းရှင်းလေးပဲ”

“ချေးစားပြော”

“ကြည့်စမ်း…မိုက်ရိုင်းတာ…မင်း စားပါလား”

“မင်းပဲ ရိုးရိုးသားသားဆို…ဒီလောက် ရှုပ်ဝချင်စရာလေး အပေါ်ကို…ဟား…ဟား…ဟား…ဟား”

ရယ်လည်းရယ်ကြတော့ အမုန်းက ဖြေရှင်းရတာ ဝါသနာပါတဲ့ကောင်မှ မဟုတ်တာ။ ခုလောက် ဖြေရှင်းရတာတောင် အလွန်ကြီးလေ။ အမုန်တရားဆိုတာ တစ်နေ့ပေါ်လာမှာပဲဥစ္စာ။ ကိုယ့်အပေါ် နားအလည်နိုင်ဆုံးလူက ကိုယ့်ညီလေး သူရပဲဥစ္စာ။

“မင်း တကယ်စိတ်မဝင်စားဘူးပေါ့…ဟုတ်လား…အမုန်း”

လှထွန်းအောင်က မေးလေတော့–

“ငါ ဖြေရှင်းရတာကို စိတ်အပျက်ဆုံးပဲ”

“အမယ်”

“မင်း စိတ်မဝင်စားပေမယ့် တို့ကတော့ ဟီး…ဟီး”

“ဘာဟီးဟီးလဲ…မြင်းလား”

“အသေရရ အရှင်ရရ လိုချင်တယ်လို့ပြောတာ”

“အသေရရင် ဘာလုပ်မလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အပုပ်ခံပြီး ငံပြာရည်လုပ်မလို့"

"ဝေါ…ထွီ"

"ငံပြာရည်တောင် စားချင်စိတ်ကုန်အောင် ပြောပြန်ပြီ"

"ဒါဆို ငါးပိစား"

"အဲဒါက အသားကို သိပ်ထားလို့ရတယ်"

"ဟော့ကောင်…တော်တော့။ ရွံစရာပဲပြောနေတယ်"

"ဟား…ဟား…ဟား…ဟား"

အမုန်းရယ်သံတွေကို ကျောခိုင်းထားခဲ့ပြီး သူရရှိရာဘက်သို့ ထွက်လာခဲ့တော့သည်။ သူရ အလုပ်လုပ်နေတာ အဆင်မပြေပါ့မလား လို့လေ။ ကိုယ်က အလုပ်ထဲမှာ ဆရာဆိုပြီး ကိုယ့်ညီရယ်လို့ မျက်နှာ လိုက်ပြီး ညှာမှာမဟုတ်ပေ။ ညီကညီ…အလုပ်ကအလုပ်ပဲလေ။

တစ်ယောက်ကိုညှာရင်…

တစ်ရာကိုပြောဖို့ အားနာနေရဦးမှာမို့ အလုပ်ကို အလုပ်နဲ့ တူအောင် လုပ်ခိုင်းရမှာပဲလေ။ အိမ်ရောက်မှတစ်မျိုးပေါ့။

"သူရ"

"………"

"ဟော့ကောင် သူရ"

အသံကို မြှင့်ခေါ်လိုက်မှ -

"ဗျာ…ဟာ လန့်လိုက်တာ ကိုကြီးရာ"

"အမယ်…လန့်အောင် မင်းစိတ်က ဘယ်ရောက်နေလို့လဲ"

"အလုပ်ထဲ အာရုံရောက်နေလို့ပါ ကိုကြီးရ"

"အဆင်ပြေရဲ့လား"





"ဟုတ်…ပြေပါတယ်။ ယောကျ်ားပဲဥစ္စာ သူများလုပ်နိုင်တဲ့ အလုပ်ကို ကိုယ်လည်း လုပ်နိုင်ရမှာပေါ့"

"အေး…ငါ့ညီဆိုပြီး ရေသာခိုမယ်တော့ မကြံနဲ့"

"မကြံပါဘူး…ကိုကြီးနဲ့ကျွန်တော်က အိမ်မှာသာ ညီအစ်ကို။ အလုပ်ထဲမှာတော့ ဆရာတပည့်ပဲ။ ကျွန်တော်က စပြီး ရေသာခိုရင် ကျန်တဲ့သူတွေကို ကိုကြီး ပြောရခက်မှာပေါ့။ ဒီလောက်တော့ ကျွန်တော် နားလည်ပါတယ်"

အမုန်း ပြုံးမိသွား၏။ ဒီကောင် သိတတ်တာကိုတော့ သိပါ တယ်။ ဒါပေမယ့် ကလေးဆိုတော့ အမြဲတမ်းကြီး သိတတ်နားလည် နေမယ်လို့ ထင်မထားဘူးလေ။ ဒါကြောင့် ပြောမိတာအတွက် ပြောမိ တဲ့ကိုယ်ကပဲ ဆက်ဆံရေးရှင့်သွားသလိုဖြစ်တဲ့အတွက် စိတ်မကောင်း ပေ။

"ညနေအလုပ်ဆင်းရင် ငါ သွားစရာရှိတယ်။ အဲဒါ မင်းပါ လိုက်ခဲ့ရမယ်"

"ဘယ်ကိုလဲ ကိုကြီး"

"မမေးနဲ့…ရောက်ရင်သိလိမ့်မယ်"

ကိုကြီးက အဲဒီလိုပါ။ သူပြောတာပြန်မေးရင် မကြိုက်သူ။ အဲဒီ တော့ မမေးတော့ဘူးပေါ့။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"မြန်မြန်လာကွ"

"မရောက်သေးဘူးလား ကိုကြီးရ"

"ရောက်တော့မှာပါ"

ရောက်တော့မှာပါဆိုတော့ သူရ လိုက်ရပြန်၏။ ခြံတစ်ခြံရှေ့ကို ရောက်တော့မှ အမုန်း ခြေလှမ်းတွေ ရပ်တန့်သွားကာ ခြံထဲကို ချောင်းကြည့်ပြီး မျက်နှာက ပြုံးသွားလေ၏။ ကွက်တိပါပဲ...တိုက်ရှေ့ ဒန်းပေါ်မှာ ထိုင်နေတာ ထာဝရပဲလေ။ ထာဝရဘေးမှာက ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက် ပြုံးပျော်ကြည်နူးနေလိုက်ကြတာ။

ဒါ...





သီဟပဲ ဖြစ်မှာပါ။ ဩော်...ခုလို တစ်သွေးတစ်မွေးနှင့် ပြုံးပျော်နေတာမြင်ရတော့ ဝမ်းသာပီတိ ဖြစ်ရပါသည်လေ။

"ဘာလဲ...ကိုကြီးရ"

"ဟိုမှာလေ...မင်း ကြည့်ပါလား"

"လူတွေတော့ တွေ့တာပေါ့ ကိုကြီးရ"

"မင်း...ဟိုကလေးကို ကြည့်လေ... ဘယ်သူလဲလို့"

"ကြည့်တော့ကြည့်နေတာပဲ"

"ငတုံး"

အမုန်း...သူရခေါင်းကို ရိုက်လိုက်တော့ တံခါးနှင့် ဆောင့်မိလေလျှင် မျက်နှာလေးက ရှုံ့မဲ့မဲ့ပါပဲ။

"အကြောင်းမဲ့တော့ ငါက လာကြည့်ပါ့မလားကွ။ အဲဒါ...တို့ညီ...သီဟ"

"ဗျာ"

"သေသေချာချာကြည့်"

"ဟုတ်ရဲ့လား...ကိုကြီးရာ"

"ငါ စုံစမ်းပြီးပြီ...ဟုတ်ကိုဟုတ်တယ်"

ဒီတော့မှ သူရတစ်ယောက် ခြံတံခါးအနားသို့ ပို၍တိုးကပ်ကာ မျက်လုံးကို ပြူးပြဲကြည့်လေ၏။ ဟုတ်ပါတယ်...သီဟမှ သီဟအစစ်ပဲ။ ငယ်ရုပ်မှ မပျောက်သေးတာ။ မှတ်မိတာပေါ့။ အမုန်းက ရင့်ကျက်နေသူပီပီ သီဟအတွက် ဝမ်းသာပေးနိုင်ပေမယ့် သူရက ငယ်သူပဲလေ။

မြင်လိုက်ရတော့...



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဆို့တက်လာပြီး မျက်ရည်တွေပါ ဝေ့လာ၏။ သြော် ကိုယ့်ညီလေးကိုတောင် ဖြောင့်မကြည့်ရဲလို့ ခိုးကြည့်ရတဲ့ဘဝပါ။ အခုမှ ပြန်တောင်းလို့ရော ဘယ်သူက ပေးမှာတဲ့လဲ။ မျက်ရည်စကို လက်ဖမိုးနဲ့ သုတ်လိုက်မိစဉ်…

"သူရ"

"ဗျာ"

"မင်း ငိုနေတာလား"

"ညီလေးကို ခိုးကြည့်ရတဲ့အဖြစ်ကို ဝမ်းနည်းလို့ပါ"

"ဟာ…မင်း ယောက်ျားမဟုတ်ဘူးလားကွ။ သူ ကောင်းစားပြီး ပျော်ရွှင်ကြည်နူးနေတာမြင်ရတော့ မင်း ဝမ်းသာပေးရမှာ မဟုတ်ဘူးလား"

"ဝမ်းတော့ဝမ်းသာတာပေါ့ ကိုကြီးရ။ ဒါပေမယ့် ရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိဘူး။ ငိုပဲငိုချင်နေတာ…ဟီး"

"ဟာ…ဟေ့ကောင်"

အမုန်း…သူရပါးစပ်ကို အတင်းလိုက်ပိတ်ပြီး နောက်မှ ခေါင်းကုတ်လိုက်မိသည်။ ခေါ်လာမိတာ မှားပြီထင်ပါရဲ့။ ကိုယ်လည်း ရင်ထဲမှာ ဆို့နစ်နေပေမယ့် ကိုယ်ကတော့ ထိန်းနိုင်သည်လေ။ သူရ ပါးစပ်ကို ပိတ်ထားပေမယ့် ကြိတ်ငိုနေတာ တအိအိပါပဲ။ ငိုပါစေတော့လေ မတားတော့ပါဘူး။ အသံမထွက်ရင် ပြီးတာပါပဲ။

ဖေကြီး…

ဖေကြီးရယ်…

ဖေကြီးသာရှိနေရင် ကျွန်တော်တို့ ဒီအဖြစ်ကို ရောက်ခဲ့ကြမှာ





မဟုတ်ဘူးနော်။ ဖေကြီး ဖခင်ကောင်းပီသခဲ့သလို ကျွန်တော်လည်း အစ်ကိုကောင်းတစ်ယောက် ပီသစေရမယ် ဖေကြီး။ ဖေကြီး စိတ်ချပါ။ ကျွန်တော့်လက်က ပန်းကောင်းပျိုးတဲ့လက်ပဲ ဖြစ်စေရပါ့မယ်။

"မမ"

"ဟင်"

"မောင်လေးကို သီချင်းဆိုပြပါလား"

"မမမှ သီချင်းမဆိုတတ်တာ မောင်လေးရဲ့"

"ဒါဆို မောင်လေး ဆိုပြရမလား"

"အင်း…ဆိုပြလေ"

"အဟာမ်း…အဟာမ်း"

သီဟ လည်ချောင်းရှင်းတော့ ထာဝရက ရယ်လေသည်။ လည်ချောင်းရှင်းပြီး သီဟအကြည့်က ခြံတံခါးဆီသို့ အမှတ်မထင် ရောက်သွားလေလျှင်–

"ဟင်"

သူတို့ကို ချောင်းကြည့်နေပါလား။ သီဟ မျက်မှောင်လေးကြုတ်သွားလေ၏။ ဒါ မမကို လာချောင်းကြတာလား။ မမကလှတော့လေ။ သီဟ မမမျက်နှာကို မော့ကြည့်ပြီး–

"မမ"

"ဘာလဲ မောင်လေးရဲ့"

"ခြံဝကလူတွေ မမကို လာချောင်းနေတာလားမသိဘူး။ မမက လှတော့လေ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သီဟာစကားကြောင့် ထာဝရ လှမ်းကြည့်လိုက်တော့ ဟုတ်ပါရဲ့။ ဘယ်သူတွေပါလိမ့်။ ဒါမျိုးလုပ်လို့ ရမလားဟု ထရပ်လိုက်စဉ်မှာပဲ ထိုလူတွေက ထွက်သွားတာမဟုတ်ဘဲ တံခါးနောက်ဘက်မှာ ကွယ်လိုက်ပုံရသည်။

"မမ သွားမလို့လား"

"ဟုတ်တယ်…သွားရမှာပေါ့။ လာ…မောင်လေးပါလိုက်ခဲ့"

"ဟာ…မသွားပါနဲ့ မမရယ်…သူတို့က လူဆိုးမှန်းမသိ လူကောင်းမှန်းမသိတွေကို။ တော်ကြာ ကျွန်တော်တို့မောင်နှမကို တစ်ခုခုလုပ်နေမှဖြင့်"

"ကဲ…အဲဒီလောက်ကြောက်နေရင်လည်း ကျန်ခဲ့"

"ဟာ…မမ"

ထာဝရက စိတ်မြန်သူပီပီ ထွက်သွားပြီမို့ သီဟာက နောက်မှ လိုက်ရလေတော့သည်။ ခြံဝကနေ ချောင်းတယ်ဆိုမှတော့ အကောင်း ဟုတ်ပါ့မလား။ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ထာဝရက ကြောက်တတ်သူ မဟုတ်လေတော့ ခြံဝသို့ ရောက်လုနီးတွင်…

ထာဝရ လာနေသည်မို့…

ထွက်လည်းမသွားရဲဘဲရှိကာ အကွယ်မှာရှိနေတဲ့ အမုန်းတို့ လာမယ့်ဘေး ပြေးတွေ့ဖို့သာ ဆုံးဖြတ်ချက်လိုက်တော့၏။ ခြံတံခါး ပွင့်သွားသည့်နောက်မှာတော့…

"ဟင်"

"……………"

"အမုန်း….ရှင်"





အမုန်း ခပ်တည်တည်နှင့်ပဲ ဘာမှမပြောဘဲနေလိုက်စဉ်…

"ရှင် ဘာလာလုပ်တာလဲ"

"ဘာမှမလုပ်ပါဘူး"

"ရှင်နော်…ဘာမှမလုပ်ဘဲနဲ့ ဘာလို့ ခြံထဲကို ချောင်းနေတာလဲ"

ပြောပြီးမှ တစ်ခုခုကို သတိရပြီး သီဟာကို ကြည့်လိုက်တော့ သီဟာက သူတို့ကို ကြောင်ငေး၍ကြည့်နေသလို အမုန်းနဲ့ပါလာတဲ့ ကောင်လေးကလည်း သီဟာကို စိုက်ကြည့်နေလေသည်။ ဟုတ်ပါပြီ.. သူတို့ ထာဝရနဲ့ပတ်သက်ပြီး စုံစမ်းလို့ သိသွားတာပဲဖြစ်မယ်။ ဒါကြောင့် သီဟာကို လာချောင်းကြည့်တာပဲဖြစ်မှာပေါ့။

ဘယ်လိုလုပ်ရမလဲ…

သွေးက စကားပြောမှာလား။ သီဟာကို ပြေးဖက်ထားချင်စိတ် ပေါက်သွားပေမယ့် ဖက်ထားလို့ရတဲ့ အရာဝတ္ထုမှမဟုတ်တာ ဘယ်လို လုပ်ရမလဲ။

ထာဝရ…

အမုန်းတို့ကို ကြည့်လိုက်၊ သီဟာကို ကြည့်လိုက်ဖြစ်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေစဉ်…

"မင်း သိနေတယ်မို့လား ထာဝရ"

"ကျွန်မက ဘာကိုသိရမှာလဲ"

"သီဟာနဲ့ပတ်သက်ပြီးတော့ပေါ့"

"ဟင်"

"ဘယ်က သီဟာလဲ…ကျွန်မ မသိဘူး။ ရှင်တို့နော် ခြံရှေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး တောင်ပြောမြောက်ပြော ပြောမနေနဲ့။ ကျွန်မ ရဲစခန်းကို ဖုန်းဆက်လိုက်ရမလား"

"ဆက်လိုက်လေ…အဲဒါမှ ဇာတ်ရင်းဇာတ်မြစ်ကို အပ်ချည်မျှင် အစဖော်သလို ဖော်လို့ရသွားမှာ။ ပိုကောင်းသွားတာပေါ့"

"ရှင်…တောက်"

ထာဝရ ဒေါသထွက်သွားရ၏။ ပေးတုန်းက လိုလိုချင်ချင်ပေးခဲ့ပြီး ခုမှ ဘာအရှုံးထတာလဲ။ သီဟက သူတို့အနားသို့ တိုးကပ်သွားပြီး–

"ကိုကြီးက ကျွန်တော့်ကို သိနေတယ်နော်။ ဘယ်လိုသိတာလဲ…ပြောပြပါလား"

"သိတာပေါ့ ညီရ…ညီက ကိုလေးတို့ရဲ့"

"သူရ"

"သီဟ"

အမုန်းက သူရပါးစပ်ကို လှမ်းပိတ်ပြီး နောက်ကို ဆွဲလိုက်သလို ထာဝရကလည်း သီဟလက်ကို ဆွဲ၍–

"မောင်လေး…လာ…သွားမယ်"

"နေပါဦး မမရဲ့"

"သီဟ…နင် ဘယ်လိုဖြစ်နေတာလဲ။ နင် သူတို့အကြောင်းကို ဘယ်လောက်သိလို့လဲ…လာစမ်း"

"ညီလေး"

"သူရ ရပ်စမ်း"

သူရက ညီကိုမြင်ရတော့ မထိန်းချုပ်နိုင်ဘူးလေ။ ဒါကြောင့်



ပြောဖို့ကြိုးစားနေတဲ့ ပါးစပ်ကိုပဲ မနည်းလိုက်ပိတ်နေရ၏။ နောက်တော့ ကိုယ့်လူကိုယ်ဆွဲကာ သီဟနှင့်ထာဝရ ထွက်သွားလေလျှင် သီဟက လှည့်ကြည့်နေတုန်းပါပဲ…

"ညီလေး"

"ဟောကောင် မင်း ဘယ်လိုဖြစ်နေတာလဲ။ ငါ ထိုးလိုက်ရ…ရတော့မယ်။ မင်း ပြောလို့မရဘူးနော်။ ဘာလဲ မင်းက ချစ်တယ်ဆိုပြီး အမြင့်ကလူကို နှုတ်ထဲဆွဲချနှစ်မလို့လား။ ညီအစ်ကိုဆိုပေမယ့် သူနဲ့တို့က အဆင့်အတန်းချင်း အလွှာချင်းခြားနေပြီကွ။ သူ ဒီလိုနေရတာကို မင်း ကျေနပ်လိုက်စမ်းပါ။ အဲဒါမှ အချစ်စစ်ကွ"

"ကျွန်တော် နားလည်ပါတယ် ကိုကြီးရယ်…ဒါပေမယ့် ကျွန်တော် မခံစားနိုင်လို့ပါ"

အချစ်ကို စစ်တာတုတာတွေ ခွဲခြားပြနိုင်ဖို့အတွက် ကိုယ့်နှလုံးသားကို ကိုယ်ချုနင်းပြီး ငိုချင်တာတောင် လွတ်လပ်စွာ ငိုခွင့်မရဘူးတဲ့လားလေ။

"မျက်နှာလေး မြင်ခွင့်ရတယ်ဆိုရင်ပဲ ကျေနပ်လိုက်စမ်းပါ ညီရယ်…နော်"

♥♥♥

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

သူရ ကိုကြီးနဲ့မမထာဝရ အလုပ်အကြောင်း စကားပြောနေကြတာကိုတော့ သိသည်။ ဘာတွေပြောနေတာဆိုတာတော့ မသိပေ။ အင်း… သူသိတာတစ်ခုတော့ ရှိတယ်။ အဲဒါဘာလဲဆိုရင် ကိုကြီးကချော…မမထာဝရကလှ နှစ်ယောက် ယှဉ်ကြည့်ရင် လိုက်ဖက်ညီတယ်ဆိုတာပါပဲ။

ပြီးတော့…

မမထာဝရနဲ့ ကိုကြီးသာ ညားရင် အားလုံး ဘယ်သူမှ စိတ်ဆင်းရဲစရာမလိုဘဲ သီဟနဲ့ အတူတူနေကြရမှာလေ။ စိတ်ထဲမှာ ကိုယ့်အတွေးနဲ့ကိုယ်တော့ ဟုတ်နေတာပါပဲ။ အဲဒီနှစ်ယောက် နီးစပ်အောင် ဘယ်လိုအောင်သွယ်ရပါ့မလဲနော်။ ဟုတ်ပြီ…





သူရ…

ဟုတ်ပြီဆိုပြီး သူတို့နှစ်ယောက် ခြေလှမ်းကိုပဲ စိုက်ကြည့်နေမိ၏။ နှစ်ယောက်ကြားမှာ သစ်သားချောင်းက အရှည်လိုက်ရှိနေသည်လေ။ ထိုသစ်သားချောင်းကို မမထာဝရ ကျော်လိုက်တာနှင့်-

"အမေ့"

"ဟာ"

"အင့်"

"အား"

သူရ ဖြစ်ချင်တဲ့အတိုင်း ကွက်တိပါပဲလား။ သစ်သားချောင်းရဲ့ ထိပ်တစ်ဖက်က သူရ ခြေထောက်အနားမှာလေ။ ထာဝရ ခြေအလှမ်းမှာ သစ်သားချောင်းကို ခြေထောက်နှင့်ထိုးပြီး မပေးလိုက်တာနှင့် ထာဝရ ခလုတ်တိုက်ပြီး ရှေ့သို့ ဟပ်ထိုးကျမလိုဖြစ်စဉ် နီးစပ်ရာကို လှမ်းဆွဲတော့ ဆွဲသူနဲ့ထိန်းသူ စပါယ်ရှယ် ရင်ခွင်ချင်းပူးကပ်သွားတာပေါ့လေ။

"ဟီး…ဟီး"

သူပဲလုပ်၊ သူပဲသဘောကျ၊ သူပဲ မမြင်ချင်ယောင်ဆောင်၊ ဟုတ်တော့ဟုတ်နေတာပါပဲ။

"အား"

"ဘာဖြစ်တာလဲ"

"ခလုတ်တိုက်တာ"

"ဘာကိုတိုက်တာလဲ"

"အောက်က သစ်သားချောင်းနေမှာပေါ့။ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှောင်လိုက်တာတောင် တိုက်ဖြစ်အောင်တိုက်သေးတယ်။ အား…ကျွတ်…ကျွတ်”

“ကဲ…လွှတ်လို့ရပြီလား”

“ရပြီ…ရပြီ”

“ဟာ”

ကိုယ့်ကိုယ်လှမ်းထိန်းရင်း ဖက်ထားမိသလိုဖြစ်တာအတွက် သူကပဲ နာအုံ့ထင်နေသေးလားတော့မသိ။ ဒါကြောင့် ထာဝရ စိတ်တို တိုနှင့်အော်ပြီး သူ့ရင်ဘတ်ကို ဆောင့်တွန်းလွှတ်လိုက်တော့ လူက ယိုင်ကနဲဖြစ်ပြီး ပြန်ထိန်းလိုက်ရခြင်းပါ။

အမှန်း…

ထိန်းလည်းပေးရသေး တွန်းလွှတ်တာလည်း ခံရတော့ ဒေါသ က ဖြစ်ချင်ချင်။ ဘယ်သူများ မြင်သွားသေးလဲလို့ ဘေးဘီကိုကြည့် လိုက်တော့-

“ဟှာင်”

သူ့ရ ဒီအနားမှာ အစကတည်းကရှိနေတာတော့ သိသား။ တစ်ယောက်တည်း သူတို့ကို ကြည့်ရယ်နေပြီး ခြေထောက်က သစ်သားချောင်းကို မ,ပြီး တလှုပ်လှုပ် လုပ်နေတာမြင်တော့ သူ သဘောပေါက်လိုက်ပါပြီ။ သစ်သားချောင်းက ဝါးလုံးသာသာ လေးမြှောင့်လေးနှင့်ဆိုတော့လေ။

“သူ့ရ”

“ဗျာ”

“မင်းက ဘာရယ်တာလဲ”





“ဟင်…မရယ်ပါဘူး”

မရယ်ပါဘူးဆိုပြီး နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်နှာလွှဲ သွားပေမယ့် ဒီမျက်နှာမှာ စပ်ဖြဲဖြဲရိပ်က မပျောက်သေး။ ဟုတ်ပါတယ်။ ဒီကောင် လုပ်တာပါ။

“ကျွတ်…ကျွတ်”

ညည်းသံကြားလို့ ကြည့်လိုက်တော့မှ ထာဝရမှာ ငုတ်တုတ် လေးထိုင်ပြီး ခြေမထိပ်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားပြီး မျက်နှာလေးက ငိုမဲ့မဲ့နှင့်ပါ။

ဘာပဲဖြစ်ဖြစ်…

လူမှုရေးအရတော့ မေးမှသင့်တော်မည်မို့ အမှန်းလည်း သူမ ရှေ့မှာ ထိုင်ချလိုက်မိသည်။ ဒါ ကိုယ့်ညီလုပ်တာဆိုတာ သိသိကြီး လည်းဖြစ်နေတော့…ဟွန်း…ဒင်းကို ရွဲ့ကိုရွဲ့ဦးမယ်။

“ဘယ်နှာသွားတာလဲ ခြေမလား”

“ခြေမရော ခြေညိုးရော ခြေခလယ်ရော သုံးချောင်း”

“ဟုတ်လား…တော်တော်နာသွားလား”

“ရှင်ပဲ မေးတတ်တယ်၊ နာတာပေါ့ရှင့်။ ကိုယ်နာတာ မဟုတ်တိုင်း ကိုယ်ချင်းမစာမေးနေတယ်”

“ဟ…ကိုယ်ချင်းစာလို့ပဲ မေးနေတာလေ”

ထာဝရ ထရပ်ဖို့ ကြိုးစားပေမယ့် ချက်ချင်း ထလို့မရပေ။ ခြေထောက်က နာကျင်မှုကြောင့် မျက်ရည်တွေကျလာတာကို မြင်ရ တော့ စိတ်မကောင်းဖြစ်မိ၏။ သူ့ရစတာ ဒါတော့လွန်တာပေါ့။ သူက စတာပေမယ့် တစ်ဖက်မှာက ခံစားရတာ နာကျင်မှုဝေဒနာ။



www.burmeseclassic.com

www.burmeseclassic.com



"ထူပေးရမလား"

"မလိုပါဘူး"

"စေတနာနဲ့မေးတာကို မလိုရင်နေ"

"နေနေတာပဲ"

ပြောပြီး ထရပ်လိုက်တော့...

"ကိုကြီးက မေးနေတာကိုးဗျ...ဟိုက ရှက်ရှက်နဲ့ ငြင်းမှာပေါ့။ တကယ်ဆို ကိုယ့်ဘာသာ အလိုက်တသိနဲ့ ထူပေးရမှာကို။ ကျွန်တော်နဲ့ နေရာချင်းသာ လဲလိုက်ချင်တော့တယ်"

"ဟော့ကောင်"

"ဗျာ"

"မင်းပါးစပ်ကို ပိတ်ထားစမ်း"

"ဟာ...ကိုကြီးကလည်း ပါးစပ်ဆိုတာ စကားပြောဖို့ပဲဥစ္စာ။ ပါးစပ်ရှိရင် စကားပြောမှာပေါ့"

"မင်း...ကျွတ်...သွားစမ်း သူရ"

"ဘယ်ကိုလဲ"

"သွားချင်ရာသွား"

"ဟုတ်ကဲ့ပါခင်ဗျာ"

သူရ ခပ်ကုပ်ကုပ်ပုံစံလေးနှင့် ထသွားလေတော့-

"ဒီမှာ နာရတဲ့အထဲ ဘာတွေပြောနေမှန်းမသိဘူး"

"အဲဒါကြောင့် ထူပေးရမလားမေးတော့ ခင်ဗျားပဲ အထာကြီးတစ်ခွဲသားနဲ့"

"ဘာအထာလဲ...ဒီမှာနာနေလို့ ပြောမိပြောရာ ပြောလိုက်တာ





ကို"

"ဟုတ်လား...ဒါဆိုအခုရော"

"ထူပေး"

အမုန်း လက်ကမ်းပေးလိုက်တော့ ထာဝရက သူ့လက်ကို ဆွဲထရလေသည်။ ပြောတော့ထူပေးမယ်ဆိုပြီး သူ့ခွန်အားစိုက်ပြီး ထူပေးတာမှ မဟုတ်တာ။ ဒီတော့ နာနေတဲ့ကိုယ်ကပဲ သူ့လက်ကို ဆွဲထရတော့တာပေါ့။

"လျှောက်နိုင်လား"

"ထင်တာပဲ"

"ထင်မနေနဲ့ လျှောက်ကြည့်လေ"

ထာဝရ လျှောက်ကြည့်လိုက်ပြီး-

"ရတော့ရတယ်...ဒါပေမယ့် နာနေတယ်"

"လိုက်ပို့ရမလား"

"ဟင်"

လိုက်ပို့ရမလားဆိုတာကပဲ ထာဝရကို တစ္ဆေခြောက်လိုက်သည့်ပမာနှယ်။ သူလိုက်ပို့မယ်ဆိုတာ တကယ်စေတနာနဲ့ ဟုတ်ချင်မှဟုတ်မှာလေ။ သီဟကို တွေ့ချင်လို့ဖြစ်မှာပေါ့။

ဒါကြောင့်...

"နေပါစေ...ကျွန်မ ပြန်နိုင်ပါတယ်"

❤❤❤



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

"အဲဒါဆိုရင် သမီး အတွက်ကြီးရာရောက်သွားပြီ သမီး"

"ရှင်"

"ကိုယ်ချင်းစာပြီး စဉ်းစားကြည့်လိုက်ပေါ့ သမီးရယ်။ သမီးတောင် သားလေးသီဟအပေါ် ဒီလောက်ချစ်နေရင် သူတို့က သူတို့ရဲ့ ညီအရင်းလေ။ ကွဲကွာနေကြတာ ကြာပြီဆိုတော့ တွေ့ချင်နေကြရှာမှာပေါ့"

"မေမေကလည်း မောင်လေးနဲ့ သနားလို့ဆိုပြီး တွေ့ပေးလိုက်ရင် သွေးက စကားပြောမှာလေ။ တော်ကြာ သူ့အစ်ကိုတွေကို သမီးထက် ပိုချစ်ပြီး ပြန်လိုက်သွားချင်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ"





ဒေါ်သီတာခိုင် သက်ပြင်းချလိုက်မိ၏။ လူတိုင်းမှာ အတွေ့ရှိကြတာမှန်ပေမယ့် သူမကတော့ သူ့ဘက်ကိုယ့်ဘက် မျှတွေးပေးချင်သည်လေ။ သူတို့လည်း ကိုယ့်လက်ထဲထည့်ခဲ့တုန်းက သံယောဇဉ်မရှိလို့ မေတ္တာတုံးလို့မှ မဟုတ်ခဲ့ပဲ။ မပေးချင်လို့မှ မျက်ရည်လေး တဝေ့ဝေ့ဖြစ်နေကြတာ ကိုယ်မမြင်ခဲ့တာလည်းမဟုတ်။

ဒါကြောင့်...

ညီအစ်ကိုတွေကို ပြန်ဆုံပေးချင်ပါသည်လေ။ သမီးက စည်းရုံးလို့မရတော့ ခက်နေတာပေါ့။ ကလေးကို အရမ်းချစ်နေတော့ ချစ်တဲ့အတွက်ရှိနေတာ ဖျောင်းဖျလို့မရပေ။

"ဒါလည်း သမီးရယ်...သမီး စိတ်ထင်နေတာပါ။ သားက သမီးနဲ့မေမေတို့ကို ခင်တွယ်နေပြီပဲဥစ္စာ။ အတူတူနေခဲ့ကြတာ ရက်ပေါင်းများစွာဆိုတာထက် ငါးနှစ်တောင်ကျော်ခဲ့ပြီပဲကွယ်။ သူလည်း နှလုံးသားနဲ့ပဲလေ။ ချစ်တတ်ခင်တတ် သံယောဇဉ်ရှိတတ်တာပေါ့"

"သမီးကို နားချမနေနဲ့ ခိုင်။ အဲဒီကိစ္စ ပေးတွေ့ဖို့ ကိုယ်လည်း သဘောမတူဘူး"

"ကိုစံ"

လျှောက်လာတဲ့ ဦးစံထွန်း ဆိုဖာပေါ်မှာ ဝင်ထိုင်ပြီး ဇနီးသည်ကို ခပ်တွေတွေ ကြည့်လိုက်သည်။ ကိုယ်လည်း ဆရာဝန်တစ်ယောက်မို့ သူများအခက်အခဲတွေကို နားလည်ပေးနိုင်ပါတယ်။ ဒါပေမယ့် သားလေးနဲ့ပတ်သက်ပြီး နားလည်မပေးနိုင်ပါဘူး။ သားသမီးအတွက်လေ။ ကိုယ့်သားသမီးတွေအတွက် ဒါမိဘစိတ်နဲ့ထားမိတဲ့အတွေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့သားကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်း မသိတာမဟုတ်ဘဲနဲ့ ခိုင်ရယ်"

"ခိုင် သိတယ် ကိုစံ...ခုဟာက သူတို့နဲ့ တွေ့ပေးရုံပဲ သူတို့က ပြန်တောင်းမှာမှ မဟုတ်တာ"

"မင်းထင်လို့လား ခိုင်...တကယ်လို့ သူတို့က ပြန်ပေးပါ တောင်းရင် ကိုယ်တို့က စာချုပ်စာတမ်းနဲ့ မွေးစားထားတာ မဟုတ် ဘူးကွ"

"အဲဒီလောက် စိုးရိမ်မနေစမ်းပါနဲ့ ကိုစံရယ်...အမုန်း စိတ်ဓာတ်ကို ကျွန်မ သိတယ်"

"ဘာ"

"သူက အမြင့်ရောက်နေတဲ့ သူ့သမီးလေးရဲ့ဘဝကို ဘယ်တော့မှ အနိမ့်ပြန်ပြီး ဆွဲချမှာမဟုတ်ဘူး"

"အဲဒါက ခိုင့်အထင်လေ။ သူတို့ဝမ်းထဲမှာရှိနေတာက ခိုင့် စိတ်မှမဟုတ်တာ"

သီဟာနဲ့ပတ်သက်လာရင် ဘယ်လိုမှ အလျှော့မပေးနိုင်ကြပါ လား။ စားနေတဲ့ တန်ဖိုးကြီးအစားအစာကိုသာ တောင်းလို့ပေးချင်ပေး မယ်။ ဒါမှမဟုတ် စည်းစိမ်တစ်ဝက်ခွဲပေးပါလို့ တောင်းရင်သာ ပေးချင်ပေးကြလိမ့်မှာပါ။ သားဆိုက အချစ်ကို မျှဝေမပေးနိုင်တာတော့ ကိုယ်လည်း အပါအဝင်ပေါ့။

ဒါပေမယ့်...

ကိုယ်ကတော့ သူ့ဘက်ကိုယ့်ဘက် မျှတွေးကြည့်တာလေ၊ ကိုယ်တွေတောင် သွေးမတော်သားမစပ်ဘဲ သီဟာကို ဒီလောက်ချစ်နေ





တာ သူတို့က သွေးသားအရင်းအချာတွေပဲဥစ္စာ။

"သမီး"

"ရှင်"

"သမီးကိုလည်း ဖေဖေ မှာထားရဦးမယ်"

"ဟုတ်...ပြောပါ ဖေဖေ"

"သမီးနဲ့ အဲဒီကောင် အလုပ်ကိစ္စနဲ့ပတ်သက်နေရတာဆိုပေမယ့် လိုသည်ထက်ပိုပြီး မရင်းနှီး မပတ်သက်ပါနဲ့။ ဒါ ဖေဖေ တစ်ခုခုကို ကြိုသိနေသလိုရှိလို့ မီးကို မလောင်ခင်က ကြိုတင်တားတာပါ။ သစ်ပင်ဝါးပင်ကောက်တာသာ မြင်ရတာ လူ့စိတ်ကောက်တာကို မြင်ရတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဖေဖေ...သမီး နားလည်ပါတယ်"

"အေး...နားလည်ရင် အပြောနဲ့အလုပ် ညီပါစေ"

ဖေဖေ ဘာကိုရည်ရွယ်ပြီးပြောလိုက်တာလဲ ထာဝရ နားမလည်။ အလုပ်ကိစ္စတွေ ဆွေးနွေးရင်း သူနဲ့ထာဝရကို ပိုရင်းနှီးသွားမှာစိုးတာ သီဟာလေးကြောင့်လား။

ဒါမှမဟုတ်...

ဒီကလေးနဲ့ပတ်သက်ပြီး ထာဝရအပေါ် အကောက်ကြံမှာ စိုးတာလားတော့ မသိပေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"သီဟ"

"ဟင်"

သီဟ ကျောင်းဆင်းလာတဲ့အချိန်ကို အမုန်း စောင့်နေတာပါ။ ကိုယ့်ညီလေးဆိုပေမယ့် ကိုယ်မပိုင်တော့ တွေ့ရတာ မလွယ်ဘူးလေ။ ဒါကြောင့် ကျောင်းဆင်းချိန်ကို စောင့်နေခဲ့တာပါ။ သူ ဒီလိုတွေ့ချင်တာသည် သီဟကို ပြန်လိုချင်လို့ မဟုတ်ပါဘူး။ အမြင့်မှာပွင့်နေတဲ့ ပန်းကို သူ တံချူနဲ့ ချူမချူရက်ပါဘူးလေ။

အခု တွေ့ချင်တာက…

ခွဲခွာခဲ့ရတဲ့ရက်တွေအတွက် လွမ်းလွန်းလို့ပါ။ သီဟက သူ့ကို ငုံ့ကြည့်ပြီး မှတ်မိသွားဟန်ရကာ–





"ကိုကြီး သားကို ခေါ်တာလား"

"ဟုတ်တယ်လေ ညီလေးရဲ့"

"ကိုကြီးက သားကို သိနေတာလားဟင်"

"ထာဝရနဲ့ ကိုကြီးက သူငယ်ချင်းတွေလေ။ မင်းက ထာဝရရဲ့ မောင်လေးပဲဟာ သိတာပေါ့"

"ဟုတ်လား…သားလည်း ကိုကြီးကို သိသလိုလို မသိသလိုလိုနဲ့ ဇဝေဇဝါဖြစ်နေတာ။ စိတ်ထဲမှာတော့ အရမ်းရင်းနှီးနေသလိုပဲ"

အမုန်းရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း မသိပေ။ ကိုယ့်ကို သိသလိုလို မသိသလိုလိုနဲ့ ဇဝေဇဝါတဲ့။ ဒါ လုံးဝမေ့သွားခြင်းမဟုတ်သေးဘူးပေါ့။

"ဒါနဲ့ ကိုကြီးနာမည်က ဘယ်လိုခေါ်လဲဟင်"

"ကိုကြီးနာမည်က မှန်းမရပါ။ အမုန်းလို့ပဲ ခေါ်ကြတယ်လေ"

"ဪ"

သီဟ ခပ်တွေတွေလေးဖြစ်သွားကာ တစ်ခုခုကို စဉ်းစားနေပုံရလေ၏။ အမုန်း လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်ကာ သီဟအတွက် ဝယ်လာတဲ့ မုန့်တွေကို ထုတ်ပေးကာ–

"ရော့…ညီလေး၊ ဒါ ညီလေးစားဖို့ ကိုကြီး ဝယ်လာတာ"

"ဟင့်အင်း…သား မယူပါဘူး"

"ဘာလို့လဲ…ယူပါ ညီလေးရဲ့၊ ကိုကြီးက ညီလေးကို စားစေချင်လို့ ဝယ်လာတာကို"

"မမက မှာထားလို့ပါ။ သူများပေးတာ မယူရဘူး။ သူများကျွေးတာလည်း မစားရဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက သူများမှမဟုတ်တာ သီဟရဲ့"

အမုန်း ဒါပဲပြောပြီး ကိုယ့်ပါးစပ်ကိုယ် ဘရိတ်အုပ်လိုက်ရ၏။ သူများတဲ့လားလေ။ ညီအစ်ကိုရင်းပါလို့ ဘယ်လိုပြောရမလဲ။

"ယူပါ သီဟရဲ့…ကိုကြီးကို မခင်ဘူးလား"

"ခင်ပါတယ်"

"ခင်ရင် ယူလေ…နော်"

"မမ သိရင် ဆူမှာစိုးလို့ပါ"

"မသိအောင်ယူပြီး ဝှက်ထားပေါ့ ညီရဲ့…ကိုကြီးကို ခင်တယ်ဆိုရင် ယူပါနော်"

"ကောင်းပြီလေ…ကျွန်တော် ယူပါ့မယ်"

သီဟ အခြားသူပေးတာဆိုလျှင် ဘယ်လိုပဲ အတင်းပေးပေး ယူမှာမဟုတ်ပေ။ အခု ဒီအစ်ကိုကြီးကိုကျတော့ ဆက်ငြင်းရမှာ အားနာနေတာပါ။ ပြီးတော့ စိတ်ထဲမှာ ဒီအစ်ကိုကြီးနဲ့ ဘာလို့ ရင်းနှီးနေမှန်း မသိပါဘူး။ မုန်းမရ…အမုန်းတဲ့။ ဒီနာမည်ကို ကြားခဲ့ဖူးသလိုလိုရှိပြီး ဘယ်မှာမှန်းလည်း မသိပေ။

သီဟ…

အမုန်းပေးတဲ့ မုန့်တွေကို ယူလိုက်စဉ်…

"မောင်လေး"

"ဟင်"

"အဲဒါ ဘာလုပ်တာလဲ"

"မမ"

ထာဝရ ရောက်လာပြီး သီဟလက်ထဲက မုန့်တွေကို ဆတ်က





ဆွဲယူကာ–

"နင့်ကို မမ ဘာမှာထားလဲ…ပြောစမ်း။ သူများပေးတာ မယူရဘူး၊ သူများကျွေးတိုင်း မစားရဘူးလို့ မှာထားတယ်လေ။ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိနဲ့…တောက်"

"ထာဝရ"

"ကိုကြီးက မမသူငယ်ချင်းလေ မမရဲ့"

"ဘာသူငယ်ချင်းလဲ…ဘာသူငယ်ချင်းမှ မဟုတ်ဘူး"

"ထာဝရ မင်းစကားတွေက နည်းနည်းတော့ များနေပြီထင်တယ်"

"ဘာ"

"လူဆိုးမှန်းမသိ လူကောင်းမှန်းမသိဆိုတော့ လွန်တာပေါ့။ အေး… ငါ လူကောင်းဟုတ်ချင်မှဟုတ်မယ်။ လူဆိုးလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ ဒါပေမယ့် လူယုတ်မာ မဟုတ်ဘူး"

"အဲဒါ ရှင့်ကိုယ်ရှင် ကိုယ်ရည်သွေးပြောတာရော မဖြစ်နိုင်ဘူးလား"

"ထာဝရ…မင်း"

"ရော့…ရှင်ပေးတဲ့မုန့်တွေ ရှင် ပြန်ယူသွား"

ထာဝရ အတင်းပြန်ပေးတဲ့မုန့်တွေ ကိုယ့်လက်ထဲပြန်ရောက်လာခြင်းနှင့်အတူ အမုန်းရင်ဘတ်ကြီး ဒေါသကြောင့် တင်းကျပ်သွားလေသည်။ ဘာလဲ အဖျားက အရင်းကို ကပ်ချိုးချင်တာလား။ သူတို့မှာပိုင်သလို ကိုယ်တွေလည်း ဆိုင်တယ်ဆိုတာ နားမလည်ဘူးလား။ ဒီကလေးကို မွေးစားခဲ့တုန်းက…



www.burmeseclassic.com

www.burmeseclassic.com



စာချုပ်စာတမ်းနဲ့ မဟုတ်ခဲ့ပေ။

ပြီးတော့ ကိုယ်တွေရဲ့အားနည်းချက်ကို ကြိုးလိုသဘောထားပြီး တုတ်နှောင်ခံလိုက်ရတာသိပေမယ့် ကိုယ့်ညီလေး ကောင်းစားဖို့ အတွက် ကိုယ်ကတော့ ကိုယ့်ရင်ဘတ်ကို ခွဲပြီး အသည်းကို ထုတ်ပေးလိုက်တာပါ။ ဒါကို ကိုယ်ချင်းမစာတတ်လိုက်တာ။

ရင်ထဲမှာ တံကံခေါက်သံတွေ အထပ်ထပ် မြည်သွားပြီး-

"မင်း တော်တော်အတ္တကြီးတဲ့မိန်းမပဲ ထာဝရ။ မင်း မသိရင် မှတ်ထား။ အချစ်ဆိုတာ သမုဒ္ဒရာရေလို လူဘယ်နှယောက်ပဲ ခပ်သောက်သောက် လျော့မသွားဘူးကွ။ ဘာလဲ…သူများပစ္စည်း ခဏအစ်ထားတာကို မင်းပိုင်ပြီလို့တွက်ရင် မှားမှာပေါ့။ ပြန်တောင်းမှာကြောက်ပြီး အဲဒီလောက် အတ္တကြီးနေရင် လုပ်လေ…တရားရုံးမှာ ရင်ဆိုင်ကြမလား"

"ဘာ"

လူတွေက မှန်တာပြောရင် မခံနိုင်ကြဘူးလေ။ အမုန်းစကားကြောင့် ထာဝရ အသားတွေပင် ဆတ်ဆတ်တုန်လေ၏။ သူက ဒီလိုတဲ့လား။

"ဒါဆိုရင် ရှင်လည်း အတ္တကြီးတာပဲ အမုန်း။ အရင်တုန်းက သီဟနဲ့ အခု သီဟ ရှင် ယှဉ်ကြည့်လိုက်စမ်းပါ။ ဘာလဲ ရှင်က ရှင့်ညီရဲ့ဘဝကို အပေါ်မြှောက်တင်ပြီးမှ တုတ်နဲ့ပြန်ရိုက်ချမလို့လား အဲဒါဆိုရင်တော့ ရှင့်မေတ္တာက အနှစ်မပါတဲ့ ဘောလုံးတစ်လုံးလို ရင်ထဲမှာ ဘာမှမရှိလို့ပဲ"

"မင်း အဲဒီလိုမပြောနဲ့ ထာဝရ၊ ငါ အဲဒီလိုလူမျိုး မဟုတ်ဘူး





သီဟကို တို့ဘဝထဲ ပြန်ဆွဲခေါ်ဖို့ စိတ်ကူးလည်း ငါ့မှာမရှိဘူး"

"ဒါဆို"

"ငါက မျက်နှာလေး မြင်ခွင့်ရနေရုံနဲ့ပဲ ကျေနပ်နေမှာပါ"

သီဟကို ကြည့်လိုက်မိကြတဲ့ အကြည့်တွေမှာ အဓိပ္ပာယ်ချင်းကတော့ တူနေ၏။ အချစ်ခြင်း အနှစ်ခြင်းက တူနေတာကိုလေ။ သီဟက နှစ်ယောက်စလုံးမျက်နှာတွေကို တစ်လှည့်စီကြည့်၍-

"ကိုကြီးနဲ့မမ ဘာတွေပြောနေကြတာလဲဟင်"

အမုန်းရင်ထဲမှာ နာကျင်နေရ၏။ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်လဲတော့ မသိပါဘူး။ သူတို့မှာ မိတစ်ကွဲ ဖတစ်ကွဲ ညီအစ်ကိုချင်းကတစ်ကွဲတစ်ပြားစီ။ မမဆိုလည်း ဟိုး…အဝေးကြီးမှာ။ ကိုယ့်မှာ အဖေရှိသေးပေမယ့် အဖေဆိုတာလည်း ဘယ်မှာမှန်းမသိ အမေကသေပြီဟု ယူဆထားခြင်း ပြောခဲ့ဘူးတယ်လေ (?)

ဆိုးလိုက်တဲ့ ဘဝတွေနော်…

ထာဝရ…

မျက်ရည်တွေဝဲလာတဲ့ အမုန်းကိုကြည့်ပြီး ကိုယ်ချင်းစာစိတ်ကလေးတော့ ရင်မှာဖြစ်တည်သွား၏။ ဒါကြောင့် သီဟကို ဖွင့်ပြောပြီး တွေ့ကြပါစေလို့ ခွင့်ပြုလိုက်ချင်ပေမယ့် လက်ခံမှာမဟုတ်တဲ့ အဖေက ရှိနေသေးသည်လေ။ ဖေဖေက မှာထားတာပဲဥစ္စာ။ အမုန်းနဲ့ ဝေးကင်းရှင်းရှင်းနေပါတဲ့။

"မမ"

"ဟင်"

"သားမေးတာ ဖြေဦးလေ။ ကိုကြီးနဲ့မမ ဘာတွေပြောနေကြ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''သီဟ''

''ဗျာ''

''နားမလည်ရင် မလည်သလို ကလေးက ကလေးလိုနေစမ်း''

''နားမလည်တာကို ဘာလို့ နားလည်အောင် ရှင်းမပြချင်တာလဲ ထာဝရ။ ငါ ပြောပြီးပြီပဲ။ အချစ်ဆိုတာ မျှဝေခြင်းပဲ။ ငါက သီဟ မျှဝေပေးမယ့်အချစ်ကို လိုချင်တာကလွဲရင် ပိုင်ရှင်ပေမယ့် မင်းတို့လက်ထဲမှာ ဆက်ထားပြီး ကြည်ဖြူနေမှာပါ။ ငါလိုချင်တာ ခေါ်ခွင့်ပြောခွင့် နှုတ်ဆက်ခွင့်ပါပဲ။ ဒါ သူငယ်ချင်းမိတ်ဆွေတွေမှာတောင် ရှိတဲ့အခွင့်အရေး မဟုတ်ဘူးလား''

ထာဝရ သက်ပြင်းလေးချလိုက်မိ၏။ တကယ်ဆို ကိုယ်က လည်း ဘယ်သူသေသေ ငေတောမာပြီးရောဆိုပြီး ကိုယ့်အတွက်ပဲ ကြည့် တတ်သူမဟုတ်ပေ။ သီဟနဲ့ မပတ်သက်ဘူးဆိုရင်ပေါ့။ ကိုယ်ချင်းစာ တတ်ခြင်း၊ ငဲ့ညှာတတ်ခြင်းတွေနဲ့အတူ ထာဝရဆိုတာ စိတ်ထားဖြူစင် သူလေးပါ။

အခုလည်း…

အမုန်းရဲ့ဝေလာတဲ့မျက်ရည်တွေကြောင့် သူမရင်ထဲမှာ ကိုယ်ချင်း စာစိတ်ကလေး ဝင်လာပြီး သူမပါ ငိုချင်လာသလိုလို။ ဒါကြောင့်-

''ကောင်းပြီလေ…ရှင် ပြန်မခေါ်ဘူးဆိုရင် ခေါ်ခွင့်ပြောခွင့် နှုတ်ဆက်ခွင့်တော့ ကျွန်မ ပေးလိုက်ပါ့မယ်''

''ဟင်''

''ဒါပေမယ့် အတိုင်းအတာတစ်ခုထက်တော့ မကျော်လွန်ပါစေ





နဲ့…ရှင် ကတိပေးပါ''

အမုန်း ချက်ချင်း ပြောင်းလဲသွားတဲ့လေသံကြောင့် မယုံမကြည် ဖြစ်ကာ-

''မင်း…မင်း တကယ်ပြောတာလား ထာဝရ''

ထာဝရ ခေါင်းညိတ်ရင်း သူ့လက်ထဲမှ မုန့်ထုပ်တွေကို ဆွဲယူကာ သီဟလက်ထဲသို့ ပြန်ထည့်ပေးလေတော့ အမုန်းရော သီဟ ရော အပြုံးတွေကိုယ်စီနှင့်ပါ။

ဪ…

ဒီလိုလည်း တကယ်တော့ အေးချမ်းစရာပါပဲလား။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

"ကိုကြီး တကယ်ညံ့တယ် သိလား။ ကျွန်တော်သာဆို လှလှပပလေး ပွဲသိမ်းလိုက်တယ်။ ကျွတ်…နေရာချင်းသာ လဲလိုက်ချင်တယ်"

သူရက အမုန်းကို ဘာတွေသဘောမတွေ့မှန်းမသိ ခေါင်းတခါခါပါ။ အမုန်းကတော့ သူ့ဘာသာ ခေါင်းပဲခါခါ ခြေပဲခါခါ သူလုပ်စရာရှိတာကိုပဲ လုပ်နေ၏။ ထမင်းအိုးတည်ဖို့ ဆန်ဆေးနေတာလေ။ ဟင်းက တွေ့သလို ကြုံသလို စားရတာများတော့ ထမင်းလေးတော့ ကောင်းမှပေါ့။

ဒါကြောင့်…





ဆန်ကိုတော့ ကောင်းတာလေး ဝယ်စားသည်လေ။ ဟင်းမရွေးတော့ ထမင်းမွှေးမွှေးလေး ဆီဆမ်းဆားဖြူးစားရလည်း တော်သေးတာပေါ့။ အရင်တုန်းကလိုတော့ သီတောင့်သီရိ ငတ်တစ်ခါ ပြတ်တစ်လှည့် မဟုတ်တော့ဘူးပေါ့။ အလုပ်နဲ့ ဟင်းမချက်နိုင်တော့ တစ်ခါတစ်ခါ သက်သက်သာသာနဲ့ ဝယ်စားရတဲ့ ထမင်းဆိုင်မှာပဲ ဟင်းလေးဝယ်စားတဲ့အခါမျိုးတွေလည်း ရှိပါသည်။

အဲဒီလိုစားတဲ့အခါရှိသလို…

မစားတဲ့အခါတွေကတော့ စုဘူးထဲမှာပေါ့။ အမုန်း ငွေစုနေတာ သူရရဲ့ရှေ့ရေးအတွက်ပါ။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တွေ ဘာတွေတက်တဲ့အထိဆို ပိုက်ဆံက တော်တော်ကုန်ဦးမှာ။

"ကိုကြီး"

"ဘာလဲကွ"

"ကိုကြီးက တကယ်သွေးအေးတယ်နော် သိလား"

"ဟ…သွေးမအေးလို့ ငါက ဘာကိုသွေးပူပြီး တုတ်ဆွဲ ဓားဆွဲ လုပ်နေရမှာလဲ။ ဘာလဲ…မင်းက ငါ့ကို အချုပ်ထဲဝင်စေချင်နေတာလား"

"မဟုတ်ဘူးလေ ကိုကြီးရဲ့…ကျွန်တော်ပြောတာက ဟိုဟာ"

"ဘယ်ဟာလဲ"

"ကိုကြီးမှာ မျက်စိမရှိတဲ့အတိုင်းပဲ…ဘာဝင်ပြီး စပ်နေလို့ မမြင်ရတာလဲ ကိုကြီးရာ"

"ဟ…ငါ့အလုပ်ငါ လုပ်နေတာ။ ငါက ဘာကို မြင်ရမှာလဲကွ"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



သူရ တကျွတ်ကျွတ်နှင့် အလိုမကျ ခေါင်းတွေကုတ်ကာ စိတ်ထဲမချင့်မရဲဖြစ်လျက် ကိုကြီးအနားသို့ ထသွားပြီး ဘေးမှာ ငုတ်တုတ်ထိုင်လိုက်မိသည်။ သူ ကိုကြီးမျက်နှာကို ကြည့်မယ်လုပ်တော့ အမုန်းက ဆန့်ဆေးပြီးလို့ ထသွားတော့ မကြည့်ရပြန်။ မမထာဝရရဲ့အလှတွေကို မြင်အောင် ကိုကြီးကို ဘယ်လောက်ပါဝါအားကောင်းတဲ့ မျက်မှန်တပ်ပေးရမလဲ။

ဟီး…ဟီး…

နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး ကြိုးနဲ့တုတ်ပေးထားရင် ကောင်းမလား။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလိုက်မိပြီး–

"တကယ်ဆိုရင် ကိုကြီး မြှားတစ်ချောင်းနဲ့ ငှက်နှစ်ကောင်မိအောင် ပစ်ရမှာဗျ"

"ဘာ"

"မမထာဝရက ဘယ်လောက်လှလဲ။ ကိုကြီးကလည်း ချောတယ်။ ကိုကြီးသာ မမထာဝရကို ပိုင်ရင် ညီလေးနဲ့လည်း အတူတူနေလို့ရတာပေါ့ ကိုကြီးရ။ ညီက အဲဒါကို ပြောတာ"

"တော်တော်ကောင်းတဲ့ အကြံပါလား သူရ…အဲဒီအလုပ်မင်းပဲလုပ်…စလာကတည်းက ဖွတ်လမ်းနည်းသုံးတာ။ အဲဒါ ရှုံ့ရှုံ့အကောင်းဆုံးပဲ"

"ကျွန်တော်နဲ့ အရွယ်မတူလို့ပေါ့ ကိုကြီးရ…တူလို့ကတော့ လာထားပဲ"

အမုန်း ဘာမှပြန်မပြောတော့ဘဲ ထမင်းအိုးသာ တည်လိုက်၏။ သူရမှာ ကိုယ်မရနိုင်တာအတွက်ပဲ ကိုကြီးကို ရစေချင်လို့ အားမလို





အားမရ ဖြစ်နေတာပါ။ မမထာဝရ အလုပ်ထဲကိုလာပြီဆို အခြားကောင်တွေ ကြည့်လိုက်ကြတာမှ မျက်လုံးကျွတ်ထွက်မတတ် ဖြူးလို့ပြဲလို့ပါပဲ။

ကိုကြီးကျတော့…

ဟွန်း…ဒီလောက်လှတာကိုတောင် ခံစားတတ်တဲ့နှလုံးသားမရှိဘူးလားတော့ မသိ။ သူရက အမြဲတမ်းလိုက်နေရတာမဟုတ်တော့ ခက်တာပေါ့။ ကျောင်းပိတ်ရက်မှ လိုက်ရတာလေ။ နေ့တိုင်း လိုက်နေရလို့ကတော့ မဖြစ်ဖြစ်အောင်ကို အောင်သွယ်ပေးချင်တာ။

အဟွန်း…

ဒီနည်းနဲ့ မဖြစ်တော့လည်း ဟိုနည်းပေါ့။ ဖြစ်အောင်ကို အောင်သွယ်ပေးဦးမှာ။

"ကိုကြီး"

"………."

"မနက်ဖြန် ညီ စာအုပ်ဝယ်ရဦးမယ်။ ပိုက်ဆံပေးဦးနော်"

"ဘယ်လောက်ပေးရမလဲ"

"တစ်ထောင်လောက်ပေါ့"

"လောက်လို့လား"

"လောက်ပါတယ်…မလောက်မှ ထပ်တောင်းမယ်လေ"

"အစကတည်းက လောက်အောင်ယူသွားမှပေါ့။ တော်ကြာ ချေးယိုမတတ် နှစ်ခါပြန်ဖြစ်နေမယ်။ ငါ နှစ်ထောင်ပေးလိုက်မယ်"

"ကိုကြီးသဘောပဲ"

သူရ ကြိတ်ပြုံးမိ၏။ ညာတောင်းတာကိုပဲ သဘောက စွင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေသေးတယ်။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ဆိုသလို အဲဒီပိုက်ဆံနဲ့ သူရ ဖူးစာရေးကြည့်မလို့လေ။ မရတာရတာကတော့ ကံကိုပဲ ပုံချရမှာပေါ့။ သူရက မဖြစ်နိုင်တာကိုပဲ ဖြစ်အောင်လုပ်ချင်တဲ့ကောင်ပါ။

ဒါကြောင့်…

နောက်နေ့ ကိုကြီးပေးတဲ့ပိုက်ဆံကို ပထမဆုံး စတင်သုံးလိုက်ခြင်းက နှင်းဆီတစ်ပွင့် ဝယ်လိုက်ခြင်းပါပဲ။ ပိုက်ဆံက နှစ်ထောင်၊ နှင်းဆီ တစ်နေ့တစ်ပွင့်ဝယ်ပြီး…

ဟာ…မဖြစ်သေးပါဘူး။

သွားဖို့လာဖို့ လမ်းစရိတ်ကရှိသေး။ အင်း‥သိပ်တော့ မထေးပါဘူး။ လမ်းစရိတ်က အသွားငါးဆယ် အပြန်ငါးဆယ်။ ချွေတာလို့လည်း မရ ဖြစ်အောင်တော့ လုပ်ရမှာပဲဆိုပြီး…

ထာဝရတို့အိမ်ကို ရောက်လာခဲ့သည်သာ။

ဒီအချိန်ဆို မမထာဝရ အပြင်ထွက်လာတော့မှာ။ သူ မမထာဝရအကြောင်းတွေ စုံစမ်းထားပြီးသားလေ။ စိတ်ရှည်ရှည်နဲ့ ရပ်စောင့်လိုက်ရုံပဲပေါ့။

"ဟော"

ကားထွက်လာတာမြင်တာနှင့် သွားမယ့်လမ်းမှာ ရပ်နေလေတော့ ကားလေးကလည်း ရပ်သွားကာ-

"ဟော့…အဲဒါဘာလုပ်နေတာလဲ ဖယ်လေ"

"ကျွန်တော် မမထာဝရကို ပေးစရာရှိလို့ စောင့်နေတာပါ"

"မင်း…အမုန်းညီ သူရမဟုတ်လား"





"ဟုတ်ပါတယ် မမ"

ထာဝရ ကားပေါ်ကနေ ဆင်းလာခဲ့တော့…

"ဘာပေးမှာလဲ"

"ဒါလေးပါ မမ"

"ဟင်"

ကိုယ့်ရှေ့ကိုရောက်လာတဲ့ နှင်းဆီပွင့်လေးက ပန်းရောင်လေးပါ။ ပန်းရောင်ဆိုတာ ချစ်ခြင်း၏သင်္ကေတပဲ မဟုတ်လား။ ထာဝရ မျက်မှောင်လေးကြုတ်သွားပြီးမှ-

"မင်း ဝယ်လာပေးတာလား"

"ဟုတ်"

"ဘာ"

"ယူလေ မမ"

"အရွယ်က ငယ်ငယ်လေးနဲ့ နင် ဒါမျိုးတွေတတ်နေတယ်ပေါ့ ဟုတ်လား…သူရ။ ငါနဲ့နင်က အရွယ်တူလို့လား ပြန်စဉ်းစားဦး။ စိတ်ကူးနဲ့ ရူးမနေနဲ့။ ကျောင်းစာကို ကြိုးစားရမယ့်အချိန်မှာ နင် ဒါတွေကို စိတ်ဝင်စားစရာလား။ ငါ အမုန်းနဲ့ ပြန်တိုင်မှာနော်"

"ဟာ…မမကလည်း ဘာတွေလျှောက်ပြောနေတာလဲဗျ။ ကျွန်တော်နဲ့မမ အရွယ်မတူမှန်း ကျွန်တော် သိသားပဲ။ ကျွန်တော်က ကလေးပဲ ရှိသေးတာကို"

"ဒါဆို"

"ကိုကြီး ပေးခိုင်းတာ…မမထာဝရဆီကို တစ်နေ့ နှင်းဆီပန်း တစ်ပွင့် တစ်ပတ်တိတိ ကျွန်တော့်ကို သွားပို့ပေးရမယ်ဆိုလို့ လာပို့



www.burmeseclassic.com

www.burmeseclassic.com



တာကို''

''ဟင်''

အမှန်း ပေးခိုင်းတာဆိုတော့ ထာဝရရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွားလေ၏။ ခလုတ်တိုက်တုန်းက သူ့ရင်ခွင်ထဲရောက်ခဲ့မိတဲ့အဖြစ်ကို တွေးမိတော့ ရင်ခုန်သံတွေအသစ်ပြန်စကာ ရှက်သလိုလို ဘာလိုလို။

ဟွန်း...

ကိုယ်တိုင်တော့ မပေးဘူး။ သတ္တိမရှိလိုက်တာ။

''ရှော့...ယူပါ မမရဲ့။ မမက ဒီပန်းလေး ပန်လိုက်ရင် ပိုလှသွားမှာဗျ...သိလား''

အပြောက ကောင်းပါလား။

''မင်းအစ်ကိုက သူကိုယ်တိုင် ဘာလို့မပေးတာလဲ''

''အာ...မမကလည်း ကိုကြီးက ဒီကိုလာဖို့ အချိန်ကိုမရ တာ။ သူ့ခမျာ မိုးလင်းတာနဲ့ ထမင်းထချက်ရ၊ အဝတ်တွေလျှော်ရ၊ ပြီးတော့ အလုပ်သွားဖို့ ပြင်ဆင်ပြီး အလုပ်ဆင်းရတာလေ။ ယားရင်တောင် မကုတ်အားအောင် အလုပ်ရှုပ်တာ''

''ဩော်''

ပြန်တွေးကြည့်တော့ ဟုတ်ပါလားလို့ ထာဝရရင်ထဲမှာ မကောင်းဖြစ်သွားရ၏။ ဘဝချင်းက တူမှမတူကြဘဲလေ။ ကိုယ်တွေက မိုးလင်းလို့ အိပ်ရာကထတာနှင့် အရာအားလုံး အဆင်သင့်ဖြစ်နေခဲ့တာ။ သူက အရာရာမှာ သူ့လက်သူ့ခြေ။ သနားခြင်းတွေ ရင်ထဲမှာ နိဝင်ကိန်းအောင်းသွားတာနှင့်...





''ယူပါ မမရဲ့''

သူရက နှင်းဆီပွင့်လေးကို အတင်းထိုးပေးနေလေတော့ နှလုံးသား၏တိုက်တွန်းချက်အတိုင်း လက်က နှင်းဆီပွင့်လေးဆီသို့ ရောက်သွားပြီးလေလျှင်...

''မမ သွားတော့မယ်နော်''

''ဟုတ်...မမ..Thank you ပါ''

ထာဝရ ကားပေါ်တက်ပြီး မောင်းထွက်သွားလေတော့ သူရ 'ငါကွ' ဆိုပြီး လက်သီးလက်မောင်း တန်းလိုက်လေရာ လက်က တံခါးနှင့် ထိခတ်ပြီး နာသွားလေလျှင်...

''အား''

မျက်နှာလေး ရှုံ့မဲ့သွားခြင်းနှင့်အတူ လက်ကိုလည်း ပွတ်လျက်သာ ကျန်ခဲ့ရလေတော့၏။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ထာဝရ ကိုယ်တာဝန်ယူထားတဲ့လုပ်ငန်းထဲကို သွားစရာ ဒီနေ့ အဖို့မရှိပေမယ့် သွားချင်နေတာ ဘာကြောင့်မှန်းမသိပါဘူး။ သူ့ ပေးထားတဲ့ နှင်းဆီပွင့်လေးကို ခေါင်းမှာပန်လျက် ရင်ထဲမှာ နွေးသလို လို အေးသလိုလို ရှက်သလိုလိုနှင့်ပါ။ သူပေးတဲ့ပန်းလေး ကိုယ်ပန် ထားတယ်ဆိုတာ သူ့ကို မြင်စေချင်လိုက်တာ။

ဒါ အချစ်လား။

ဖြူဖြူကျော်သိန်းသီချင်းလိုပေါ့နော်။ ကိုယ့်ခေါင်းက ပန်းလေးကို သူမြင်ရင် သူ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမလဲ သိချင်လိုက်တာ။ သူ လည်း ရင်တွေခုန်နေမှာပေါ့နော်။ စိတ်ထဲမှာ သူ့ကိုပဲ တွေ့ချင်မြင်ချင်





နေတာကြောင့် နှလုံးသား၏ စေညွှန်ရာအတိုင်း ကားက ကိုယ်သွားဖို့ ဦးတည်နေရာကိုမရောက်ဘဲ သူ့ဆီရောက်ဖို့သာ ပြေးလွှားနေခဲ့ပြီး နောက်…

သူရှိရာအရပ်ကိုရောက်တော့…

"ဟော…ထာဝရ လာတယ်"

"အမှန်း ဘယ်မှာလဲ ကိုခင်ဦး"

"နောက်ဖေးဘက်မှာ"

"ဩော်"

ဩော်ဆိုပြီး လှည့်ထွက်သွားတဲ့ ထာဝရကို ခင်ဦး လိုက်ငေးနေမိ၏။ ရှေ့ကကြည့်ကြည့် နောက်ကကြည့်ကြည့် ဘယ်ကပဲကြည့်ကြည့် နုထွေးပြီး လှပကျော့ရှင်းနေတဲ့ ထာဝရပါ။ အသားလေးဝါညက်ညက် နှင့် ပါးပြင်လေးက ဖောင်းဖောင်းအိအိ၊ မျက်ခုံးကောင်းကောင်း မျက်လုံးတောက်တောက်လေးနှင့်လေ။

ကိုယ်လုံးကိုယ်ပေါက် အချိုးအခက် ကောက်ကြောင်းကလည်း တင်းတင်းပြည့်ပြည့်နှင့်ပါ။ မော်ဒယ်လ်တွေလို ပိန်ကပ်ကပ်နဲ့လှနေတာ မျိုးမဟုတ်ဘဲ ကျောလယ်လောက်ရှိတဲ့ ဆံပင်တွေက လှုပ်ခါနေလျက် ပါ။ အမှန်းက ရုပ်ချောတဲ့ကောင်ဆိုတော့ နီးစပ်ဖွယ်ရာရှိပေမယ့်…

ကိုယ်လိုကောင်တွေကတော့…

"ဟိတ်ကောင်"

"အမလေး…ဘုရားငုတ်တုတ်"

ပခုံးကို ဖျန်းကနဲရိုက်ပြီး ခေါ်လိုက်သူက လှထွန်းအောင်ပါ။

"ဘုရားက ငုတ်တုတ်မရှိလို့ ဘယ်လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစောင်းကိုယ်တော်၊ မတ်တတ်ကိုယ်တော်တွေ ရှိတယ်လေကွာ"

"ထားပါ…မင်း ဘာတွေ ငမ်းကြောထူနေတာလဲ"

"ဟီး…ဟီး"

"ဘာ..ဟီး…ဟီးလဲ။ ကိုယ့်ရုပါက ဒီလောက် ချူချာနေတာ ရုပါအဖြစ်နဲ့ စိတ်ကူးမယဥ်နဲ့မောင်။ စိတ်ကူးရင်း ရူးသွားရင် ကုစရာ ဆေးမရှိဘူး။ ဟိုက မင်းကို ဖုတ်လေသည့် ငါးပုပ် ရှိတယ်လို့တောင် အဟုတ်ထင်မှာမဟုတ်ဘူး"

"ငပိပါကွာ"

"ငပိကရီးလို့ ငါးပုပ်ပြောတာကွာ…ဘာဖြစ်လဲ"

ခင်ဦး မျက်စောင်းကြီးသာ ထိုးလိုက်မိ၏။ ကိုယ်ကရော ရူးနေလို့လား။ အစကတည်းက ဘယ်လိုမှ မဖြစ်နိုင်တာကြီးကို သိသိနဲ့ ရူးမနေနိုင်။ မဖြစ်နိုင်တာကို စိတ်ကူးယဥ်ရင် ကိုယ်ပဲ ရူးမှာလေ။ သူ အဲလောက်ထိ မမိုက်မဲပါဘူး။ မျက်စိအရသာခံပြီး ကြည့်ရုံကလွဲပြီး…

ကိုယ့်နှလုံးသားအာဟာရအတွက်…

ကိုယ်နဲ့တန်တာလေးပဲ လိုက်မှာပေါ့လို့…

"အမုန်း"

"……………"

"အမုန်း"

"ဟင်"

အမုန်း လှည့်ကြည့်ပြီး ထာဝရကို မြင်လေလျှင်-





"သြော်…မင်းကိုး"

"ရှင်…အဆင်ပြေရဲ့လား"

"ဘာကိုလဲ"

"အလုပ်လုပ်ရတာကို ပြောတာပါ"

"ဒီလိုပါပဲ တစ်ခါတလေ အဆင်ပြေသလို တစ်ခါတလေတော့ ဆူရမာန်ရ အော်ရဟစ်ရတာတွေ ရှိတာပေါ့"

"သြော်"

ထာဝရ သူပေးတဲ့ပန်းကို ကိုယ့်ခေါင်းမှာ ပန်ထားတဲ့အကြောင်း သူ့ကို သိစေမြင်စေချင်တာကြောင့် သူမြင်နိုင်အောင် ခေါင်းလေးငုံ့လိုက် ဆံပင်သပ်လိုက် လုပ်နေမိတာတောင် သူက သေသေချာချာ မကြည့် မမြင်ပါလား။ ထာဝရ သူနှင့်စကားပြောရင်း ခေါင်းကပန်းကို နုတ်ယူပြီး လက်ကကိုင်ကာ နမ်းပြတော့လည်း သူက မသိသလိုပါလား။

ဘယ်လိုလူပါလိမ့်…

သူပေးတဲ့ပန်းကို ပန်ထားတာတောင် သူ သိသွားပြီ၊ မြင်သွားပြီဖြစ်ပေမယ့် ဝမ်းသာရိပ်လည်း မပြ၊ ကြည်နူးရိပ်လည်းမထင်။ သူ ဘာမှမလုပ်တဲ့အတိုင်းပဲ။ မုန်းဖို့ကောင်းလိုက်တာ။ ထာဝရ နှင်းဆီပွင့်လေးကို လှည့်ပတ်ဆော့ကစားရင်း-

"အမုန်း"

"ဟင်"

"ဒီလိုနှင်းဆီတစ်ပွင့်ကို ဝယ်ရင် ဘယ်လောက်ပေးရမလဲ သိလား"

"မသိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူဝယ်လာတာကိုမှ သူသိမယ်ထင်ပြီး မေးလိုက်မိကာမှ မသိဘူးတဲ့။ ဒါ တမင်သက်သက် မသိချင်ယောင်ဆောင်နေတာ။ ဟွန်း... ဘယ်လိုလူလဲ မသိပါဘူး။

ထာဝရ...

နှုတ်ခမ်းလေးစူမိ၏။ ကိုယ်က သူပေးတဲ့ပန်းကို ကိုယ်ပန်ထားကြောင်း သူသိစေချင်လို့ အကြောင်းမရှိအကြောင်းရှာပြီး လာခဲ့ရတာကို သူက မသိဟန်ဆောင်နေသေးတယ်။ တော်တော်သတ္တိနည်းတဲ့သူပဲ။

"ရှင်ကလည်း ဒါလေးတောင် မသိဘူးလား"

"ဟ...ငါက ပန်းတွေရဲ့တန်ဖိုးကို သိရအောင် ပန်းဝယ်ပန်တဲ့ မိန်းမလည်း မဟုတ်ဘူး။ ပန်းရောင်းတဲ့သူလည်း မဟုတ်ဘူးလေ။ ဘာလုပ်ဖို့ မေးနေတာလဲ"

"ဟင်"

တော်တော်ဟန်ဆောင်ကောင်းတဲ့လူပဲ။ သူပဲ တစ်နေ့ နှင်းဆီတစ်ပွင့်ဝယ်ပြီး တစ်ပတ်တိတိ သူရကို လာပို့နိုင်းတယ်ဆိုပြီး ခုကျတော့ သူ ဘာမှမသိသလိုပါလား။ စိတ်ထဲမှာ တင်းကနဲဖြစ်သွားခြင်းနှင့်အတူ မသိတာကို သိအောင်ပဲ မေးချင်မိသွား၏။

ဒါကြောင့်...

"ဒီမှာ"

"..........."

"ဒီနှင်းဆီပွင့်ကို ရှင် မှတ်မိလား"

ဘာလာကြောင်တာလဲလို့ အမုန်း မျက်မှောင်ကြုတ်သွားစဉ်-





"ရှင် ပေးနိုင်းတာဆိုပြီး သူရ လာပေးသွားတာလေ။ ဒါကို ရှင်က မသိဘူးဆိုတော့ ရပါတယ်...လွှင့်ပစ်လိုက်ရုံပဲရှိတာပေါ့"

"ဟာ"

လွှင့်ပစ်ဖို့ရွယ်လိုက်တဲ့လက်ကို အမုန်း အတင်းပဲ ဖမ်းဆုပ်ထားလိုက်မိ၏။ လွှင့်ပစ်ရင် အပြစ်မဲ့တဲ့ ပန်းလေးခမျာ သနားစရာပဲလေ။ သူရ...ဒီကောင် ဘာတွေလျှောက်လုပ်နေပါလိမ့်။ သူ မဟုတ်ပါဘူးလို့ ငြင်းလိုက်ရင် ထာဝရ ရှက်သွားမှာပေါ့။ ဒီတော့ ချော့လဲရောတိုင်လုပ်ရမလား။

အမုန်း...

ထာဝရလက်ထဲက ပန်းကလေးကိုယူလိုက်ပြီး ထာဝရခေါင်းမှာ ပြန်ပန်ပေးလိုက်ကာ-

"လွှင့်ပစ်ဖို့ ကျွန်တော် ခွင့်မပြုနိုင်ဘူး"

"ဒါဆို ရှင် ဝန်ခံလေ"

"ဟုတ်တယ်...ကိုယ် ပေးနိုင်းလိုက်တာ။ နောက်နေ့တွေလည်း ပေးနေဦးမှာ။ မင်း လက်ခံမယ်မဟုတ်လား။ သူရက ဘာပြောသေးလဲ"

"တစ်ပတ်တိတိ နှင်းဆီ တစ်နေ့တစ်ပွင့် လာပေးနိုင်းတာတဲ့"

"ဘယ်လိုလဲ လက်ခံမှာလား"

"ရှင်ကရော လက်ခံစေချင်လား"

"ကိုယ်ကတော့ လက်ခံစေချင်တာပေါ့"

"ဒီနေ့ကတည်းက ကျွန်မ လက်ခံထားပြီပဲလေ။ အဲဒီအတွက် ရှင့်ရဲ့ခံစားမှုကို ကျွန်မ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ပျော်တာပေါ့"

ဟန်ဆောင်မှုပေမယ့် ရင်ထဲမှာ တကယ်လှိုက်ကနဲ ဖြစ်သွားပြီး ပျော်မိတာတော့ အမှန်ပါ။ သူရကတော့ သူဖြစ်ချင်တာကို ဖြစ်ရဖို့ လုပ်နေပြီ။ ကိုယ်က အလိုက်သင့်မျောပါရမလား…တစ်ခါမှ မိန်းကလေးတစ်ယောက်ကို မချစ်ဖူးသေးတော့ သူ့မှာ အချစ်ဆိုတာ ဘာလဲမသိ။

အခုတော့…

ရင်တွေခုန်လာပြီး ပျော်သလိုလိုပါ။ ဒါ အချစ်လား။ ကိုယ် ပေးတယ်ဆိုပြီး နှင်းဆီပန်းကို လက်ခံခဲ့တဲ့ ထာဝရကရော ကိုယ့်ကို ချစ်လို့ လက်ခံခဲ့တာလား။ အမှန်း ရမှာပဲလို့ တစ်ထစ်ကျွတ်ပြီး ကိုယ့်ကိုယ်ကိုယ်လည်း အထင်မကြီးချင်ပါဘူး။

"ရှင်…ဘာလို့ အဲဒီလိုလုပ်ရတာလဲ အမှန်း"

"ဘာကိုလဲ"

"ပန်းပေးတာလေ"

"ကိုယ် ကြားဖူးတာတော့ ပန်းပေးရင် အရှုံးပေးတာလို့ ကြားဖူးတာပဲ။ ကိုယ် မင်းနဲ့ ရန်မဖြစ်ချင်လို့ အရှုံးပေးတဲ့သဘောပါ"

ကဲ…ပါးစပ်ထဲ ထင်ရာပြောထည့်လိုက်တာ အေးရော။ ဒါပေမယ့် ပြောပြီး သေသေချာချာ ပြန်တွေးကြည့်တော့ ဒီစကားက ကိုယ့် ရင်ထဲကလာသော စစ်မှန်သည့်စကား ဖြစ်နေပြန်သည်လေ။

"ကျွန်မ ကြားဖူးတာတော့ ပန်းပေးရင် အလှမ်းဝေးတယ် ဆိုလားပဲ"

"အဲဒါ ကိုယ့်စိတ်ပေါ်မှာပဲ မူတည်တာပါ။ မမြင်ရတဲ့





အဓိပ္ပာယ်တွေကို ကိုယ် အယုံအကြည်မရှိဘူး"

"ဟုတ်လား"

"အင်း"

"ဒါဆိုလည်း ပြီးတာပဲလေ"

"ဟာ…ဟေ့…နေဦး"

"ဟင်"

အမှန်းက ထာဝရလက်ကို ကမန်းကတန်း ဆွဲထားလေ၏။ ထာဝရက ကိုယ်လမ်းခင်းပေးတာတောင် မလျှောက်ဘဲ အေးစက်စက် နိုင်တဲ့ သူ့ကို စိတ်မရှည်လို့ လှည့်ထွက်သွားတာလေ။

"နေပါဦး"

"ဘာလို့နေရမှာလဲ…ဖယ်"

"ထာဝရ"

"ဘာလဲ"

"မင်းကို ကိုယ် ပြောစရာရှိတယ်"

"နောက်မှပဲပြောတော့"

"မရတော့ဘူး…ခုပြောမှဖြစ်မှာ"

"ဒါဆိုပြော…ဘာလဲ"

"ဟိုသီချင်းကို ထာဝရ သိလား"

"ဟင်"

ပြောစရာရှိတယ်ဆိုပြီး ပြောလာတော့ ကိုယ်ထင်သလိုမဟုတ်ဘဲ သီချင်းအကြောင်းမို့ မကျေမနပ် မျက်မှောင်လေးကြုတ်သွားကာ

"ဘယ်သီချင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သံက ခပ်ဆောင့်ဆောင့်ပါ။ အမုန်း ခေါင်းကို မော့လိုက်ကာ-

စကားပြောရင် အေးဆေးပြီး တည်ငြိမ်နေတာလေးရယ်။××× အနမ်းပေးရင် ခေါင်းလေးငုံ့ ရှက်နေတာလေး ချစ်တယ်···

ပါးမို့မို့လေးထက်က စံပယ်တင်မှဲ့ကလေးရယ်××× ငါ့အတွက်ဆို အမြဲတမ်းပဲ··· ဂရုစိုက်တာလည်း ချစ်တယ်××× သီချင်းတစ်ပိုင်းတစ်စကိုဆိုပြီး ထာဝရမျက်နှာလေးကို စိုက်ကြည့်မိကာ-

"အဲသီချင်းကိုပြောတာ"

"အဲဒါ မနောဆိုတာလေ"

"သီချင်းခေါင်းစဉ်က ဘာလဲလို့"

"ချစ်တယ်လေ"

"တကယ်"

"ရှင်···သီချင်းတောင်ရနေပြီ၊ ခေါင်းစဉ်ကျမှ မသိဘူးလား"

"ကိုယ်က တကယ်လားလို့ မေးနေတာလေ"

"ဒါ ညာစရာလား···တကယ်ပေါ့"

"ဒါဆို ကိုယ် ဝမ်းသာလိုက်တော့မယ်"

"ဟင်"

ထာဝရ သူ့ကို ဖျတ်ကနဲ မော့ကြည့်လိုက်မိ၏။ ဒါ သူ လူလည်ကျတာပေါ့။

"ကိုယ့်ကို တကယ်ချစ်တယ်ပေါ့"

"ရှင် လူလည်မကျနဲ့နော်။ ကျွန်မက သီချင်းခေါင်းစဉ်ကို ပြောတာ"





"မရတော့ဘူးလေ···ပြောပြီးပြီ"

"မသိဘူး···မသိဘူး"

ဒီတစ်ခါတော့ အမုန်း မတားဆီးလိုက်နိုင်ခင်မှာပဲ ထာဝရက သူ့ရှေ့မှ ပြေးထွက်သွားလေတော့ ရင်ထဲမှာ ရှိန်းမြမြနှင့် ပျော်သလို ဖြစ်မိတာ···

ဒါ အချစ်လား···

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ သူရ။ အခု ငါ့မှာ ဘုမသိ ဘမသိနဲ့ ချော်လဲရောထိုင်ရင်း ရင်ထဲမှာ ဘာတွေခနေမှန်းကို မသိတော့ဘူး"

"ဘာလုပ်ရမှာလဲ…ဖူးစာရေးနေတာလေ။ ဘာပဲခခ အထာကျရင် လက်ခံလိုက်စမ်းပါ ကိုကြီးရ…ဟီး…ဟီး"

"ဘာ…ဟီးဟီးလဲ…ရပ်ကိုက"

အမှန်း နောက်ထပ် ဘာတွေ ထင်ရာလျှောက်လုပ်နေမလဲ စိုးရိမ်လို့သာ ပြောရတယ်။ ရင်ထဲမှာတော့ ကျေနပ်နေမိသည်လေ။ ဘာမှန်းမသိတဲ့အချစ်က ခုတော့ သူ့ရင်ထဲမှာ အရိပ်ထင်လာခဲ့ပြီ။ နောက်ဆိုရုပ်လုံးဝေါလာတော့မှာလေ။ ဒါ သူရ ရေးဆွဲခဲ့တဲ့ အချစ်ပန်းချီကားတစ်ချပ်ပဲပေါ့။





ထာဝရ…

သူများအတွက်တော့ မသိဘူးပေါ့လေ။ သူ့မျက်လုံးထဲမှာတော့ ထာဝရသည် ကမ္ဘာပေါ်မှာ အလှပဆုံးမိန်းကလေးပါ။ ဟိုစကားလိုပေါ့။ ချောလို့ချစ်တာ မဟုတ်ဘူး။ ချစ်လို့ချောတာဆိုတာလေ။ အဲလိုပဲပေါ့။ ချစ်လို့ချောတာပဲဖြစ်မှာပါ။ မချစ်ရင် အပြစ်မြင်စရာတွေ အမျိုးမျိုး ရှာဖွေတွေ့ရှိနိုင်တာပဲဥစ္စာ။

သူရကတော့…

သူ စထားတဲ့ဇာတ်လမ်းဆိုပြီး ကိုကြီး ဆူမှာစိုးတာနှင့် ခေါင်းကုတ်လိုက် ဖင်ကုတ်လိုက်နှင့် ဘာပြောလို့ပြောရမှန်းမသိ အပြေးအလွှား စဉ်းစားနေရင်းပဲ…

"ကိုကြီး"

"ဘာလဲ"

"အခု ကိုကြီးတို့ အဆင်ပြေတယ်မဟုတ်လား"

"မပြေလို့ မရတော့ဘူးလေ။ မင်းလုပ်ခဲ့တာကို ငါက ဟင့်အင်းငြင်းလိုက်ရင် သူ ရှက်သွားမှာပေါ့ကွ"

"ဒါနဲ့ပဲ ဖောရှောလိုက်ရင်း အဆင်ပြေသွားကြတယ်ပေါ့"

"ဟုတ်တယ်…ဟုတ်တယ်"

သူရမျက်နှာ ပြုံးသွားလေ၏။ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာခဲ့တာပဲလေ။ ဒါ ကျေနပ်စရာပဲပေါ့။

"ကျွန်တော် ပင်ပန်းရကျိုးနပ်သွားတော့ ကျေနပ်တယ် သိလား"

"မင်း နောက်ထပ် ဘာလုပ်ဖို့ အစီအစဉ်ရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသေးတယ်…စိတ်ချ…တစ်ပတ်ပြည့်အောင် ပန်းဆက်ရဦးမှာလေ။ ဇွတ္တလက်သစ်ကလေးပေါ့…ဟဲ…ဟဲ"

"နေပစေ…ပို့မနေနဲ့တော့"

"ဟာ…မပို့လို့တော့ ရမလား ကိုကြီးရ…ကျွန်တော်က တစ်ပတ်တိတိ ကိုကြီးက ပို့နိုင်းတာလို့ ပြောထားတာဗျ"

"ငါ သိပါတယ်…မင်းမျက်နှာပျက်ရအောင် ငါ မလုပ်ပါဘူး"

"ဒါဆို"

"ငါကိုယ်တိုင် ငါ့လက်နဲ့ပေးမယ်"

"တကယ်"

သူရမျက်နှာက တကယ့်ကို မှိုရတဲ့မျက်နှာပါ။ သူ့အတွေးက တစ်မျိုးလေ။ ဖွတ်လည်းရ ဓားမလည်း မဆုံးရအောင် ပါးပါးလေးပဲ ပုတ်လိုက်တာပါ။

"ဒါနဲ့ မင်းကို ငါ မေးပါဦးမယ်"

"ဟင်…ဘာလဲ"

"မင်း ပန်းဝယ်တာ ငါ့ဆီ ပိုက်ဆံမတောင်းဘဲ ဘယ်ကရတဲ့ ပိုက်ဆံနဲ့ ဝယ်တာလဲ"

ဒီလိုမေးတော့ သူရ ခေါင်းလေးငုံ့ပြီး ရယ်နေသည်။ ဒီကောင် ဘာတွေမဟုတ်တာလုပ်နေပြန်ပြီလဲ။ ဒီကောင်နဲ့တော့ ခက်ပါတယ်။

"မေးတာဖြေလေ"

"ကိုကြီးကလည်း ညီ စာအုပ်ဝယ်မယ်ဆိုပြီး ကိုကြီးဆီက ပိုက်ဆံ ညာတောင်းထားတာကို"





"ဘာ"

"စိတ်မဆိုးပါနဲ့ ကိုကြီးရယ်…ညီက အကျိုးတော်ဆောင်ချင်လွန်းလို့ပါ။ ကိုယ့်အစ်ကိုကြီး မိန်းမကောင်း မိန်းမမြတ်ကလေး ရပါစေတော့လို့"

"ဟိတ်ကောင်…တော်စမ်း"

အမှန်း အော်လည်းအော်၊ လူကလည်း သူရအနားသို့ ရောက်သွားလေ၏။ ဒါမျိုးလိမ်တာတော့ သူ မကြိုက်ဘူးလေ။

"ငါက ညာတာမကြိုက်မှန်းသိရဲ့သားနဲ့ မင်း ညာတာ ငါ လုပ်လိုက်ရ သေတော့မှာပဲ"

ပြောရင်း ခြေဖျားနှင့် သူရပေါင်ကို မနာအောင် ကန်လိုက်တော့

"အမှန်ပြောတောင်းရင် ကိုကြီးက ပေးမှာမှမဟုတ်တာ ကိုကြီးရ"

"နောက်…ညာရင် မင်း မလွယ်ဘူး…ကြားလား"

"ဟုတ်"

ဟုတ်က တိုးတိုးမဟုတ်ဘဲ အကျယ်ကြီးအော်ကာ သူရ ထလာခဲ့တော့၏။ ရှေ့ဆက်ထိုင်နေရင် အဆူခံနေရဦးမှာလေ။ ဒီတော့ လစ်ပြီ။

အဆင်ပြေမှ ကျေးဇူးတင်ပေတော့။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

အမုန်း နှင်းဆီပွင့်လေးကို ကိုင်လျက် ခြံဝမှာ စောင့်နေမိသည်။ ဘုရားဖူးရင်း လိပ်ဥတူးတဲ့လူလိုပေါ့။ ထာဝရကို စောင့်ရင်း သီဟ ကစားနေတာကို ချောင်းကြည့်နေမိတာ။ ဒါကြောင့် ထာဝရ ဘယ်လောက်ပဲကြာကြာ သူ စိတ်ရှည်လက်ရှည်နှင့် စောင့်နေမိမှာပါ။

ဩော်…တို့မိသားစုကို ခွဲရက်တဲ့ကံကြမ္မာရယ်…

ရက်စက်လိုက်တာလို့လည်း မပြောချင်တော့ပါဘူး။ အရာရာတိုင်းက သူ့အကြောင်းတရားနဲ့သူပဲလေ။ ကံဆိုတာက သူဖန်တီးရာကိုယ်ခံရတာ။ ကြမ္မာကတော့ လူဖန်တာပဲပေါ့။ သူတို့ဘဝကတော့ ကံနဲ့ကြမ္မာ ပေါင်းစပ်ပြီး နှိပ်စက်ခံရတဲ့ ကံကြမ္မာရဲ့သားကောင်တွေ။ ဩော်…ဖေကြီးရယ်…





ဖေကြီးကတော့…

အရာအားလုံးကို ကျော်နိုင်းသွားတာ ကြာခဲ့ပြီပေါ့လေ။ သေစေလိုတဲ့ဆန္ဒမရှိပေမယ့် ဝဋ်ကျွတ်သွားတာကောင်းပါတယ်။

"မောင်လေး"

ဟော…ထာဝရ ထွက်လာပြီ။

"မောင်လေး"

"ဗျာ"

"ကစားမနေနဲ့တော့လေ‥မမနဲ့ မြို့ထဲလိုက်မလို့ဆို။ ရေချိုးတော့လေ"

"ဟုတ်"

"ဟုတ်ဆို မြန်မြန်လာ"

"ဟုတ်"

အမုန်း ထာဝရတို့ အိမ်ထဲပြန်ဝင်မသွားခင်ပဲ ကိုယ်ရောက်နေမှန်း သိအောင် လက်ခေါက်မှုတ်လိုက်တော့-

"ရှီး"

"……….."

"ရှီ"

"ဟင်"

ထာဝရ လှည့်ကြည့်လိုက်တော့ အမုန်းပါ။ အမုန်းက လက်ယပ်လှမ်းခေါ်လေသဖြင့် ထာဝရ ခြေလှမ်းစလိုက်တာနှင့် သီဟက အရင်အပြေးလေးသွားကာ-

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သီဟ"

"ကိုကြီး မမဆီလာတာလား"

"ဒါပေါ့ကွ…ဒီမှာ ဒါပေးမလို့"

"ဟုတ်လား"

အမှုန်း နှင်းဆီပွင့်လေးကို ပြလိုက်တော့ သီဟက ဟုတ်လားလို့လည်းမေး ထာဝရကိုလည်း ပြန်ကြည့်ကာ…ပြီးတော့မှ တံခါးဖွင့်ပေးလေပြီ။

"လာ…ကိုကြီး ဝင်လေ"

"ဟာ…ငါ ခြံထဲဝင်လို့ ဘယ်ဖြစ်မှာလဲကွ။ တော်ကြာ လူကြီးတွေနဲ့တွေ့မှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ဒါဆိုနေလေ…မမ လာပြီ"

"အမှုန်း"

ထာဝရ အနားရောက်လာတော့ အမှုန်းက နှင်းဆီပွင့်ကို ကမ်းပေးကာ-

"ဒီနေ့ ကိုယ်ကိုယ်တိုင် လာပေးတာ"

ခေါင်းညိတ်ပြီး ထာဝရ နှင်းဆီပွင့်ကို ယူလိုက်တော့-

"ကိုယ် ပန်ပေးရမလား"

"ရပါတယ်"

"တကယ် မနော့နော်"

"ရှင်နော်…ဘယ်လိုဖြစ်နေတာလဲ…ကလေးရှေ့မှာ"

"ကိုကြီး"

"ဟင်"





"မနော့ဆိုတာ အဆိုတော်ကို ပြောတာလား"

"ဟုတ်တယ်လေ…ဟိုသီချင်းဆိုတာ"

"……….."

"ချစ်တယ်"

ထာဝရ အနားကို တိုးတပ်ပြီးပြောလေတော့ ထာဝရက မျက်နှာလေးလွှဲကာ နောက်ဆုတ်သွားလေသည်။ မောင်လေးက ကလေးဆိုပေမယ့် သိတတ်နေတဲ့အရွယ်လေ။ ဒါကို မသိဘူးလား။ ထာဝရ သူ့ကို မျက်စောင်းထိုးလိုက်ပြီး-

"ရှင်ပေးတာ ကျွန်မ ယူပြီးပြီ…ရှင် ပြန်တော့"

"ပေးတာယူပြီးရုံနဲ့ မပြီးသေးဘူးလေ ထာဝရရဲ့…မေးတာကိုလည်း ဖြေဦးမှပေါ့"

"ဟင်…ရှင် ဘာမေးလို့လဲ"

"ကိုယ့်ကို ချစ်လားလို့"

"အံမယ်…ရှင်က ကျွန်မကို ချစ်တယ် ဘယ်နှခါပြောလို့ ကျွန်မက ဖြေရမှာလဲ"

"မပြောရသေးဘူးလား…အခုပြောမယ်လေ"

"မပြောနဲ့"

"ပြောမယ်"

"မပြောနဲ့"

"ပြောမှာပဲ"

"ရှင်နော်"

"မင်းကို ကိုယ် ချစ်တယ်။ မင်းရော ကိုယ့်ကို ချစ်လား…



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဖြေ"

အံမယ် ရည်းစားစကားပြောပုံက တင်တင်စီးစီးနဲ့ တော်တော်ပြန်ပြီးချစ်စရာကောင်းလိုက်တာ…ဟွန်း။ ထာဝရ သီဟာကို ငုံ့ကြည့်လိုက်တော့ မျက်နှာက စပ်ဖြဲဖြဲနှင့်ပါ။ သူလည်း ချစ်တာ မုန်းတာတော့ သိနေတဲ့အရွယ်ပဲလေ။ ကိုယ်တိုင်ကသာ အချစ်ကို မြေစမ်းခရမ်းပျိုးလုပ်လို့ မသင့်တော်သေးတဲ့အရွယ်။

ထာဝရကို ကြည့်လိုက်…

အမုန်းကို ကြည့်လိုက်လုပ်ပြီးမှ…

"ကိုကြီး"

"ဘာလဲကွ"

"မမကတော့ မသိဘူး။ ကျွန်တော်ကတော့ ကိုကြီးကို ချစ်တယ် သိလား"

"ဟုတ်လား"

"ဟုတ်"

အမုန်း သီဟခေါင်းလေးကို ပွတ်ပေးပြီး ရယ်လိုက်မိ၏။ အဲဒါပဲလေ သွေးက စကားပြောတယ်ဆိုတာ။ ဘယ်သူတွေ ဘယ်လိုပဲ တားဆီးထားပါစေ သွေးက တစ်သွေးတည်း တစ်သားတည်းပဲလေ။ လူက မမှတ်မိပေမယ့် စိတ်က အလိုလိုသိပြီး သွေးချင်းက ရင်းနှီးနေမှာပေါ့။

"ကိုကြီးကလည်း ညီကို ချစ်ပါတယ်ကွာ"

"မမကို ချစ်သလိုမျိုးလား"

"ဟာ…အဲဒါတော့ ဘယ်ဟုတ်မှာလဲကွ။ မတူဘူးလေ"





"မတူဘူးလား"

"မတူဘူး…ကျွတ်…မင်းကို နားလည်အောင် ဘယ်လိုရှင်းပြရမလဲ"

"ရှင်းပြမနေပါနဲ့တော့ သား သိတယ်။ မမနဲ့သာ အဆင်ပြေအောင်ပြော။ သား သွားပြီ..ဟဲ..ဟဲ…အလိုက်သိပေးတာပါ..ဘိုင်"

"ဟယ်…မောင်လေး"

သီဟက လက်ကလေးပြ နှုတ်ဆက်ခဲ့ပြီး ပြေးထွက်သွားလေတော့သည်။ အလိုက်သိတာလေးကိုပဲ ကျေးဇူးတင်လိုက်တာ။

"မနော"

"ဟင်"

"အဲလေ..မှားလို့။ ထာဝရလို့ ခေါ်တာ။ ပြောပါဦး…ကိုယ့်ကို ချစ်လား"

"ရှင် ဘယ်လိုဖြစ်နေတာလဲ။ ခုမှ ချစ်တယ်ပြောပြီး အခုချက်ချင်း အဖြေပြန်တောင်းလို့ ရမလားရှင့်။ လူကို အပေါစားများ မှတ်နေလား"

"မမှတ်ပါဘူးဗျာ…ဘယ်လောက်စောင့်ရမလဲပြော"

ထာဝရ တွေကနဲ ဖြစ်သွားလေ၏။ ယောကျ်ားလေးတွေက လွယ်လွယ်ရရင် တစ်နေ့ ပယ်ပစ်တတ်ကြပြီး တန်ဖိုးမှ မထားတတ်ကြတာ။ ရက်ရက်ရောရော ချစ်ရင်လည်း ပေါပေါမြင်ကြတာပဲလေ။ ထာဝရက ဒီလောက်လွယ်ပါ့မလား။ မိန်းကလေးမို့ ကိုယ့်မှာရှိတဲ့ မာနလေးနဲ့တော့ တင်းထားဦးမှပေါ့။

သူ ကိုယ့်ကို တကယ်ချစ်ရင်…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင့်နိုင်းသလောက် စောင့်ရမှာပေါ့။ ဒါမှ သူ ဘယ်လောက်စိတ်ရှည်တတ်မလဲသိရမှာ။

"ပြောလေ…ကိုယ် ဘယ်လောက်စောင့်ရမလဲ"

"တစ်လ"

"ဟာ…တစ်လကြီးများတောင်"

"ဘာလဲ…မစောင့်နိုင်ဘူးလား"

"အဲလောက်ကြီးတော့ များတာပေါ့။ ကိုယ် မစောင့်နိုင်ဘူး"

"ရှင်ကလည်း တစ်လဆိုတာ ဘာမှကြာတာ မဟုတ်ဘဲနဲ့။ မစောင့်နိုင်လည်းနေပေါ့"

"ထာဝရ"

"……."

တစ်လမစောင့်ရင် အဖြေပေးမယ့်ပုံမပေါ်တော့ စောင့်ရတော့မှာလား။ အင်း…မိန်းကလေးဆိုတော့ ဒီလောက်တော့ မူဦးမှပေါ့လေ။

"ကောင်းပြီလေ…စောင့်ဆိုတော့လည်း စောင့်ရတော့မှာပေါ့။ တစ်လပြည့်ရင်သာ ထာဝရ ကတိမပျက်ပါနဲ့။ ဒီနေ့ကစပြီး ကိုယ်မှတ်ထားလိုက်တော့မယ်"

"ဘာမှတ်မှာလဲ"

"ရက်တွေ လက်ချိုးတွက်ရတော့မှာပေါ့"

"သဘောပဲ"

"ကတိနော်"

"အင်း"

"ထာဝရ"





"ဟင်"

လှမ်းခေါ်လိုက်တာ 'ဖေဖေ့အသံမို့ ထာဝရ ကိုယ်လေးဆတ်ကနဲ တုန်သွားပြီး…

"ဖေဖေ"

"လာခဲ့စမ်း"

"ဖေဖေ မြင်သွားပြီ…ရှင် သွားတော့"

ထာဝရ သူ့ကိုလည်း ပြန်ဖို့တွန်းလွှတ်ပြီး ကိုယ်လည်း ခပ်သုတ်သုတ်လေး အိမ်ဘက်သို့ ပြန်ခဲ့ရတော့၏။ ဖေဖေ မြင်သွားပြီဆိုတော့ ဘာများပြောဦးမလဲ။

ဟူး…

ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ မှတ်ရတော့မှာပေါ့။

❤❤❤



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၃)

"သမီး"

"ရှင်"

"သမီးကို ဖေဖေ ဘာပြောထားလဲ"

ဖေဖေပြောတဲ့စကားကို ထာဝရ မှတ်မိတာပေါ့။ အလုပ်ကိစ္စနဲ့ ပတ်သက်နေရတာဆိုပေမယ့် လိုသည်ထက် ပိုပြီး မရင်းနှီး မပတ်သက် ပါနဲ့တဲ့။ မီးကို မလောင်ခင်ကြိုတားထား။ သစ်ပင်ဝါးပင်ကောက်တာ သာ မြင်ရတာ လူ့စိတ်ကောက်တာကို မမြင်ရဘူးလို့ ပြောခဲ့တာလေ။ အခု ကိုယ်က မပတ်သက်ပဲမှ မနေနိုင်တော့တာ။

ရင်ထဲမှာ...





အချစ်တစ်ခု အမြစ်တွယ်နေပြီဆိုမှတော့ ဘယ်လိုလုပ်ပြီး တားဆီးလို့ရနိုင်တော့မှာလဲလေ။

"ဖေဖေပြောတာ ကြားရဲ့လား"

"ဟုတ်...ကြားပါတယ် ဖေဖေ"

"အခု...အဲဒီကောင် ဘာလာလုပ်တာလဲ။ သမီးပြောတဲ့ အမုန်းလား"

"ဟုတ်ပါတယ် ဖေဖေ...သီဟကို သတိရလို့ လာကြည့်ရုံ သက်သက်ပါတဲ့။ သီဟ မသိစေရဘူးလို့ ပြောတာပါ ဖေဖေ"

"မသိစေရဘူးဆိုပေမယ့် ဖေဖေ မြင်တယ်။ သီဟနဲ့ စကား ပြောနေတာပဲမဟုတ်လား။ အဲဒါကိုပဲ ဖေဖေ မမြင်ချင်တာ"

"ဖေဖေရယ်...သူလည်း သူ့သမီးအရင်းပဲလေ။ တစ်ခါတလေ တော့ တွေ့ချင်ရှာမှာပေါ့။ သီဟဘက်က ဘာမှသိတာမှမဟုတ်တာ"

"မလိုချင်ဘူး...သီဟ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဘာမှ ပတ်သက်စရာအကြောင်းမရှိဘူး။ ခုမှ ကိုယ်ချင်းစာစိတ်မွေးမနေနဲ့ သမီး...လူချင်းတူပြီး ညီအစ်ကိုဆိုပေမယ့် ကံတရားက ခွဲခြား သတ်မှတ်ထားပြီးပြီ။ ဆွမ်းဆန်ထဲ ကြွက်ချေးရောတာမျိုး ဖေဖေ အဖြစ်မခံနိုင်ဘူး"

ပြောရက်လိုက်တာ ဖေဖေရယ်။ အဆင့်အတန်းချင်းမတူပေ မယ့် သူ့မှာ သူနဲ့တန်တဲ့ အရည်အချင်းတော့ ရှိမှာပဲလေ။ မြတ်စွာဘုရား တောင်မှ အမိုးရှိမှပွင့်ရတာ။ သူက ကိုယ့်ဒူးကိုယ်ချွန်နေရတာဆိုတော့ ခုလိုဘဝကပဲ လေးစားဖို့ကောင်းနေပြီလေ။ သူ့အရည်အချင်းနဲ့သူ့ အငယ်တွေကို ရိုးသားကြိုးစားစွာနဲ့ လုပ်ကိုင်ကျွေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံဆန်ထဲ ကြွက်ချေးရောဆိုတော့…

အမှန်းကို ကြွက်ချေးလို တန်ဖိုးမရှိဘူးလို့ ပြောလိုက်တာပေါ့လေ။ ကိုယ်က ချစ်မိနေတော့ အဲလိုပြောတာ မခံချင်ပြန်။

"ဖေဖေရယ်…သူလည်း သူ့အရည်အချင်းနဲ့သူတော့ ရှိပါတယ်။ ကျောထောက်နောက်ခံ ပြုစုပျိုးထောင်ပေးမယ့်သူမရှိပေမယ့် သူ့အစွမ်းအစသူ ကျားကန်ပြီး ရပ်တည်နေတာပဲလေ"

"ဘာ"

ဘာဆိုတဲ့အသံက မိုးချုန်းသံကဲ့သို့နှယ် ထာဝရ ခေါင်းပဲ့ထားလိုက်ချိန်မှာ ထာဝရလက်ထဲက နှင်းဆီပွင့်ကို ဦးစံထွန်း မြင်သွားပြီး-

"အဲဒီနှင်းဆီပန်းက ဘာလုပ်တာလဲ"

"ရှင်"

ထာဝရ နှင်းဆီပန်းကို နောက်သို့ ဝှက်မိလျက်သား ဖြစ်သွားလေ၏။ ဒါ သူပေးခဲ့တာလေ။ ဘယ်လိုညာရပါ့မလဲနော်။ ဖြုန်းစားကြီး မေးလိုက်တာဆိုတော့ ညာဖို့ကိုပဲ အပြေးအလွှား စဉ်းစားနေစဉ်-

"ဖေဖေ သိတယ်…အဲဒါ ဟိုကောင်ပေးခဲ့တာမဟုတ်လား"

"မဟုတ်ပါဘူး"

"မညာနဲ့နော်"

"မညာပါဘူး ဖေဖေရဲ့…ဒါ စောစောကတင်ပဲ သမီး ခြံထဲက ခူးလာတာပါ"

"ပေးစမ်း…အဲဒီပန်း"

"ဘာလုပ်မလို့လဲ ဖေဖေရဲ့"

"ပေးဆိုရင်ပေးစမ်း"





ပေးဆိုမှတော့ ငြင်းလို့မရတော့ဘူးလေ။ ဖေဖေက ထာဝရရဲ့ အဖေပဲဥစ္စာ။ ထာဝရ ပန်းကို တွန့်ဆုတ်ဆုတ်နှင့်ပဲ ပေးလိုက်ရ၏။ ဦးစံထွန်း ပန်းပွင့်ကို သေသေချာချာကြည့်ပြီး သိတာပေါ့။ ဒါ ကိုယ့်ခြံထဲကပွင့်တဲ့ပန်းမှ မဟုတ်တာ။ ကိုယ်လည်း ငယ်ရာကကြီးလာတဲ့ ကောင်ပဲဥစ္စာ..သိတယ်လေ။

ဒါကြောင့်…

ပန်းကို ခြေပစ်လိုက်တော့-

"ဖေဖေ မလုပ်ပါနဲ့"

"ဖယ်စမ်း"

ပန်းကို တစ်စစီ ခြေမွပစ်လိုက်တော့ ထာဝရရင်ထဲမှာ ကိုယ့်နှလုံးသားပါ ပွဲပွဲကြေသွားသလိုပါ။ နာကျင်ခံစားလိုက်ရတာ။ ဘယ်နာကျင်မှုမျိုးနဲ့မှ မတူပါဘူး။ ဒါ အချစ်နဲ့ပတ်သက်ပြီး ဖြစ်တည်လာတဲ့ ဝေဒနာလား။ ထိုဝေဒနာကြောင့် မျက်ရည်က ချက်ချင်းဝေ့တက်လာသည်။ ဒါတောင် ချစ်သူ မဖြစ်သေးပါဘူး။

ချစ်သူဖြစ်လို့များ ဝေးကြရင်လို့ တွေးမိတော့…

အတွေးနှင့်ပင် မခံစားနိုင်။ ဒါ အချစ်စစ်မို့လား။ သူကရော ထာဝရအပေါ် တကယ်ချစ်တာမှ ဟုတ်ရဲ့လား။

"သမီး"

"ရှင်"

ဦးစံထွန်း သမီးမျက်နှာကို သေသေချာချာ လိုက်ကြည့်ပြီး-

"ဘာလို့ မျက်ရည်ဝဲရတာလဲ။ ပန်းတစ်ပွင့်အတွက်နဲ့ အဲဒီလောက်အထိ ဖြစ်သွားစရာလိုလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စရာမို့ ဖြစ်သွားတယ်ဆိုရင် ဖေဖေ ထာဝရကို ရိုက်မှာတဲ့လား။ အမုန်းရေ...ရှင်ကတော့ ဘာမှမသိဘူးနော်။ ဓာတ်လမ်းစရုံနဲ့ အလွမ်းနဲ့စ အလွမ်းနဲ့ပဲ ဓာတ်သိမ်းရတော့မလား မသိပါဘူး။ ကျွန်မ ရင်ထဲမှာ ရှင့်ကို ချစ်တယ်ဆိုတာ ပိုပြီး ခိုင်မာသွားခဲ့ပြီမို့...

"သမီး အဲဒီလောက်အထိဖြစ်ဖို့ မလိုဘူး။ ခြံထဲမှာ ပန်းတွေ အများကြီး ပွင့်နေတာပဲမဟုတ်လား။ ကြိုက်တဲ့ပန်းကို ရွေးပြီး အသစ်ခူးပန်လိုက်"

ပန်းချင်းတူပေမယ့် စိတ်လန်းတာချင်းမှ မတူဘဲလေ။ ခြံထဲက ပန်းဆိုတာ သဘာဝအတိုင်းပဲ ရှိနေမှာပေါ့။ ချစ်သူပေးတဲ့ပန်းကတော့ ချစ်ရနံ့တွေနဲ့မွေးပျံ့ ရင်ကို အေးချမ်းစေတာပဲလေ။ ဘယ်လိုလုပ်ပြီး အစားထိုးနိုင်မှာတဲ့လဲ။

"ပြောတာ ကြားလား"

"ဟုတ်ကဲ့"

"အဲဒီကောင် ငါနဲ့တွေ့ဦးမယ်"

"ဟင်"

ထာဝရ ဖေဖေ့ကို အလန့်တကြား မော့ကြည့်လိုက်ပြီး-

"ဖေဖေ အမုန်းကို ပြောတာလား"

"ဟုတ်တယ်"

"သူ့ကို ဘာလုပ်မလို့လဲ"

"ပထမအဆင့်အနေနဲ့ သူ့ကို ဖေဖေ့သားသမီးတွေနဲ့ မပတ်သက်ဖို့ ပါးစပ်နဲ့ အရင်ပြောကြည့်မယ်။ ပါးစပ်နဲ့ပြောလို့မှမရရင် လက်နဲ့ပြောရတော့မှာပေါ့"





"ဖေဖေ အဲလိုလုပ်လို့ မဖြစ်ဘူးလေ"

"ဘာ"

"သမီးတို့ သီဟကို မွေးစားကြတာ စာချုပ်စာတမ်းနဲ့ မဟုတ်ဘူးလေ"

"အဲဒီအတွက် ဘာမှပူစရာမလိုဘူး။ ငါ မတတ်ရင်တောင် တတ်တဲ့ လက်ဖက်ထုပ်တွေ ရှိတယ်"

ပြောပြီး လှည့်ထွက်သွားတဲ့ ဖေဖေ့ကျောပြင်ကို ကြည့်ရင်း ထာဝရ ရင်လေးလိုက်တာ။ ဖေဖေက နှလုံးအထူးကုဆရာဝန်ကြီးဆိုတော့ အပေါင်းအသင်းတွေကလည်း ထက်ထက်မြက်မြက်တွေပါ။ မီးများမီးနိုင် ရေများရေနိုင်ဆိုသလို ငွေများလို့ ငွေနဲ့အနိုင်ယူရင်ဖြင့်...

ထာဝရ ဘယ်လိုလုပ်ပေးရပါ့မလဲ အမုန်းရယ်...

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"အမုန်း"

"ဟင်"

"ညှို့သည်တစ်ယောက် မင်းကို တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ"

"မသိဘူးလေ…အသားဖြူဖြူ ခပ်ဝဝပဲ"

"အေး…လာခဲ့မယ်"

ပြောသာပြောလိုက်ရတယ်။ ဘယ်သူမှန်း ဘယ်ဝါမှန်း အမုန်း မသိပေ။ အလုပ်ထဲကို လိုက်လာတယ်ဆိုမှတော့ အလုပ်ကိစ္စပဲဖြစ်မှာပေါ့။ အလုပ်သမားတွေကို ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ်ဆိုတာ





ပြောခဲ့ပြီး အမုန်း ထွက်လာခဲ့သည်။ ညှို့သည်ဆိုလို့ ရှာကြည့်တော့ သူ့ကားပေါ်မှာ သူထိုင်စောင့်နေတာတဲ့။

အောက်တောင်မဆင်းနိုင်ရအောင်…

ဒီမြေကို ခြေချဖဝ့်ရဲ့တဲ့ သချိုင်းမြေများ မှတ်နေသလားတော့ မသိပေ။ ဒီလောက် ထည်ကြီးဝါကြီးဖြစ်နေရအောင် သူက ဘာမို့လို့လဲ လို့ စိတ်မှာဖြစ်ကာ ကားနားကို လျှောက်လာခဲ့မှ ထိုလူကလည်း ကားပေါ်မှ ဆင်းလေလျှင်-

"ဟင်"

"……"

"သြော်"

မြင်လိုက်ရတဲ့သူက သိတော့သိနေပြီး တစ်ခါမှတော့ စကားမပြောဖူးပေ။ ဒါပေမယ့် အမုန်း ရှိန်မသွားပါဘူး။ လူလူချင်းပဲလေ ရင်မဆိုင်ရဲရအောင် ကိုယ်က မဟုတ်တာလုပ်ထားတဲ့ကောင်မှ မဟုတ်တာ။ ဦးစံထွန်း ကိုယ့်ဆီလာတယ်ဆိုကတည်းက ဘာစကားတွေပြောချင်လို့လာသလဲဆိုတာ မေးနေဖို့ မလိုတော့ပါဘူး။ သိနေပေမယ့်‥

မေးရိုးမေးစဉ်အတိုင်း မေးရမှာပဲမို့…

သူက အရင်မပြောခင် ကိုယ်က မေးရတော့မှာပဲလေ။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ ဦးလား"

"ဟုတ်တယ်"

အသံက မာမာပဲမို့ အမုန်း လွန့်ကနဲ ပြုံးလိုက်ပြီး ကိုယ် အလွန်မဖြစ်ရအောင် မျက်နှာကို အတတ်နိုင်ဆုံး ချိုလိုက်ပြီးမှ-

"ဘာကိစ္စတွေ့ချင်တာလဲ မသိဘူးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခုမှမသိချင်ယောင်ဆောင်မနေနဲ့…မုန်းမရ"

"ဗျာ"

"ငါ မပြောလည်း မင်းသိချင်သိနေမှာပါ။ ငါ ဘာပြောဖို့လာတာဖြစ်နိုင်သလဲဆိုတာကိုပေါ့"

"လူတစ်ယောက်ရဲ့စိတ်ကို ဖတ်တတ်တဲ့ပညာ ကျွန်တော်မတတ်ပါဘူး။ အဲဒါကြောင့် ဦး ဘာပြောချင်တယ်ဆိုတာ မခန့်မှန်းရဲတဲ့အတွက် ဦး ပြောမှသိမှာပါ"

"အေး…မင်းက မသိဘူးဆိုတော့လည်း သိအောင်ပဲ ငါက ပြောရတော့မှာပေါ့"

"ခဏနေပါဦး"

ခဏနေပါဦးဆိုတော့ ဦးစံထွန်း ကြောင်သွားကာ ခဏ ပါးစပ်ပိတ်သွားလေ၏။ အမုန်း ဘာပြောမလဲလို့ နားစွင့်နေတာလေ။

"ကျွန်တော်က ဆိုးတဲ့စကားဖြစ်ဖြစ် ကောင်းတဲ့စကားဖြစ်ဖြစ် သတ္တိရှိရှိ မျက်နှာချင်းဆိုင် သေသေချာချာကြည့်ပြီး ပြောချင်တာ။ အဲဒါကြောင့် ဦး မျက်မှန်ချွတ်လိုက်ပါလား"

"ဘာ"

"မျက်မှန်တပ်ပြီး မျက်လုံးကို အကာအကွယ်ယူတာ တစ်ခုခုဒဏ်ကိုကြောက်လို့လို့ ကျွန်တော်ကတော့ ယူဆတယ်။ ကျွန်တော်ကတော့ ဘာဒဏ်ကိုမှ မကြောက်လို့ ဘယ်တုန်းကမှ မျက်မှန်မတပ်ဘူး"

"မင်းက အလာကြီးပါလား။ ငါကလည်း ဘာကိုမှ မမှုတ်ကောင်"

ပြောပြီး ဦးစံထွန်း မျက်မှန်ကို ချက်ချင်း ဆွဲချွတ်လိုက်၏





သူပြောတဲ့စကားက ကိုယ်ကပဲ လူကြောက်လိုလိုနဲ့လေ။ ကိုယ်က ဘာကြောက်စရာလိုလို့လဲ။ စင်ပေါ်ကလူက စင်အောက်ကလူကို ခွေးကြည့်ပါဦးလို့ ပြောစရာမှမလိုပဲလေ။ စကားနဲ့ အနိုင်ယူတာကို ခံစရာလား။

ပြောလိုက်တာ ရှိသေသလိုလိုနဲ့ပဲ ကိုယ့်ကို ဖွဲ့နေတာ။ ဒီကောင်နဲ့စကားပြောရင် စကားမမှားအောင် သတိထားမှ။ ပေါ့သေးသေးပြောပြီး လျှော့တွက်လို့ မရဘူးလေ။ တော်ကြာ ကိုယ်ပဲ အလျှော့တွက်ခံနေရဦးမယ်။

"ကဲ…ပြောလို့ရပြီလား"

"ဟုတ်ကဲ့…ရပါပြီ…ဦး"

ဦးစံထွန်း အမုန်းမျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး-

"မင်း ငါ့သားသမီးတွေနဲ့ လုံးဝ ရင်းနှီးပတ်သက်ဖို့ မကြိုးစားပါနဲ့။ ငါ အဲဒါလာပြောတာ"

"ငါ့သားသမီးတွေဆိုတာက"

"ထာဝရနဲ့သီဟကို ပြောတာ"

"အဟွန်း"

"ထာဝရကိုလည်း အသုံးမချနဲ့…ငါ့သမီးက အဖြူထည်လေးကွ…မင်းလိုလူနဲ့ မတန်ဘူး"

"ဒီမှာ…ဦး"

အကြည့်ချင်းဆုံကြတော့ နှစ်ယောက်စလုံးက ခပ်ရဲရဲတွေ။ ဘယ်သူကမှ နောက်တွန့်သွားကြတာမဟုတ်ဘူးလေ။ အမုန်း ပွင့်ကျလာပြီမို့ မျိုသိပ်ထားတာတွေ ပြောမှဖြစ်တော့မှာ။ အရင်က အရင်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ....အခု အမုန်းက ခပ်ညှုံ့ညှုံ့ကောင်မှ မဟုတ်ဘဲလေ။ ကိုယ့်ညီကို မျက်နှာလေးမြင်ခွင့်တောင် မပေးနိုင်ဘူးတဲ့လား။

သူ့ဘက်က အဲဒီလောက် အတ္တကြီးရင်...

ကိုယ်ကလည်း မာနနှင့်ကောင်။ ကိုယ့်ညီဘဝကို ဆွဲချဖို့ စိတ်ကူးမရှိပေမယ့် ဒီလောက်ထောင်လွှားတဲ့လူကို နည်းနည်းတော့ ပညာပြန်ပြချင်တာ။

ဒါကြောင့်...

"ဦးက တော်တော်အတ္တကြီးတာပဲ"

"ဟ...ကြီးရမယ်ကွ...ဒါ သားသမီးအပေါ် ချစ်လို့ထားတဲ့ မိဘရဲ့အတ္တ။ မင်း တွေးကြည့်စမ်းပါ။ ကိုယ့်သားသမီးကို ရှေ့မှာ ချောက်မှန်းသိသိနဲ့ လက်ညှိုးထိုးခုန်ချခိုင်းတဲ့ မိဘရှိလို့လား။ မင်း ထာဝရကို အသုံးချမှာ ငါ စိုးရိမ်သလို သီဟလေးကိုလည်း ဆင်းရဲတွင်းထဲ ပြန်မပို့နိုင်ဘူး။ အဲဒါ ငါ့သားသမီးတွေအပေါ်ထားတဲ့ ငါ့ရဲ့ မေတ္တာပဲ။ မင်းက ဒါတွေကို ဘယ်သိမှာလဲ။ မိတစ်ကွဲ ဖတစ်ကွဲကြားမှာ ကြီးပြင်းခဲ့ရတဲ့ကောင်ပဲဥစ္စာ"

"ဦး"

ပက်ကနဲ ပြန်ပြောမလို့လုပ်ပြီးမှ ကိုယ့်ဘဝသည် သူပြောသလို ဟုတ်ပါလားလို့ မပြောဖြစ်တော့ပါ။ ရင်ထဲမှာလည်း စူးကနဲ နာကျင်သွားရ၏။ အဖေတစ်ကွဲ အမေတစ်ကွဲတဲ့ ဟုတ်တာပေါ့။ ကိုယ့်မှာ အဖေရင်း သက်ရှိထင်ရှားရှိနေပါလျက်နှင့် ဘယ်မှာမှန်းမသိ။

အမေဆိုတာလည်း...

သူ့ဘဝနဲ့သူ ပျော်မွေ့နေမလား၊ စိတ်ဆင်းရဲနေမလား မသိနိုင်။





ကိုယ်ကတော့ ကိုယ့်ညီလေးနဲ့ ကိုယ့်ဘဝအတွက် ရုန်းကန်နေရတာ ခက်ခဲကြမ်းတမ်းလိုက်ပါဘိ။

"ဘာလဲ...ဟုတ်တာပြောတော့ မခံနိုင်ဘူးလား"

"ဦး...ပြောချင်တာ ဒါပဲမို့လား"

"မင်း ကတိပေးပါ"

"ဘာကိုလဲ"

"ငါ့သားသမီးတွေနဲ့ မပတ်သက်ဖို့"

"ဒါတော့ ဦးမှာ အတ္တရှိသလို ကျွန်တော့်မှာလည်း အတ္တရှိတယ်။ ဦးသမီးနဲ့ မပတ်သက်နဲ့ဆိုရင် လေလည်တောင် လေစော် အနံ့မကူးရအောင် ဝေးဝေးကရှောင်လို့ ရပါတယ်။ ဒါ့ပေမယ့် ကျွန်တော့်ညီနဲ့ကတော့"

"ဘာဖြစ်လဲ"

ပြောရမှာ အားနာလို့ ဖြတ်ထားတဲ့ စကားစကိုပဲ ဆက်မေးနေတော့-

"ဦး...ရေကို ဓားနဲ့ ခုတ်ဖြတ်လို့မရသလို သွေးသားတော်စပ်မှုကိုလည်း ဘာနဲ့မှ ဖြတ်လို့မရပါဘူး။ ကျွန်တော် ကျွန်တော့်ညီကို ရောင်းပစ်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော့်ညီ ကောင်းစားဖို့အတွက် လိုလိုလားလားနဲ့ ပေးခဲ့တာပါ။ ခေါ်ခွင့်ပြောခွင့် ဆက်ဆံခွင့်တော့ ဦး ပေးသင့်ပါတယ်"

"မပေးနိုင်ဘူးကွ"

"..........."

အမုန်း မျက်မှောင်ကြုတ်လိုက်တာ မျက်ခုံးထူထူနှစ်ဖက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ထိစပ်သွားလေသည်။ ဘုန်းကြီးပစ္စည်း ဒကာမ နှမြောတာမျိုး ကိုယ့်သွေးသားအရင်းထက်ပင် သူက သီဟာဘဝ နစ်မွန်းသွားမှာကို စိုးရိမ်နေသလား။ ကိုယ်ကရော ကိုယ့်ညီအတွက် စိုးရိမ်ပူပန်ပေးခွင့် မရှိတော့ဘူးတဲ့လား။

မတရားလိုက်တာ…။

သူတို့ကျတော့ ကြိုက်သလောက်ချစ်ခွင့်ရနေပြီး အစ်ကိုရင်းဖြစ်တဲ့သူတွေကျတော့ ချောင်းကြည့်ပြုံးပြန်လုပ်ခွင့်တောင် မရဘူးဆိုတော့ ဘယ်သူ မတရားတာလဲ။

"အခုချိန်မှာ မင်းတို့နဲ့ ငါ့သားက ဘဝခြားသွားပြီကွ…နားလည်လား"

"ဘဝခြားရအောင် ကျွန်တော်တို့က သေသွားတာမှ မဟုတ်တာ ဦးရဲ့။ အသက်ရှင်လျက်နဲ့ ဘဝခြားတယ်ဆိုတာ မနှရှင်ဦးတို့ရဲ့ သတ်မှတ်ချက်ပါ"

"ဟုတ်တယ်…ပုလင်းကွဲချင်းတူပေမယ့် သီဟာက စိန်ထင်ပြီးမှားအကောက်ခံရမယ့် အဖြူရောင်ပုလင်းကွဲစတွေ။ မင်းတို့က ခြေဖဝါးစူးလို့ သွေးထွက်မှ အမှိုက်ပုံထဲ ကောက်ထည့်လွှင့်ပစ်ခံရမယ့် အနက်ရောင်ပုလင်းကွဲစ ဘယ်လိုပဲဖြစ်ဖြစ် ခြားတော့ခြားနားနေတာပဲ မဟုတ်ဘူးလား။ ဒါကြောင့် ငါ နောက်ဆုံး သတိပေးမယ်"

မျက်နှာတွေက သူတင်းကိုယ်တင်းနှင့် ပြတ်ထွက်ကြတော့မည်နှယ်။ သူပြောတာ ဟုတ်ပါလားလို့ နောက်ဆုတ်ပေးလိုက်ရအောင်ကလည်း ကိုယ့်သွေးကမနေနိုင်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ ဘယ်လောက်နာကျင်ခဲ့ရလဲ။





ကိုယ်သာသိ…

ကိုယ်သာမချိခဲ့ရသည့်ဘဝပါ။

"မင်း…နောက်ထပ် ငါ့သားသမီးတွေနဲ့ ရင်းနှီးပတ်သက်ဖို့ မကြိုးစားပါနဲ့"

ပြောပြီး ကားပေါ်သို့ ပြန်တက်ကာ မောင်းထွက်သွားတဲ့ ကားလေးကိုကြည့်ပြီး အမုန်း စိတ်ထဲမှာ လေးဖင့်ဖင့်ကြီးပါ။ ကားတံခါးပိတ်လိုက်ခြင်းက ကိုယ့်ညီကို တံခါးပိတ်သော့ခတ်ထားလိုက်သည့်နှယ် ဖြစ်သွားပြီ…

မျက်စိထဲက ကားလေး ပြေးထွက်သွားသလို ရင်ထဲမှာ ပျိုးခဲ့မိတဲ့ အချစ်ပန်းတွေသည်လည်း ညှိုးနွမ်းပျောက်ကွယ်သွားတော့မှာလား…။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

ဒီနေ့ဆို (၇)ရက်မြောက် နောက်ဆုံးနှင်းဆီပွင့်ကို ပို့ရမှာ။ သူ့ရ ဝယ်လာပေးတဲ့ နှင်းဆီပွင့်ကို ကိုင်ထားရင်း ငေးမောကြည့်ကာ အမှန်း ငိုင်နေမိသည်။ မပတ်သက်ပါနဲ့လို့ ပြောထားတာကို ကိုယ်က ဖွတ်တိုး ရမှာလား။ သူ့ဘက်ကိုယ့်ဘက် မျှမျှတတဖြစ်အောင် တစ်ယောက်ကို ချမ်းသာခွင့်ပေးပြီး ကိုယ့်ညီကိုတော့ မဆက်သွယ်လို့မရပေ။

ထားဝရ…

ကိုယ့်ကို ခွင့်လွှတ်ပါ ထားဝရရယ်။ ချော်လဲရောထိုင်လုပ်ရင်း ကိုယ် မင်းကို တကယ်ချစ်မိသွားခဲ့တယ်ထင်ပါတယ်။ ဒါပေမယ့် ကိုယ့်အကြောင်းနဲ့ကိုယ် နောက်ဆုတ်ရခြင်းကို မင်း နားလည်ပေးပါ။





"ကိုကြီး"

"……….."

"ကိုကြီး"

"ဟင်"

"မသွားသေးဘူးလား"

အမှန်း ခေါင်းခါလိုက်ပြီး–

"မသွားတော့ပါဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

ဘာမှမဖြစ်ပါဘူးဆိုပြီး ငိုင်တွေနေတဲ့ ကိုကြီးကို ကြည့်ပြီး သူရ တွေကနဲ ဖြစ်သွားလေသည်။ ဘာဖြစ်လို့ပါလဲလို့ တောင်တွေးမြောက် တွေး တွေးရပြီပေါ့။ မမထားဝနဲ့များ အဆင်မပြေလို့လား။ ဘာပဲဖြစ် ဖြစ် သွားကြည့်ရင်တော့ သိမှာပဲလေ။ ကိုကြီးက ဒါဆိုရင် ဒါသမား ဆိုတော့ မသွားတော့ဘူးဆိုရင် လုံးဝ သွားမှာမဟုတ်တော့ဘူးလေ။

ဒါကြောင့်…

ကိုယ်ပဲသွားမှဖြစ်တော့မှာပါလို့ နှင်းဆီပန်းကို ယူလိုက်ကာ–

"ကိုကြီး တကယ်မသွားတော့ဘူးလား"

"မသွားပါဘူး"

"ဒါဆို ကျွန်တော် သွားမယ်"

"ဟာ…ဟော့ကောင်"

ပြန်လှည့်ကြည့်ရင် တားနေမှာစိုးတာကြောင့် သူရ လှည့်မကြည့် ဘဲ ထွက်လာခဲ့တော့သည်။ ကိုယ်ကလည်း ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကိုယ့်ရည်ရွယ်ချက်ကို အပျက်မခံနိုင်ပါဘူး။ လမ်းရောက်မှ ကိုယ့်မှာ ကားခပါရဲ့လားလို့ သတိရတော့ ကိုယ့်အင်္ကျီအိတ်ကပ်လေးကို လက်နှင့်စမ်းကြည့်မိသွားလေ၏။

ဩော်...မနက်က ထည့်ထားမိတဲ့ အကြွေလေးနှစ်ရာ ရှိနေတာပဲ။ ကားပေါ်ရောက်တော့ လူတွေနဲ့တိုးရင်း နှင်းဆီပွင့်ကို ထိမိခိုက်မိမှာစိုးလို့ ဂရုစိုက်ရသေးသည်။ ဟူး...ဒါလည်း ဒုက္ခတစ်မျိုး ပါပဲလား။

ထာဝရတို့ခြံရှေ့ကိုရောက်တော့...

သူရ ခြံထဲသို့ ချောင်းကြည့်လိုက်တော့ သီဟ ခွေးလေးနှင့် ကစားနေတာကို မြင်လေလျှင်...

"ဟိတ်...ဟိတ်"

"............"

"သီဟ"

"............"

"သီဟ"

"ဟင်"

သီဟက လှည့်ကြည့်လေလျှင် သူရ လက်ယပ်လှမ်းခေါ်လိုက်တော့ သီဟက ပြေးလာပြီး–

"ဘာလဲ အစ်ကို"

"မင်းကိုကြီးမုန်းမရကို သိလား"

"မုန်းမရ"

"ဟုတ်တယ်"





"ကိုကြီးအမုန်းကို ပြောတာလား"

"အင်း...ဟုတ်တယ်...သိလား"

"သိတယ်လေ...ဘာဖြစ်လို့လဲ"

"ငါက ကိုကြီးရဲ့ညီကွ"

"ဟုတ်လား...ဒါဆို ကိုကြီးရဲ့ညီ...ကိုလေးပေါ့"

ကိုလေးဆိုတဲ့အခေါ်ကြောင့် သူရရင်ထဲမှာ နွေးထွေးသွားပြီး ပြုံးလိုက်မိသည်။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ သူနဲ့ကိုယ်က တစ်အူတုံဆင်း ညီအစ်ကိုအရင်းတွေပဲဥစ္စာ။

"မမထာဝရ ရှိလား"

"ဟုတ်...ရှိတယ် ကိုလေး"

"လူကြီးတွေရော ရှိလား"

"မရှိဘူး...ထွက်သွားကုန်ကြပြီ"

"ဒါဆို မမထာဝရကို ခဏလောက် ခေါ်ပေးပါလား ညီ.. ဖြစ်တယ်မို့လား"

"ဖြစ်ပါတယ်...ဒါပေမယ့် ခေါ်ပေးတာထက် ကိုလေး အိမ်ထဲကို ဝင်လိုက်ခဲ့လေ"

"အင်း...ကောင်းသားပဲ"

သီဟက သူရလက်ကို ဆွဲခေါ်လိုက်ခြင်းမှာ သီဟရဲ့လက်ကလေးက အကြင်နာများနှင့် နွေးထွေးနေသလို နှစ်ယောက်သား ခြံထဲသို့ ဝင်လာခဲ့ကြစဉ်...

"ဟော့...ဟော့ကလေးတွေ...နေဦး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြစဉ် အသက်ငါးဆယ်ဝန်းကျင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက် ခြံထဲသို့ဝင်လာကာ…

အမျိုးသမီးကြီးက သီဟလက်ကို အတင်းဝင်ဆွဲပြီး…

"သားလေး"

"…………"

သူရ မျက်မှောင်ကြုတ်သွားပြီး…

"ခင်ဗျား ဘယ်သူလဲ…ဘယ်သူ့ကို ခေါ်တာလဲ"

"သီဟကိုခေါ်တာ…သီဟက ငါ့သား…သားလေး မေကြီး လေ…မေကြီးက သားရဲ့အမေရင်းပါ သားရဲ့"

"ဟင်"

သူရရင်ထဲမှာ ကျင်ကနဲ ဖြစ်သွားလေ၏။ သားတွေကို ဥပေက္ခာ ပြုနိုင်ခဲ့တဲ့ အမေ။ အခုမှ သားလို့ခေါ်ပြန်တော့ ကိုယ်မပါ။ ရင်နာစရာ ကောင်းလိုက်တာ။ ကိုယ့်ကိုကျ မမှတ်မိဘူးတဲ့လား။ အေးလေ… သီဟက ပိုက်ဆံချမ်းသာတဲ့အသိုင်းအဝိုင်းထဲမှာ ရပ်တည်နေတဲ့ကောင် ပဲဥစ္စာ။

ကိုယ်က…

အဆင်ပြေရုံအဆင့်နဲ့ တစ်မူးကို တစ်ဆယ်အမှတ်နဲ့ လိုက်ရှာပြီး ဘဝကို ဘဝဆန်ဆန် ရုန်းကန်ရပ်တည်နေရတဲ့ကောင်။ ဒါပေမယ့် မရင့်ကျက်သေးတဲ့ ကလေးသာသာစိတ်က ပြောချင်တာကို မျိုသိပ်နိုင် စွမ်းမရှိသေးဘူးလေ။

ဒါကြောင့်…





"ဒါဆို ကျွန်တော့်ကိုရော မှတ်မိလား"

"ဟင်"

ကိုယ့်သားကိုယ်တောင် မှတ်မိရဲ့လားလို့ မေးယူရတဲ့အဖြစ်ကို စိတ်နာလိုက်တာ။ ခေါ်မြင့်မြင့်ကြည် သူရကို ကြည့်လိုက်စဉ်မှာပဲ သူရ ခပ်မဲ့မဲ့လေးဖြစ်သွားပြီး–

"ကျွန်တော် သူရပါ…မေကြီးရဲ့သားပါပဲ"

"ဟင်"

"ကျွန်တော့်ကိုကျတော့ ပိုက်ဆံမချမ်းသာတဲ့ကောင်မို့လို့ မေကြီး မမှတ်မိဘူးမို့လား"

"သားလတ်"

"အကြည်…မင်း လျှာရှည်နေလို့ မဖြစ်ဘူးနော်။ လူလစ်တုန်း သီဟကို ခေါ်ခဲ့"

"ဟင့်"

ပြောပြောဆိုဆို ဦးသန်းထူးက သီဟလက်ကို ဆွဲခေါ်ဖို့ကြံလေ တော့ သီဟလက်ကို ဖက်ပြီး သူရနောက်သို့ ဝင်ပုန်းလေသည်။ ဦးသန်းထူးက အကြံနဲ့လေ။ သီဟကို သူ့ငွေတွေ မွေးစားထားတယ် လို့ သတင်းကြားကတည်းက စုံစမ်းနေခဲ့တာ။ စာချုပ်စာတမ်းနဲ့ ပေးထားတာမဟုတ်ဘူးတဲ့။

ဒါ သူ့အတွက် ပွင့်ပဲလေ။

ဒီကလေးကို ခေါ်သွားပြီး မိဘလို့ ခေါင်းစဉ်တပ်လိုက်တာနဲ့ ဘယ်ပုဒ်မနဲ့မှ တရားစွဲလို့မရဘဲ ငွေညှစ်လို့ရပြီပေါ့။

ဒါကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…လာစမ်း"

"ဟင့်အင်း…မလိုက်ဘူး…ကိုလေး"

သီဟက သူရခါးကို အတင်းဖက်ထားလေလျှင်-

"သားလေး…မေမေက သားရဲ့မေမေပါကွယ်…မေကြီးနဲ့ လိုက်ခဲ့ပါနော်"

"မလိုက်ဘူး…မသိဘူး…ဘယ်ကမေမေလဲ…သွား"

"ဟာကွာ…တောက်"

"ကိုလေး…ဟီး…ဟီး"

"ညီ"

"လာစမ်း"

"ဟော့လူကြီး…ခင်ဗျားနော်"

သီဟကို ဦးသန်းထူးကဆွဲ၊ သူရကဆွဲဖြစ်နေစဉ် အသံတွေကြား လို့ ထာဝရ ပြေးထွက်လာပြီး-

"မောင်လေး"

"ဟော့လူကြီး"

"တောက်…ကဲကွာ"

"ခွပ်"

"အား"

"အမယ်လေး"

"ကိုလေး"

အသံဗလံတွေက စုံလင်အောင် ထွက်သွားလေတော့၏။ ဦးသန်းထူးက သီဟကို ဆွဲလေသဖြင့် သူရပြန်ဆွဲတော့ သီဟက





အော်ငို…ဦးသန်းထူးက စိတ်မရှည်ဖြစ်ပြီး သူရကို လက်သီးနှင့် ထိုးလိုက်တာလေ။ သူရ မျက်နှာလည်ထွက်သွားပြီး တုံ့ပြန်ဖို့ သတိနှင့် ချက်ချင်း ပြန်အလှည့်မှာ-

"ခွပ်"

"အား"

သူကပဲ လက်ဦးသွားပြန်ပြီ။ ထာဝရမှာ ပြေးလာတဲ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး မကြည့်ရဲစွာ မျက်နှာကို လက်ဝါးနှင့် အုပ်ထားမိပြီးမှ သတိဝင်ကာ ကိုယ့်စိတ်ကိုယ်ထိန်းပြီး ဖွင့်ကြည့်လိုက်တော့-

"မလုပ်နဲ့…မလုပ်ပါနဲ့"

နောက်ထပ် သူရကို လက်သီးနှင့်ထိုးတော့မှာမို့ ပြေးလာပြီး အော်လိုက်တာ ဖြစ်၏။

"ဒုတ်"

"အား"

"ကဲကွာ"

"ဒုတ်"

"အား"

"အမယ်လေး"

အခုတစ်ခါ ခံလိုက်ရတာက ဦးသန်းထူးပါ။ နောက်ကနေ ဝင်ရိုက်လိုက်တာ အမုန်းလေ။ သူရ ထွက်သွားပြီဆိုကတည်းက ဦးစံထွန်းနဲ့တွေ့မှာစိုးလို့ သူလိုက်လာခဲ့တာ။ ဒီရောက်တော့ မြင်လိုက်ရ တဲ့မြင်ကွင်းက သူ့ကို သွေးဆူစေခဲ့တာလေ။ ဒါကြောင့် လမ်းဘေးက အုတ်ခဲပိုင်းကို ကောက်လာပြီး ဘယ်သူဘယ်ဝါ မစူးစမ်းသေwww.burmeseclassic.com

www.burmeseclassic.com



ထုလိုက်တာဖြစ်၏။

ဦးသန်းထူး ခေါင်းမှသွေးတွေ ထွက်လာပြီး လဲကျသွားလေလျှင်...

"ကိုထူး"

ဒေါ်မြင့်မြင့်ကြည် ခင်ပွန်းကို ပြေးပွေ့ပြီး အမုန်းကို ဆတ်ကနဲ မော့ကြည့်ကာ-

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ဟင်"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေတော့-

"မုန်းမရ"

"သြော်...မေကြီးကိုး"

ဒေါ်မြင့်မြင့်ကြည်ရင်ထဲမှာ ဆို့တက်သွားလေသည်။ သားသုံးယောက်စလုံးနဲ့ ဒီနေရာ လာဆုံနေတာကိုး။ ဟိုတုန်းကတော့ စိတ်အလိုလိုက်ပြီး သားတွေကို ဥပေက္ခာပြုထားပေမယ့် အခုကျတော့ သူတို့လေးတွေနဲ့ နွေးနွေးထွေးထွေး နေချင်စိတ်ဖြစ်မိ၏။ ကိုထူးနဲ့ယူပြီးကတည်းက သူမ တစ်နေ့မှ စိတ်မချမ်းသာခဲ့ရဘူးလေ။ နေ့တိုင်း နှိပ်စက်ခံနေရတာ။

ဒါ...ဝဋ်ကြွေးတစ်ခုလား။

အခုလည်း ကိုထူးကို မလွန်ဆန်နိုင်လို့သာ လိုက်လာရတာ။ သားငယ်လေးက ကိုယ့်ကို မသိဘူးဆိုတော့ ရင်နာရ၏။ ဒါ ကိုယ့်မိုက်ပြစ်တွေပဲလေ။

"ကိုကြီး...သူတို့က ညီလေးကို အတင်းခေါ်နေတာ"





သူရစကားကြောင့် အမုန်း မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွားပြီး-

"မေကြီးက ခုမှ သီဟကို ဘာလို့လိုချင်တာလဲ"

"............"

"အခု သီဟက မေကြီးကို အမေမှန်းတောင် မသိတော့ဘူး မဟုတ်လား။ အဲဒါ မေတ္တာရှူးတယ်လို့ခေါ်တယ် မှတ်ထား။ ကျွန်တော်တို့မေတ္တာတွေ မေကြီးကို ရှူးနေတာ"

"ဟုတ်ပါတယ် သားကြီးရယ်...မေကြီး နောင်တတွေရနေပါပြီ။ သားတို့ကို ထားခဲ့ပြီးကတည်းက မေကြီး တစ်နေ့မှ စိတ်မချမ်းသာခဲ့ရပါဘူး။ တစ်နေ့တစ်နေ့ မျက်ရည်နဲ့မျက်ခွက်..."

စကားက ရှေ့မဆက်နိုင်။ ကိုယ့်အမေမျက်ရည်ကို မြင်ရတာ ရင်ထဲမှာမချိပေမယ့် လွမ်းတာကို နာတာနဲ့ ဖြေရမှာပဲလေ။ ကိုယ်က ပြန်ပြီး နှစ်သိမ့်ပေးဖို့ မာနက လက်မခံပါဘူး။ ဒါ...မွေးကျေးဇူးကို ကန်းတာမဟုတ်ဘူးလေ။ ကျေးဇူးဆပ်ချင်ပေမယ့် အမေက တော်ရာအရပ်မှာမှ ရှိမနေတာ။

ထာဝရ...

အမုန်းရောက်လာတာကိုပဲ ကျေးဇူးတင်လို့မဆုံးပါ။ မဟုတ်ရင် သူမ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာလေ။

"အမုန်း အချိန်မီရောက်လာလို့ တော်သေးတာပေါ့။ မဟုတ်ရင် သူတို့ မောင်လေးကို ခေါ်သွားကြမှာ"

"ကဲ...မေကြီး"

"..............."

"မေကြီးယောကျ်ားကို ကိုယ့်စရိတ်နဲ့ကိုယ် ကြိုက်သလိုသာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားပေတော့”

ပြောပြီး အမုန်း ထာဝရကို လှည့်ကြည့်လိုက်ကာ-

“ထာဝရ”

“ဟင်”

“မင်း သူရကို စောင့်ရှောက်ပေးထားနိုင်မလား”

“ရှင်က ဘယ်သွားမလို့လဲ”

အကြည့်က.ဦးသန်းထူးဆီသို့ ရောက်သွားပြီး-

“သူ ဘယ်လောက်အထိဖြစ်မလဲ ကိုယ် မသိဘူး။ ကိုယ်ရဲစခန်းကိုသွားပြီး အဖမ်းခံမယ်။ ကျန်တာ သီဟမျက်နှာကြောင့်ပဲဖြစ်ဖြစ် အဆင်ပြေအောင် မင်းပဲကြည့်ပြီး စီစဉ်လိုက်ပါ”

“ကိုကြီး”

“အမုန်း…ရှင်”

သွားပြီးအဖမ်းခံမယ်ဆိုတော့ သူရ ကိုကြီးခါးကို ဖက်ပြီး မျက်ရည်ကျရပြီလေ။ ဆိုးတူကောင်းဖက်ဆိုလို့ ပြေးကြည့်မှ ဒီညီအစ်ကိုနှစ်ယောက်ပဲရှိတာ။ ငယ်ငယ်လေးကတည်းက အတူလက်တွဲပြီး ဘဝအတွက် တိုက်ပွဲဝင်ခဲ့တာ။

ခုတော့…

“ယောက်ျားဆိုတာ ကိုယ့်အပြစ်ကိုယ် တာဝန်ယူရဲရတယ်။ ငါ…ငါ ခံသင့်တဲ့အပြစ်ကို ခံယူမယ်။ မင်းလည်း နုပ်စားသူငယ်လေး မဟုတ်တော့ဘူး သူရ…ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီး နေတတ်အောင်နေပေါ့”

ပြောပြီး အမုန်း…သူရလက်ကို ဖယ်ချကာ ဘယ်သူ့ကိုမှ လှည့်





မကြည့်ဘဲ ထွက်သွားလေတော့…

“ကိုကြီး”

“အမုန်း”

“သား”

အားလုံးကို ကျောခိုင်းခဲ့ခြင်းမှာ အမုန်း ခြေလှမ်းတွေက ခပ်သွက်သွက်ပါ။

အဲဒါ အမုန်းရဲ့မာနပါပဲ။

ကိုယ်ဖြစ်ကိုယ်ခံ ဘယ်သူ့ကိုမှ ကူပါကယ်ပါ ပြောစရာမလိုဘူး။ အရင်ကတည်းက ဘာပဲလုပ်လုပ် ကိုယ့်သဘောနဲ့ကိုယ်ပဲလေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"မုန်းမရ"

ကိုယ့်နာမည်ကို ခေါ်လိုက်တာမို့ အမုန်း ထရပ်လိုက်သည်။

"လာ…ထွက်"

လာထွက်ဆိုလို့ ထွက်လာခဲ့ပြီး အတွေးတွေက ခေါင်းထဲရောက်လာပြီလေ။ ဒါ…အာမခံနဲ့ လာထုတ်သူရှိလို့ပေါ့။ ဟိုလူရော ဘယ်လိုနေလို့ ဘယ်သူက ဖြေရှင်းပြီး အာမခံနဲ့ လာထုတ်တာလဲ။ သူ့ကို အာမခံနဲ့လာထုတ်မယ့်သူ မရှိဘူးလို့ထင်ထားတာ။ မေကြီးပဲ သားဆိုတဲ့အသိနဲ့ လာထုတ်သလား။

ဒါမှမဟုတ်…





ထာဝရပဲဖြစ်မှာပေါ့။ သူ့အတွက် ဒီလိုဆောင်ရွက်ပေးနိုင်မယ့်သူဆိုလို့ ဒီနှစ်ယောက်ပဲရှိတာပါ။

"မုန်းမရဆိုတာ သူပါပဲခင်ဗျာ"

အမုန်း ထိုင်စောင့်နေတဲ့လူတွေကို ကြည့်လိုက်တော့ သူထင်ထားသလို မေကြီးလည်း မဟုတ်၊ ထာဝရလည်း မဟုတ်ပေ။

"မြေးလေး"

စခန်းမှူးက သူ့နာမည်ကိုပြောပြီး မိတ်ဆက်ပေးလို့ သူ့ဆီကိုလာတဲ့ အမျိုးသမီးကြီးမှာ ဖြူဖြူဝဝနှင့် အသက် ၇၀ ကျော် ၈၀ န်းကျင်အရွယ်ပါ။ ကျန်းမာရေးကောင်းလို့ အသက်ရှည်နေတာတောင် အသက်အရွယ်အရတော့ ဘောကတစ်ယောက်က ဖေးမကူညီရသည်သာ။

ထိုအဘွားက မျက်ရည်တွေဝဲလို့ သူ့လက်မောင်းကို ဆုပ်ကိုင်ကာ–

"မြေး…မြေးက အဘွားရဲ့မြေးပါကွယ်…မြေးလေးအဖေ အေးကိုရဲ့အမေပါ။ ဘွားမြေးလေးအကြောင်းကို စုံစမ်းနေခဲ့တာကြာပါပြီ။ အရင်က ဘွားတို့လည်း ဆင်းတောင့်ဆင်းရဲဆိုတော့ နေနိုင်အောင် ကြိုးစားပြီး နေခဲ့ရတာပါကွယ်။ အခုတော့ မင်းအဖေရဲ့ကြိုးစားမှုတွေကြောင့် ဘွားတို့ ချမ်းသာနေပြီ မြေးရဲ့။ ဘွားတို့မှာ အမွေဆက်ခံမယ့် မျိုးဆက်ဆိုလို့ မြေးတစ်ယောက်ပဲရှိတာ…မြေး ဘွားနဲ့လိုက်ခဲ့ပါနော်"

စကားလုံးတွေ ဘယ်လောက်တောင် စုဆောင်းလာခဲ့လဲ မသိပါဘူး။ ဘွားပါးစပ်က စကားလုံးတွေ မနားတမ်းပြောနေတာ မမောနိုင် မပန်းနိုင်။ အမွေဆက်ခံမယ့်သူမရှိလို့ လိုက်ခဲ့ပါတဲ့။ ဒါ အမုန်းရဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆစ်ချိုးလား။

"ဒါဆို ဖေဖေကရော...ဘွား"

ဖေဖေ့အကြောင်း မေးလိုက်တော့ ဘွားမျက်နှာညိုသွားကာ-

"သူက မြေးလေးအမေနဲ့ကွဲပြီးကတည်းက နိုင်ငံခြားကို ထွက်သွားတာ။ နှစ်နဲ့ချီပြီးကြာမှ ပြန်လာတတ်တာလေ။ အခုလည်း နိုင်ငံခြားမှာ။ သူ့ရှာသမျှစည်းစိမ်က သူ့သားအတွက်တဲ့"

"ဩော်"

ဩော်သံက အဖျားခတ်၍ တုန်ခါသွားလေ၏။ ဖေဖေက အဲဒီလိုစိတ်ဓာတ်မျိုးနဲ့လူတဲ့လား။ သူ့ရှာသမျှစည်းစိမ်က သားအတွက်တဲ့။ အမုန်း ဝမ်းသာမျက်ရည်တွေလည်ခဲ့ရပါပြီ။ သားကို ဒီလောက်ချစ်တဲ့အဖေနဲ့ ဘာလို့များ တစ်ခါလေးမှ တွေ့ခွင့်မရခဲ့ပါလိမ့်။

"မြေးပြဿနာတွေကို ဘွား အားလုံးဖြေရှင်းပြီးသွားပြီ။ မြေး ဘွားနဲ့လိုက်ခဲ့တော့နော်"

"ဘွား...ဘယ်လိုဖြေရှင်းလိုက်လဲ"

"ဘွား သူတို့ကို ငွေသုံးသိန်းလျော်ကြေးပေးလိုက်တယ်။ ဒဏ်ရာက ဒီလောက်ကြီးမှမဟုတ်တာ...သူတို့ လက်ခံတာပေါ့"

"ဩော်"

"ကဲ...မြေး"

"ဗျာ"

"ဘွားတို့သွားရအောင်နော်"

သွားရအောင်နော်ဆိုတော့ အမုန်း တွေကနဲ ဖြစ်သွားလေ၏။ သူလိုက်သွားရင် သူ့ညီလေးသူရက ရှိသေးတယ်လေ။ သူရကို သူ





မထားခဲ့နိုင်ပါဘူး။

ဒါကြောင့်...

"ကျွန်တော် လိုက်လို့မဖြစ်သေးဘူး ဘွား"

"ဟင်...ဘာဖြစ်လို့လဲ မြေးရဲ့"

"ကျွန်တော့်မှာ သူရဆိုတဲ့ညီလေး ရှိသေးတယ်ဘွား။ သူ့ကို ကျွန်တော် မထားခဲ့နိုင်ဘူး။ ကျွန်တော်တို့မှာ မြေးကြည့်မှ ဒီညီအစ်ကို နှစ်ယောက်ပဲ ရှိတော့တာပါ"

ဒေါ်မြနှစ် တွေကနဲ ဖြစ်သွားလေ၏။ သူ့ကိုပါခေါ်ခဲ့လို့ ပြောရအောင် သူရက ကိုယ့်မြေးမှမဟုတ်တာ။ ကိုယ့်မြေးနဲ့ အခွင့်အရေး တန်းတူ မပေးနိုင်ပါဘူး။

လောလောဆယ် အဆင်ပြေအောင်တော့-

"ကဲပါ မြေးရယ်...ဘွားတို့အိမ်ကို အရင်လိုက်ခဲ့ပါ။ ပြီးမှ မြေးညီလေးကိစ္စ ဆွေးနွေးကြတာပေါ့နော်"

အမုန်း မတတ်သာစွာ ခေါင်းညိတ်ပြီး လိုက်ခဲ့ရတော့၏။ သူ လိုချင်တာ စည်းစိမ်ဥစ္စာတွေ မဟုတ်ပါဘူး။ ကိုယ့်မိသားစုဆီက နွေးထွေးတဲ့မေတ္တာ၊ အေးမြတဲ့ရင်ခွင်မှာ ခဏလေးဖြစ်ဖြစ် တိုးဝင်ပြီး ဘဝအမောတွေကို ဖြေဖျောက်ချင်တာပါ။

ဘွားတို့အိမ်ကိုရောက်တော့...

နှစ်ထပ်တိုက်ကြီးက ဝင့်ဝင့်ကြွားကြွား ခန့်ခန့်ထည်ထည်။ ဖေဖေ ဘာအလုပ်တွေလုပ်လို့များ ဒီလောက်ချမ်းသာရပါလိမ့်။ အမုန်း အိမ်ထဲကိုရောက်လို့ ဆိုဖာပေါ်မှာ ထိုင်လိုက်တာနှင့်-

"မြေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဒီအိမ်ကြီးကို မြေး သဘောကျရဲ့လား"

"ဟုတ်...ကျပါတယ်"

"မောင်တိုးရေ..."

"ဗျာ"

"လာဦး"

"ဟုတ်ကဲ့"

မောင်တိုးဆိုတဲ့သူခမျာ အသံရောက်လူရောက်ပါ။ ရဲစခန်းမှာ တုန်းကလည်း ဘွားနဲ့ပါလာတာ သူပဲလေ။ ဘွားရှေ့မှာ လက်နှစ်ဖက်ကို နောက်ပစ်ပြီး ခေါင်းငုံ့ရပ်လေလျှင်-

"နင့်မိန်းမကို ငါ ခိုင်းထားတာတွေ ပြီးပြီတဲ့လား"

"ဟုတ်ကဲ့...ပြီးပါပြီ ကြီးမေ"

"ဒါဆို မြေးကို ခေါ်သွား"

"ဟုတ်ကဲ့"

ဘွားက သူ့ဘက်သို့ ပြန်လှည့်လာပြီး-

"ကဲ...မြေးလည်း စိတ်ပင်ပန်းနေရောပေါ့။ အနားယူလိုက်ဦး နော်...ဘွားလည်း အနားယူလိုက်ဦးမယ်"

"ကျွန်တော် အနားမယူနိုင်ဘူး...ဘွား"

"ဟင်...ဘာဖြစ်လို့လဲ"

"ကျွန်တော့်ညီလေး ခုလောက်ဆို ကျွန်တော့်ကို မျှော်နေရှာ မယ်။ ကျွန်တော်ပြန်မှဖြစ်မယ် ဘွား"

"အိမ်က ဘယ်ထွက်ပြေးမှာမှတ်လို့ မြေးရယ်...ဖြည်းဖြည်း





ပေါ့။ ကဲပါ...ဘွား စိတ်ချမ်းသာအောင် အနားယူလိုက်ပါဦးနော်"

အမှုန်း သက်ပြင်းသာချလိုက်မိတော့၏။ ခုမှ သေးကျပ်နဲ့ကျပ် နှင့် အသက်ရှူတွေလည်းကျပ်လှပါပြီ။ ခုမှတော့ ဘွားစိတ်ချမ်းသာ အောင်ဆိုပြီး...

"ကောင်းပြီလေ...ဘွားစိတ်ချမ်းသာအောင် ကျွန်တော် အနား ယူလိုက်ပါ့မယ်"

အမှုန်း ထသွားလို့ မောင်တိုး အခန်းထဲကို လိုက်ပို့ပြီးနောက် ခေါ်မြန့်စ် ဘာတွေအမိန့်ချဦးမလဲလို့ ပြန်လာခဲ့စဉ်-

"မောင်တိုး"

"ဗျာ"

"မှုန်းမရ ပြန်လို့မရအောင် ခြံတံခါး၊ အိမ်တံခါးတွေ အကုန် ပိတ်ထား...ကြားလား။ ဗလနဲ့မဲလုံးကိုခေါ်...ပြီးရင် အမှုန်းကို စောင့်ကြည့်...ဒါပဲ"

"ဟုတ်ကဲ့"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ငါ စုံစမ်းထားတဲ့လိပ်စာအတိုင်းဆို ဒီခြံပဲ သူ့ရ"

နှစ်ယောက်စလုံး ကားပေါ်ကဆင်းပြီး လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ လူကြီးနှစ်ယောက် ထွက်လာလေသည်။ ခြံတံခါးအနားကို ရောက်တော့ ဖွင့်မပေးဘဲ-

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ထာဝရကပဲ ရှေ့တိုး၍-

"ကျွန်မတို့က မုန်းမရနဲ့ တွေ့ချင်လို့ပါ"

"နင်တို့က ဘယ်သူတွေလဲ"

"ထာဝရနဲ့သူ့ရ လာတယ်လို့ပြောရင် သူ သိပါတယ်"





"ကောင်းပြီ...ခဏစောင့်"

ခဏစောင့်ဆိုပြီး တစ်ယောက်က အိမ်ဘက်ပြန်သွားပြီး တစ်ယောက်က ရပ်ကျန်ခဲ့လေသည်။ ဟိုလူပြန်လာပြီး ဘာများပြော မလဲလို့ မျှော်လင့်စောင့်စားရင်း ရပ်ကျန်ခဲ့သူနဲ့ စကားမပြောဖြစ်ပေ။ အမုန်း...သူ့ရအပေါ် ဒီလောက်ဥပေက္ခာပြုထားမှာ မဟုတ်ဘူးဆိုတာ ထာဝရ သိတာပေါ့။

အိမ်ထဲကို ပြန်ဝင်သွားသူမှာ-

"ကြီးမေ"

"ဘယ်သူတွေလဲ...မဲလုံး"

"ထာဝရနဲ့သူ့ရတဲ့"

"ဘာတဲ့လဲ"

"မုန်းမရနဲ့ တွေ့ချင်လို့တဲ့"

"မုန်းမရက မတွေ့ချင်ဘူးလို့ ပြောလိုက်"

"ဗျာ"

"ဘာဗျာလဲ...နင့်မှာ နားမပါဘူးလား"

"ပါ...ပါ...ပါတယ် ကြီးမေ"

"ပါရင် ငါပြောခိုင်းတဲ့အတိုင်း သွားပြော"

"ဟုတ်ကဲ့"

မဲလုံး မှာတဲ့အတိုင်းပြောဖို့ ပြန်ထွက်လာခဲ့တော့သည်။ တကယ်တော့ အမုန်းက သူ့အခန်းထဲမှာလေ။ သူ့ခမျာ ပြန်ချင်လို့မှ ဘယ်အချိန် လူလစ်မလဲ၊ လူလစ်ရင် ခိုးထွက်ဖို့ချောင်းနေတာ။ သူတို့ကလည်း ကြီးမေရဲ့အမိန့်နဲ့ အလွှတ်မပေးရဲဘူးလေ။ အမုန်းကို စောင့်ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ တာဝန်တစ်ရပ်ဖြစ်နေပြီ။

သူ ခြံဝကို ပြန်ရောက်တော့-

"မုန်းမရက ဘာပြောလဲ မဲလုံး"

"သူတို့နဲ့ မတွေ့ချင်ဘူးတဲ့"

"ဟင်"

ထာဝရနှင့်သူရ အကြည့်ချင်းဆုံသွားကြလေ၏။ နှစ်ယောက်စလုံး ဒီစကားကို မယုံနိုင်ကြဘူးလေ။

ဒါကြောင့်…

"ရှင် လိမ်နေတာ…ကျွန်မ မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး၊ နင်တို့ပြန်တော့"

"ဟာ…ဘာလို့ပြန်ရမှာလဲဗျ…ကိုကြီးနဲ့ မတွေ့ရရင် လုံးဝမပြန်ဘူး။ ကျွန်တော် ရအောင်ခေါ်မယ်"

"ဟင်"

သူရ ပြောလည်းပြောပြီးနောက်-

"ကိုကြီး…ကိုကြီးရေ"

"…………"

"ကိုကြီး ကျွန်တော်သူရ လာတယ်။ ခဏလောက် ထွက်တွေ့ပါ။ ကိုကြီးရေ…ညီကို ခဏလောက်ထွက်တွေ့ပါ"

"…………"

"ကိုကြီး"

"…………"

"ကိုကြီး"





သူ့ကိုကြီးကို တကြော်ကြော်ခေါ်ရင်း မျက်ရည်တွေကျလာတဲ့ သူရကိုကြည့်ပြီး ထာဝရလည်း မျက်ရည်မခိုင်တော့ပေ။ သူ့ခများ ဒီအစ်ကိုကိုပဲ အားကိုးပြီး ချစ်နေရတာ။ ခုလိုအခြေအနေမျိုးမှာ သူ ဘယ်လောက်အထိ နာကျင်ခံစားနေရမလဲ။

"ကိုကြီး"

"ဟာ…ဒီကောင်လေးတော့…ဟော့ကောင် မင်း ထွက်သွားစမ်း"

အမုန်း ချက်ချင်းပဲ ကိုကြီးလို့ခေါ်သံကြားတာနှင့် အခန်းတံခါးကိုဖွင့်ပြီး ပြေးထွက်လာခဲ့သည်။

"ညီ"

နားထဲမှာ သူရခေါ်သံကို ကြားနေရတာ အိပ်မက်မဟုတ်မှ မဟုတ်ပဲလေ။ ဘယ်သူမှ တံခါးဖွင့်မပေးကြဘူး။ သူ့ညီလေး သူ့ကို မျှော်နေမှာ အမုန်း သိတာပေါ့။ ဒါသူမပြန်လို့ စုံစမ်းပြီးလိုက်လာတာပဲ ဖြစ်မှာ။ အမုန်း ဧည့်ခန်းကိုအဖြတ်မှာတော့…

"မြေး"

သူ လှည့်ကြည့်လိုက်လေလျှင်-

"ဒါက ဘယ်ကိုလဲ"

"ခဏလေး"

ဒါပဲပြောပြီး အမုန်း ပြေးထွက်လာခဲ့တော့၏။

"ကိုကြီးရေ"

"ဟော့ကောင်လေး မင်း ထွက်သွားနော်"

"ကျွန်တော်လာတာ ကျွန်တော့်ကို ခဏဖြစ်ဖြစ် ထွက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပါ…ဟီး"

"ဟာ…ဒီကောင်တော့"

"ကြာတယ်…ဆွဲထုတ်ကွာ"

"ရှင်တို့ မတရားမလုပ်ကြနဲ့နော်"

"သွားကွာ…သွား"

လူကြီးနှစ်ယောက်က ဆွဲထုတ်လေသဖြင့် သူရမှာ ရုန်းရင်းကန်ရင်းနှင့်ပဲ…

"ထိုထိုး
ကိုကြီး"

"ညီ"

"အမုန်း"

"ဟော့လူတွေ သူ့ကို လွှတ်ပေးလိုက်"

"ဟင်"

အမုန်းလာမှပဲ လူကြီးတွေက သူရကို လွှတ်ပေးကြလေ၏။ သူရမှာ မျက်ရည်တွေကြားမှ အစ်ကိုကို မြင်တာနှင့်-

"ကိုကြီး"

"ညီ"

ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထားလိုက်ကြတာ နောက်တစ်ခါ ထပ်ပြီးခွဲခွာရမှာစိုးသည့်အလားနှယ်။ အမုန်းဘဝအခြေအနေက နိမ့်နေတုန်းက သောကတစ်မျိုး၊ မြင့်လာတော့လည်း သောကတစ်မျိုးနဲ့ပါလား။ သူရမှာလည်း ရင်ထဲမှာ နာကျင်ခံစားမှုတွေ ပေါက်ကွဲကာ…

"အီ…အီ…ဟီး"





"ဟာ…ညီ မငိုနဲ့လေကွာ"

"ကိုကြီး…ကျွန်တော့်ကို ထားခဲ့ရက်တယ်ဗျာ"

"မဟုတ်ပါဘူး ညီရယ်…ကိုကြီး ညီ့ကို ထားခဲ့တာမဟုတ်ပါဘူး။ ပြန်လာမှာပါ…ပြန်လာဖို့ အခွင့်မသာသေးလို့ပါကွာ။ အခု ကိုကြီးတို့ ပြန်ကြမယ်နော်"

သူရ ကိုကြီးမျက်နှာကို မျှော်လင့်ကြီးစွာ မော့ကြည့်ရင်း…

"ကိုကြီး တကယ်ပြောတာနော်"

"တကယ်ပေါ့…လာပြန်ကြရအောင်"

"ဟာ…မုန်းမရ"

"အဲလိုလုပ်လို့ မရဘူးလေ"

ဗလနဲ့မဲလုံးက အမုန်းကို အတင်းဆွဲထားကြလေ၏။ သူတို့ကလည်း အမုန်းကို စောင့်ကြည့်ရတာ တာဝန်တစ်ရပ်ပဲလေ။ ဒါကြောင့် သူထွက်သွားတိုင်း ခွင့်မပြုနိုင်စွာ ဆွဲနေရတာပါ။

"ဟာ…ဖယ်စမ်းပါ"

"မုန်းမရ မင်းသွားလို့ မရဘူးနော်"

"ခင်ဗျားတို့ဖယ်နော်"

ဆွဲသူကဆွဲ ရုန်းသူကရုန်းဖြစ်နေစဉ်…

"မင်း ရှေ့ကို ခြေတစ်လှမ်းမှ တိုးစရာမလိုဘူး မြေး"

"ဟင်"

"ဘွား"

"မင်းက ငါ့မြေး…ငါ့ရဲ့ခွင့်ပြုချက်မရဘဲ ဒီခြံထဲကနေ ခြေတစ်လှမ်းမှ တိုးခွင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘွား…အဲဒီလိုတော့ မပြောပါနဲ့။ သူရက ကျွန်တော့်ညီလေ။ ကျွန်တော့်ဘဝ ကောင်းစားပြီးရောဆိုပြီး ကျွန်တော် သူ့ကို ပစ်မထားနိုင်ဘူး"

"ဘာ"

ခုမှ သူရမှာတော့ မျက်စိသူငယ် နားသူငယ်။ အမုန်းနဲ့သီဟာဘဝက အမြင့်မှာတင့်တဲ့ ပင်မြင့်ပန်းတွေ ဖြစ်ကုန်ပြီလေ။ သူ့မှာသာ တွင်းထဲက ဖက်တက်လို့မရဖြစ်နေတာ။

"ဒါ…မင်းတာဝန်ယူရမှာမဟုတ်ဘူး မြေး။ သူ့မှာ အမေရှိတယ်။ သူ့အမေ တာဝန်ယူလိမ့်မယ်"

"မဟုတ်သေးဘူး ဘွား…အမေက တာဝန်ယူနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်က အစ်ကိုကြီးအဖအရာအနေနဲ့…"

"တော်စမ်း,မုန်းမရ"

"…………"

"ဗလနဲ့မဲလုံး"

"ဗျာ…မေမေကြီး"

"မုန်းမရကို ပြန်ခေါ်သွား"

"ဟာ…ဘွား…အဲလိုမလုပ်နဲ့လေ"

အမုန်း ကိုယ့်ကိုလာဆွဲတော့မယ်ဆိုတာ သိတာနှင့် ညီလက်ကို ဆွဲပြီး ပြေးထွက်ခဲ့တော့သည်။ ရွှေဘုံပေါ်မှာ စံရမယ်ဆိုလည်း ကိုယ့်ညီလေးကိုထားခဲ့ပြီး သူ မစံနိုင်ပါဘူး။ သူရအတွက် ကိုယ့်ရင်ခွင်ကသာ အနွေးထွေးဆုံးကမ္ဘာ။ ကိုယ်ကမှ လုံခြုံမှုမပေးနိုင်ဘူးဆိုရင် သူရဘဝ အကောင်းပကတိရှိတော့မှာ မဟုတ်ဘူးလေ။





ညီအစ်ကိုတွေ…

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြတာ တင်းတင်းကျစ်ကျစ်ပါပဲ။ ပြေးလိုက်ကြတာလည်း တင်ပါးနှင့်ဖနောင့် ထိလုမတတ်ဘဲလေ။

"ဟဲ့…ဘာလုပ်နေတာလဲ…လိုက်ကြစမ်း…ငါ့မြေးကို မရရအောင် ပြန်ခေါ်ခဲ့"

ထာဝရလည်း ခုမှသတိရပြီး ကားပေါ်တက်ကာ မောင်းထွက်ခဲ့တော့သည်။ ဟိုလူတွေလည်း ပြေးလိုက်ကြတာဆိုတော့ ထာဝရ အမုန်းတို့အနားကို ကားအရောက်မှာ–

"အမုန်း ဒီကိုလာ…မြန်မြန်တက်"

ထာဝရ ကားတံခါးကိုဖွင့်ပေးလို့ အတင်းတက်ပြီး မောင်းထွက်ခဲ့ကြတော့…

"ဟာ…သွားပြီကွာ…တောက်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

အမုန်း အမောပြေပြီဆိုကာမှ ထာဝရကို ကြည့်လိုက်ကာ-

"ထာဝရ"

"ဟင်"

"ကိုယ်မရှိတဲ့အချိန်မှာ သူရကို စောင့်ရှောက်ထားပေးတဲ့အတွက် ခုလိုကူညီတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်"

"သူစိမ်းတွေမှမဟုတ်ပဲ အမုန်းရယ်"

"ဟင်"

သူစိမ်းတွေမဟုတ်ဘူးတဲ့လား။ ဟုတ်သားပဲ အခြေအနေအရ ရပ်ကြောင့် သတိမရနိုင်ပေမယ့် သူ့ဆီမှာ ကိုယ်အဖြေတောင်းထားတာပဲလေ။





"ကိုကြီး"

"ဟေ"

"ကျွန်တော် မကြားချင်ယောင်ဆောင်နေမယ်"

"သူရ ဘာပြောတာလဲ"

ထာဝရ နားမလည်သလို မေးလေတော့ သူရက ရယ်ပြီး ခေါင်းခါကာ နားနှစ်ဖက်ထဲသို့ လက်ညှိုးလေးတွေ ထိုးထည့်ပြီး မျက်စိပါမှိတ်ထားလေလျှင်-

"ညီက အလိုက်သိပေးတာလေ"

"ဟင်…ဘာကိုလဲ"

"သူက ထာဝရနဲ့ ကိုယ့်ကို အဆင်ပြေစေချင်နေတာ"

ဟိုလူတွေ လိုက်မလာနိုင်အောင် မျက်ခြေဖြတ်ထားခဲ့ပြီး သူတို့ စားသောက်ဆိုင်ထဲကို ဝင်ခဲ့ကြတာလေ။ လူကလည်း များနေတာကြောင့် သူတို့စကားသံတွေကို ဘယ်သူမှ မကြားနိုင်ပေမယ့် ထာဝရမှာ မလုံမလဲနှင့် ဟိုကြည့်ဒီကြည့်ပါ။

"အခု ကိုယ်တို့ကိစ္စတွေမှာ ထာဝရ စိတ်ရောကိုယ်ရော အပင်ပန်းခံပြီး ကူညီနေတာ ဘာကြောင့်လဲ ကိုယ်သိတယ် ထာဝရ"

"ဘာကြောင့်လဲ"

"အဲဒါ ကိုယ့်ကို ချစ်လို့ပေါ့"

"အယ်…ဟုတ်လည်းမဟုတ်ပဲနဲ့"

"ဟုတ်ပါတယ်…မဟုတ်လည်း ဟုတ်လိုက်…နော်"

"ဘာလို့ဟုတ်ရမှာလဲ…မဟုတ်ဘူး"

"ဟုတ်ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး…ဟီး"

သူရက ရယ်လေလျှင် ထာဝရ မျက်စောင်းထိုးလိုက်ပြီး–

"ဘာရယ်တာလဲ"

"နားပိတ်ထားပေမယ့် ကြားနေရတယ် မမရဲ့…မျက်စိကလည်း ကြာကြာမှိတ်မထားနိုင်ဘူး။ အဲဒီတော့ ကျွန်တော့်ကို အရုပ်တစ်ရုပ်လို့ သဘောထားပြီး ပြောချင်တာပြောကြ…ဟီး…ဟီး"

"မင်း…ဗိုက်မနာဘူးလား"

"မနာဘူး"

"ခဏလောက် နာလိုက်စမ်းပါ"

"ဩော်…အင်း…နာတယ်…ပြေးလိုက်ဦးမယ်။ လွတ်လွတ်လပ်လပ်ပြောကြနော်"

အလိုက်သိစွာနှင့် သူရ တကယ်ပဲ ထသွားလေတော့၏။ လိုက်လည်းလိုက်ဖက်တဲ့ ညီအစ်ကိုပါပဲ။ သူရက ဒီတစ်ခါတင် သိတတ်သူတော့ မဟုတ်ပေ။ အမြဲတမ်း အစ်ကိုဖြစ်သူအပေါ်မှာ သိတတ်ခဲ့သူလေ။ ကိုကြီးကို ယုံလည်းယုံကြည်သည်။ သူ့အပေါ်မှာ အဖေလိုတစ်မျိုး၊ အမေလိုတစ်သွယ် အစ်ကိုလိုတစ်ဖုံနဲ့ သူ့အနာဂတ်ကို လှပအောင် ဖန်တီးပေးနေတာပါ။

ကိုကြီးသာ အုပ်ထိန်းမှုမကောင်းရင်…

သူရ ဘယ်ဘဝရောက်နေမလဲတော့မသိ။ အခု သူ စားရေးသောက်ရေး နေရေးထိုင်ရေး ဘာမှပူပန်ရတာမှ မဟုတ်တာ။ ကိုကြီးတကယ့်ကို စံပြထိုက်သော အစ်ကိုပါ။

"ထာဝရ"





"…………"

"ကိုယ် မစောင့်ချင်တော့ဘူးကွာ…ခုပဲဖြေနော်။ ဘယ်အချိန်ပဲဖြေဖြေ ဒီအဖြေပဲဥစ္စာ…ခုဖြေပါ"

"ရှင်…ဘယ်လိုဖြစ်နေတာလဲ"

"မနောဖြစ်နေတာလေ"

ပြောရင်း ထာဝရလက်ကလေးကို ဆုပ်ကိုင်လိုက်တော့ ထာဝရက မရုန်းပေ။ ရင်ထဲမှာ လှိုက်ခုန်နွေးထွေးခြင်းတွေဖြစ်လာတော့ သူရကိုပဲ ကျေးဇူးတင်မိသည်လေ။ ဒီဇာတ်လမ်းက သူရ စခဲ့တာပဲဥစ္စာ။ အမုန်းက ထာဝရရှက်မှာစိုးလို့ ချော်လဲရောထိုင်ရင်းပဲ အခု ရင်ထဲမှာ တကယ်ပဲ အချစ်တွေ ဖြစ်တည်လာခဲ့တာပါ။

"ဖြေလေ"

"ဘာလဲ"

"ချစ်တယ်လို့"

"ရှက်တယ်"

"မင်းနဲ့ကိုယ် နှစ်ယောက်တည်းပဲရှိတာကို ဘာရှက်စရာရှိလို့လဲ"

"အဲဒီရှိတဲ့လူကိုပဲ ရှက်တာ"

"မရှက်ပါနဲ့…ပြော"

သူချစ်တာကလည်း ဖွတ်ကြီးပါလား။ ထာဝရလည်း မှုမနေချင်တော့ပါဘူးလေ။ အခြေအနေတွေက မှုနေရင် ဝေးရမလိုလိုပါပဲ။ ကိုယ့်အိမ်ကလူကြီးတွေကတစ်မျိုး၊ သူ့အသိုင်းအဝိုင်းကတစ်သွယ် အခက်အခက်တွေနဲ့မို့ စိတ်ပျက်စရာမဖြစ်ရအောင်…



www.burmeseclassic.com

www.burmeseclassic.com



“အင်း”

“အင်း…ဘာအင်းလဲ”

“မနောလို့ပြောတာ”

“အဲလိုဖြေလို့ မရတော့ဘူးလေ။ မနောရဲ့သီချင်းတွေက အများကြီးပဲဥစ္စာ။ ချစ်တယ်လို့ပဲ ဖြေပေါ့”

“…………”

“ကိုယ်လည်း မင်းကို ချစ်တယ်”

“ကျွန်မလည်း ရှင့်ကို ချစ်ပါတယ်”

“တကယ်နော်”

“အင်း”

အမုန်း ထာဝရလက်ကလေးကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိ၏။ ထာဝရက ဘာမဆို မျှဝေခံစားပေးနိုင်မယ့် သူ့ဘဝအတွက် အသင့်တော်ဆုံး လက်တွဲဖော်ပဲဖြစ်မှာပါ။ သီဟာနဲ့လည်း ခုဆိုရင် အဆင်ပြေနေပါပြီ။ အဆင်မပြေသေးတာကတော့ ထာဝရရဲ့ဖေဖေပဲပေါ့။ ဒါလည်း အဆင်ပြေအောင် ကြိုးစားရမှာပဲလေ။

“ရှင်…ကျွန်မကို တစ်ခုခုအတွက် အသုံးချတာတော့ မဟုတ်ပါဘူးနော်”

“ထာဝရက ဘယ်လိုထင်လို့လဲ”

“သီဟာနဲ့ပတ်သက်ပြီး…”

“မဟုတ်ဘူး ထာဝရ”

သူလည်း ပညာတတ်တစ်ယောက်ပဲလေ။ သူရတွေးသလို သူလည်း တွေးတတ်မှာပေါ့။ ဒါပေမယ့် ကိုယ်က အဲဒီလိုမှမဟုတ်





ခဲ့တာ။

“ကိုယ် အဲဒီလို အကြံပက်စက်တဲ့ကောင် မဟုတ်ဘူး ထာဝရ။ ကိုယ်က ကိုယ်တိုင် စိတ်မပါပဲနဲ့ ရယူလိုမှုတစ်ခုအတွက်နဲ့ ဘယ်သူ့ကိုမှ အသုံးမချဘူး”

“တကယ်နော်”

“ကတိ…ကတိ”

“ယုံလိုက်မယ်”

“ဘယ်မှာလဲ”

“တောထဲမှာပေါ့”

အတိုင်အဖောက်ညီစွာနှင့် တစ်ယောက်ကိုတစ်ယောက် စလိုက်ကြပြီး ရယ်လိုက်မိကြသည်။ အချစ်ဆိုတာ နားလည်မှုတွေနဲ့ တည်ဆောက်ကြရင် ပျော်စရာအတိနှင့်ပါလေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၉)

"အဲဒီကောင်နဲ့ မပတ်သက် မစပ်ယှက်ပါနဲ့လို့ ပြောထားလျက်နဲ့ ဘာလို့ပတ်သက်နေတာလဲ။ နင်က ငါ့ကို ပမာမခန့် လုပ်တာလားထာဝရ"

"ကိုစံရယ်...သမီးက ကလေးမှမဟုတ်တော့တာ။ အမှားနဲ့ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်နေပြီလေ။ အမုန်းနဲ့ပတ်သက်တယ်ဆိုတာ သမီးမှာ အကြောင်းပြချက်တစ်ခုတော့ ရှိမှာပါ။ ဟုတ်တယ်မို့လား သမီး...ပြောလိုက်လေ"

"နိုင်"





ဦးစံထွန်း အော်လိုက်တော့ ဒေါ်သီတာခိုင် မျက်လွှာချသွားလေ၏။ နိုင်က ယောကျ်ားကို ကြောက်တာမဟုတ်ဘူး။ ရှိသေတာပါ။ လင်ကို ဘုရား၊ သားကို သခင်ဆိုတဲ့စကား ရှိနေတာပဲလေ။ အိမ်ထောင်သက်တမ်းကာလတစ်လျှောက်မှာ သူမကြိုက်တဲ့အရာဆို အတတ်နိုင်ဆုံး ရှောင်ခဲ့ပါသည်။

ဘာလို့လဲဆို...

အိမ်ထောင်ရေးက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိမှ သာယာတာလေ။ ချစ်လို့ယူထားကြပြီး တကျက်ကျက်ဖြစ်နေရင် ဘာလုပ်ရမှာလဲ။ ဒါကြောင့်ပဲ သူမတို့အိမ်ထောင်ရေးက အေးချမ်းသာယာခဲ့တာပေါ့။

အခု...

သမီးကို စကားလမ်းကြောင်းပေးမိတာတောင် သမီးလည်း ခေါင်းငုံ့ကာ တိတ်ဆိတ်ငြိမ်သက်နေလေလျှင်...

"သမီး"

"ရှင်"

"ဖေဖေ ထပ်ပြီးသတိပေးလိုက်မယ်နော်။ မုန်းမရနဲ့ သမီး လုံးဝထပ်ပြီးမပတ်သက်ပါနဲ့။ ထပ်ပတ်သက်ရင်တော့ ဖေဖေ့အဆိုးမဆိုနဲ့"

မပတ်သက်လို့မရတော့ဘူးဆိုတော့ ပြန်မပြောချင်သည့်တိုင် ငြိမ်နေပြန်ရင်လည်း မရပေ။

ထို့ကြောင့်...

"ဖေဖေ အမုန်းနဲ့ပတ်သက်ပြီး ဘာလို့ အဲလောက်ခါးခါးသီးသီး ဖြစ်နေရတာလဲ။ အမုန်းက စိတ်ဓာတ်ကြံ့ခိုင်တဲ့ယောကျ်ားကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ။ သူ့မှာ အရည်အချင်းရှိပါတယ်။ စိတ်ထားဖြူစင်တယ်…ဖေဖေက ဘာကိုသဘောမကျတာလဲ''

''ဘာ''

ဦးစံထွန်း ခါးကိုကိုင်ပြီး သမီးမျက်နှာကို သေသေချာချာ ကြည့်လေတော့ ထာဝရက ခေါင်းငုံ့ထားလေသည်။

''ဘာကို သဘောမကျတာလဲ…ဟုတ်လား…သမီး''

''……………''

''လူတစ်ယောက်ရဲ့အရည်အချင်းဆိုတာ ကျောထောက်နောက်ခံ ကျားကန်ပေးမယ့်သူရှိမှ အရောင်တောက်တာ သမီးရဲ့…စိတ်ထားဖြူစင်ခြင်းဆိုတာလည်း ဝမ်းစာပြည့်အောင် ဖြည့်ပေးနိုင်တဲ့အရာမှ မဟုတ်ပဲလေ…သူနဲ့ သမီး ဘယ်အတိုင်းအတာမျိုးနဲ့ ပတ်သက်နေတယ်ဆိုတာကို ဖေဖေ ရိပ်မိတယ်။ သမီးနဲ့သူ အဆင့်အတန်း၊ ပညာအရည်အချင်းကစ ကွာခြားနေတာပဲ။ သမီးက ရွှေပင်ကိုနားနေတဲ့ ရွှေကျေးလေးပါ။ ဘာလို့များ ဒန်ကျဲပင်ကို နားချင်နေတာလဲ''

ဒီစကားက ဘာလဲ။ အမုန်းနဲ့သူမ ချစ်သူတွေဖြစ်နေကြတာကို သိနေတဲ့အရိပ်အယောင်တွေ။ အချစ်ကို အဲဒီလိုပဲ အလှတွေ၊ အဆင့်တွေ၊ ပညာအရည်အချင်းတွေနဲ့ ခွဲခြားပြီး ချစ်ရမယ်တဲ့လား။ မဆိုင်လိုက်တာ။ ချစ်ချင်လို့ချစ်တာကို ဘာတွေနဲ့ ခွဲခြားနေရဦးမှာလဲ။

ထာဝရ ကိုးကွယ်တာက သစ္စာ…

လိုချင်တာက စိတ်ထားမြင့်မြတ်မှု၊ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့သူထက်စာရင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုးတဲ့သူက လေးစားစရာကောင်းတာမဟုတ်ဘူးလား။ ခံယူ





ချက်ချင်း မတူညီတဲ့အထဲမှာ ကိုယ်က အချစ်စိတ်မွန်နေတယ်ပဲပြောပြော…

အမုန်းက…

သူမရင်ထဲမှာတော့ အထင်ကရပါ။

ပြီးတော့…

''အမုန်းက ဒန်ကျဲပင်မဟုတ်ဘူး ဖေဖေ။ အရင်တုန်းက ဖေဖေ သိခဲ့တဲ့ဘဝထဲမှာ မုန်းမရ မရှိတော့ပါဘူး။ အခု မုန်းမရက အခြေနဲ့ အနေနဲ့ အသိုင်းအဝိုင်းနဲ့''

''တော်စမ်း…သမီး…ငါးပွတင်း လေမှုတ်ပေးရုံနဲ့ ပုဖောင်းဖြစ်မလာနိုင်ဘူး။ မျိုးစေ့မှန်မှ အပင်သန်မှာ။ သူ့အမေက ဘယ်လိုမိန်းမမျိုးလဲဆိုတာ သမီး သိတယ်။ အဲဒီလိုမိန်းမမျိုးကို သမီးက ယောက္ခမ တော်ချင်လို့လား''

''ဟင်''

အဲဒီလိုပြောလိုက်ပြီဆိုကတည်းက ထာဝရ သိပြီ။ အမုန်းနဲ့ ထာဝရ ဘယ်အတိုင်းအတာအထိ ပတ်သက်နေတယ်ဆိုတာ ဖေဖေ သိပြီပေါ့။

''အဲဒီလောက်ကြီးတော့ မပြောပါနဲ့ ကိုစံရယ်…မိဘမကောင်းတိုင်း သားသမီးတွေ လိုက်မကောင်းကြတာမှ မဟုတ်တာ။ မိဘကောင်းပြီး သားသမီးမကောင်းတာတွေလည်း ရှိနေကြတာပဲဥစ္စာ''

''မှန်တယ်…လူတစ်ယောက် စရိုက်တစ်မျိုးပေမယ့် မိဘရဲ့ ဂယက်က သားသမီးကို ရိုက်ခတ်တယ်ကွ။ အဲဒါကို မင်း နားလည်ရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"အို…ဘာဆိုင်လို့လဲ။ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မပေါ့"

"နိုင်"

"…………"

"ဘာလဲ…မင်းက အဲဒီကောင်ဘက်က ကာကွယ်ပေးနေရအောင် သူ့ကို သားမက်တော်ချင်နေတာလား။ ဘာစိတ်ကူးနဲ့လဲဆိုတာ ပြောစမ်းပါ။ ဒီကောင့်ဘဝအမှိုက်ပုံကို ဖြကြည့်…စိန်တွေ့လာစရာ အကြောင်းမရှိဘူး။ ခွေးချေးပုံပဲ တွေ့မှာ…စိတ်ကူးမယဉ်မနေနဲ့"

သြော်…ကိုယ့်သမီးပေးရမယ့်အရေးများ ကိုယ်က စိတ်ကူးယဉ်နေရမှာတဲ့လား။ ပြောပဲပြောရက်လိုက်တာ။ ကိုယ်က သူ့ဘက်ကိုယ့်ဘက် မျှတွေးပြီး ပြောပြတာလေ။ အမုန်းက စိတ်ဓာတ်ခိုင်မာသူ။ ဒါကို သူမ ဟိုတုန်းကကတည်းက သိခဲ့တာ။ မိန်းမတစ်ယောက်အတွက် အားတိုးထိုက်သောစိတ်ဓာတ်နဲ့လူဟာ ဘယ်ဘဝမှာပဲကျကျ အချည်းအနှီးမှ မရှိတာ။

"လူတစ်ယောက်ရဲ့အရည်အချင်းဆိုတာ သင်လို့တတ်ထားတဲ့ ပညာနဲ့ မဆိုင်ဘူး ကိုစံ…ကိုယ်ပိုင်အသိ ကိုယ်ပိုင်အတွေးအခေါ်နဲ့ ကိုယ့်ဘဝကိုယ်.လှပအောင် ထုဆစ်နိုင်တဲ့သူကမှ ပညာရှိလေ။ အမုန်းက ဘယ်သူ့အားကိုးမှမပါပဲနဲ့ သူ့ဘဝသူ ရပ်တည်နေခဲ့တာ။ အဲဒါ လေးစားစရာမဟုတ်ဘူးလား"

"မင်းက သူ့ကို သဘောကျနေတာလား နိုင်"

"ဖြစ်သင့်တာကို ပြောပြတာပါ"

"ငါက လုံး၀ အဖြစ်မခံနိုင်ဘူးကွ။ ဒီကောင်နဲ့ ငါ့သမီး





ဘယ်လိုမှ မတွေ့တာမတန်တာ"

"ဖေဖေ"

"ဘာလဲ"

"အမုန်းက ဖေဖေထင်သလို…"

"တော်…တိတ်…ဘာမှထပ်မပြောနဲ့"

ဘာမှထပ်မပြောနဲ့ဆိုတော့ ပါးစပ်ပိတ်ကုန်ကြ၏။ တစ်နေ့နေ့တော့ အဖြေထွက်လာမှာပဲလေ။ အမုန်း ဘယ်လိုလူမျိုးလဲ၊ ဘယ်လိုအသိုင်းအ၀ိုင်းကလဲဆိုတာကိုပေါ့။ ထာ၀ရကတော့ အရင်ကတည်းက ချစ်ခဲ့သူမို့ အမုန်း ဘယ်ဘဝမျိုးနဲ့ဖြစ်ဖြစ် လက်ခံနေမှာပါ။

"ငါ နောက်ဆုံးပြောလိုက်မယ်"

"…………"

"နောက်ထပ် သမီး အဲဒီကောင်နဲ့ လုံး၀ မပတ်သက်ပါနဲ့။ ပတ်သက်ရင်တော့ ဖေဖေ ပြောဖူးထားတဲ့အတိုင်းပဲ။ ပါးစပ်နဲ့မရရင် လက်နဲ့တားမယ်"

"ဖေဖေ"

ဦးစံထွန်း ခြေသံပြင်းပြင်းနှင့် အပေါ်ထပ်သို့ တက်သွားလေတော့မှ ထာ၀ရ မျက်ဝန်းမှာ မျက်ရည်တွေ ပြိုကျကုန်ပြီ။ သူမ အမုန်းကို မေ့လိုက်ရမှာလား။ ဖေဖေက ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သူ။ ဒါကြောင့် အမုန်းကို မမေ့နိုင်သည့်တိုင် ဒုက္ခပေးသလိုတော့ ဖြစ်ချင်ပါဘူး။

အမုန်းရယ်…

ထာ၀ရလေ အမုန်းကို အရမ်းချစ်တယ်။ အမုန်းနဲ့ဖေဖေ့ကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ထာဝရ ဘာလုပ်ရမလဲ…

"သမီး"

"ရှင်"

"အရမ်းခံစားနေရလား"

"သမီး ဘာလုပ်ရမလဲ မေမေရယ်"

"သမီးဖေဖေ အမုန်းရဲ့ဘဝမှန်ကို မသိသေးလို့ပါကွယ်… သိရင် သူ လက်ခံနိုင်မှာပါ။ မေမေကတော့ ဘယ်အခြေအနေမျိုးပဲ ဖြစ်ဖြစ် အမုန်းကို လက်ခံနိုင်ပါတယ်"

"မေမေ"

"ဟင်"

ခေါ်သံနှင့်အတူ ခေါ်သီတာနိုင် ဘေးနားမှာ ဝင်ထိုင်လိုက်သူက သီဟပါ။ သီဟမျက်နှာလေးက ညှိုးညှိုးငယ်ငယ်။ သူလည်း ဟုတ်တာမဟုတ်တာထား အနည်းအကျဉ်းတော့ တွေးတောသုံးသပ်နိုင်တဲ့ အရွယ် ရောက်နေပြီပဲလေ။ သူ တွေးနေခဲ့တာ မေကြီးက သားရဲ့မေမေ အရင်းပါလို့ ဟိုမိန်းမကြီး ပြောခဲ့တဲ့ကိစ္စပေါ့။

အဲဒါ တကယ်လား…

အဲဒါကိုပဲ သူတွေးနေခဲ့တာလေ။ ခုတော့ မေးချင်စိတ်ကို မျိုသိပ်မရနိုင်တော့တာမို့…

"ဟိုမိန်းမကြီး ပြောသွားတာတွေက တကယ်လား မေမေ"

"ဟင်…ဘာလဲ…သား"

"သူက သားရဲ့မေမေအရင်းပါတဲ့။ သားက မေမေ့ရဲ့သား မဟုတ်ဘူးလား…ဟင်"





"သား"

ဒေါ်သီတာနိုင် သားကိုယ်လေးကို ထွေးပွေ့လိုက်ကာ-

"အဲဒါတွေကို စိတ်ထဲမှာ ထားမနေပါနဲ့ သားရယ်…အချိန်တန်ရင် သား သိလာမှာပါ။ အခုနေတော့ အဲဒီအကြောင်းတွေကို သား မသိချင်ပါနဲ့ဦးနော်"

သီဟ မိခင်၏ရင်ခွင်ထဲမှာ ငြိမ်သက်နေမိ၏။ သူ သိတတ်စ အရွယ်ကတည်းက ခိုလှုံခဲ့တာ ဒီရင်ခွင်ပဲမို့ အခုလည်း ဒီရင်ခွင်ထဲမှာ သာ…

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

အမုန်းနဲ့သူရ အဝတ်အိတ်ကလေးတွေကို ဘေးချပြီး ငိုင်တွေနေမိကြသည်။ ဟိုတုန်းက သူတို့မိသားစုတွေ စုံစုံလင်လင် နေခဲ့တဲ့အိမ်။ ပြီးတော့ ဖေကြီးရဲ့အငွေ့အသက်ကလေးတွေ ကပ်ငြိနိုတွယ်နေတဲ့အိမ်လေးပေါ့။ ဒီအိမ်လေးကို မခွဲချင်ပေမယ့် ခွဲခွာရဦးတော့မည်။

ဒီအိမ်လေးကို ခင်တွယ်ပေမယ့်…

မပြောင်းလို့မှ မဖြစ်တော့ပဲလေ။ ဒီအိမ်ကနေ ထွက်မသွားရင် အဘွားတို့ လိုက်လာကြမှာပေါ့။ အဲဒီလိုဆိုရင် သူတို့ညီအစ်ကိုတွေ ဝေးကြရမှာ။ ညီအစ်ကိုမောင်နှမလေးယောက်ရှိတာကို သုံးကွဲ ခွဲနေရတဲ့ဘဝ။ နောက်ထပ်လေးကွဲ ခွဲရရင်ဖြင့် လူဖြစ်ပြီး လူဖြစ်ရှုံးသလိုပဲ ဖြစ်ရမှာပါ။





"ကိုကြီး"

"ဟင်"

"ကိုကြီးကို ညီ ပြောစရာရှိတယ်"

"ဘာလဲ"

"ကိုကြီး…ကျွန်တော့်ကို ငဲ့မနေပါနဲ့ ကိုကြီးရယ်… ကျွန်တော်လည်း ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်တဲ့အရွယ် ရောက်နေပါပြီ။ ကိုကြီးမှာ မိသားစုရှိနေတာပဲ။ သူတို့နဲ့ပဲ သွားနေလိုက်ပါ။ ကျွန်တော်ကတော့ ဒီအိမ်လေးမှာပဲ…"

"သူရ"

အိမ်ခေါင်မိုးကို မော့ကြည့်ပြီး သူရ စကားမဆက်နိုင်ပေ။ ကိုယ့်ဘဝက ဘာလဲ။ တကယ်အိမ်လေးက အမိုးနဲ့အကာနဲ့ပေမယ့် မိသားစုဆိုတဲ့အိမ်လေးကတော့ အမိုးလန်လို့ ထရံကွာပါ။

"မင်းပါးစပ်က နောက်ထပ် အဲဒီစကား ဘယ်တော့မှမထွက်မိစေနဲ့"

"ကျွန်တော်က အမှန်တရားကို ပြောပြတာပါ"

"ဘာလဲ အမှန်တရား…ငါတစ်ယောက်လုံး ရှိနေပါလျှက်နဲ့ ငါက မင်းကို ထားခဲ့ရမှာလားကွ။ မင်း မှတ်ထား…ငါက စည်းစိမ်ဥစ္စာတွေထက် မေတ္တာတရားကို မက်မောတဲ့ကောင်ကွ။ မင်း ငါ မရှိဘဲ မင်းခြေထောက်ပေါ် မင်း ရပ်တည်နိုင်တယ်လို့ မင်းပြောတိုင်း ငါက ယုံစရာလား။ တစ်ကိုယ်တည်း ရပ်တည်ရမယ်ဆိုကတည်းက မင်းစိတ်တွေ လေလွင့်ပြီး ဘယ်လိုမှ လူကောင်းတစ်ယောက် ဖြစ်နိုင်မှာမဟုတ်တော့ဘူးဆိုတာ ငါ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညီ ကတိပေးပါတယ်"

"ဘာကတိလဲ"

"အဲဒီလိုမျိုး မဖြစ်စေရဘူးလို့"

"ချေးစားပြော"

ကိုကြီးမျက်နှာကို ကြည့်ရင်း သူ့ရ မျက်ရည်တွေ လည်လာရ၏။ ကိုယ့်တစ်မျက်နှာကို ငဲ့ပြီး သူ့ခမျာ တိုက်ပေါ်ကနေ ဆင်းပြေးလာတာလေ။ တကယ်ဆို ကိုကြီးက ရွှေဘုံပေါ်မှာစံရမယ့် ရွှေမင်းသားပါ။ ကိုယ်က သူ့ဘဝကို ဆွဲနှစ်သလို ဖြစ်နေပြီလား။

"ညီ တကယ်ပြောတာပါ"

"တော်စမ်းပါ သူရှရာ…မင်း လေကို မဝယ်ရတိုင်း လျှောက်ပြောမနေနဲ့။ လူ့လောကအလယ်မှာ တစ်ယောက်တည်း ရပ်တည်ရဖို့ဆိုတာ ပါးစပ်ပြောပဲ လွယ်တာ…ငါတောင် မင်းဆိုတဲ့သံယောဇဉ်ကြိုးတစ်ချောင်းကြောင့် ရပ်တည်နိုင်ခဲ့တာ"

"မဟုတ်ဘူးလေ"

"ဟောကောင်"

"ဗျာ"

"မင်းက အကြီးလား…ငါက အကြီးလား"

"ကိုကြီးက အကြီးပါ"

"အဲဒါဆို ငါ့စကားနားထောင်…အထုပ်တွေဆွဲ…သွားမယ်"

အကြီးဆိုတဲ့ပါဝါနဲ့ အမိန့်ပေးပြီး သူလည်း အထုပ်တွေဆွဲကာ ဆင်းသွားလေတော့ သူရလည်း လိုက်ခဲ့ရတော့၏။ ဩော်…ကိုယ့်ကြောင့်ပဲ ကိုကြီး ဘဝနစ်နေတာပါလား။ ကိုယ်သာမရှိရင် ကိုယ့်ကို





သာ မငဲ့ရင်…

အခုချိန်မှာ…

ကိုကြီးဘဝ အေးချမ်းသာယာတင့်တယ်နေပြီပေါ့။ အခုတော့ ကိုယ်နဲ့အတူ နစ်နေဆဲ…

"အမုန်း"

"ဟင်"

"ဒါက ဘယ်သွားကြမလို့လဲ"

"ထာဝရ"

"မမ"

မှန်ပါသည်။ သူတို့အိမ်ပေါ်က ဆင်းလာခဲ့စဉ်မှာပဲ ရောက်လာသူက ထာဝရပါ။ အမုန်းကို မော့ကြည့်နေတဲ့ မျက်ဝန်းတွေက ဝမ်းနည်းနေဟန်။ ချစ်သူတစ်ယောက်ကိုတောင် ဘာမှမတိုင်ပင်ရကောင်းလားလို့လေ။

"မေးတာကို ဖြေပါဦး…ဘာလဲ…ထာဝရကို ရှင့်ရဲ့ချစ်သူအဖြစ် မသတ်မှတ်ဘူးလား"

"မဟုတ်ပါဘူး ထာဝရရယ်…ကိုယ်က ထာဝရကို တကယ်ချစ်ခဲ့တာပဲဥစ္စာ။ ဘာလို့ ချစ်သူအဖြစ် မသတ်မှတ်ရမှာလဲ"

"ဒါဆို ထာဝရကို ဘာလို့မပြောတာလဲ"

အမုန်း သက်ပြင်းလေးချလိုက်မိပြီး-

"ကိုယ်တို့ အိမ်ပြောင်းကြမလို့ပါ"

"ဟင်"

"တော်ကြာ ဒီနေရာကို အတွားသိလို့ လိုက်လာရင် မလွယ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ။ သူရကို ကိုယ်ထားခဲ့ပြီး လိုက်မသွားနိုင်ဘူး။ အဲဒီတော့ သူတို့ မသိနိုင်တဲ့နေရာကိုပဲ ပြောင်းရတော့မှာပေါ့''

''အမုန်းရယ်''

ထာဝရ စိတ်မကောင်းစွာ ညည်းတွားလိုက်မိ၏။ သူက ညီတွေအပေါ်မှာ မေတ္တာတရားကြီးမားသူလေ။ ကြက်မကြီးလို ညီတွေအပေါ်မှာ အတောင်ဖြန့်အုပ်ပြီး နွေးထွေးစေခဲ့သူ။ သူ့ကို လေးစားစွာဖြင့် သီဟကိုလည်း အကြောင်းစုံ ဖွင့်ပြောလိုက်ပါတော့မည်လေ။ သူတို့ ညီအစ်ကိုတွေ...

အတူနေခွင့်မရရင်တောင်...

တွေ့ခွင့်မြင်ခွင့်ရခြင်းနဲ့ ပျော်ရွှင်ကြပါစေ...

''ဒါဆို ထာဝရလည်း လိုက်ခဲ့မယ်လေ''

အမုန်း လွန့်ကနဲ ပြုံးလိုက်မိပြီး–

''အပြီးလား''

''ဟင်''

''ခိုးရာလိုက်ခဲ့မှာလားလို့ မေးတာလေ''

''အမုန်းနော်...ပေါက်ကရမပြောနဲ့။ ဒီက ကားနဲ့လိုက်ပို့ပေးမလို့ ပြောတာကို''

''ကဲပါ...ကိုယ်ကလည်း ချစ်လို့စတာပါ။ လိုက်ပို့လေ...သွားမယ်''

''အပကီး''

''ဟင်''

သူရထံမှ ရယ်သံထွက်လာတော့ နှစ်ယောက်စလုံး ကြည့်ပြီး





မလုံမလဲ ဖြစ်သွားကြ၏။ ချစ်လို့စတာဆိုတာကိုပဲ သူရ ရယ်တာလေ။ ဒီလိုဖြစ်ဖို့အတွက် သူ့မှာတော့ ကြိုးစားလိုက်ရတာ။ အခု သူတို့နှစ်ယောက် အဆင်ပြေပြန်တော့ ကျန်တာက အဆင်မပြေ။

သူတို့ရပ်နေစဉ်မှာပဲ အိမ်ရှေ့မှာ ကားတစ်စီး ထိုးရပ်လာပြီး ကသောကမျောနှင့် ဆင်းလာကြသူတွေက ဗလနှင့်မဲလုံးပါ။ အမုန်းတို့ ဒေးမှာ ရပ်လိုက်ပုံတွေက လူဆိုးတွေက မင်းသားကို ထွက်ပြေးမှာစိုးလို့ ဝိုင်းထားတဲ့အတိုင်းပါပဲ။

''အမယ်လေး...တွေ့လို့တော်ပါသေးရဲ့''

''ဟင်''

''ဩော်...အထုပ်အပိုးတွေနဲ့ပါလား။ အချိန်မီရောက်လာလို့တော်သေးတာပေါ့။ ငါထင်တယ်...ငါထင်တယ်...ဒီကောင်လေး ဒီလိုလုပ်မယ်ထင်လို့ ငါလည်း စုံစမ်းပြီး လိုက်လာခဲ့တာ။ ကံကောင်းလို့ လက်မတင်လေး လွဲတော့မလို့ပါပဲလား''

အသွားက မမောတမ်း စကားတွေပြောရင်း အမုန်းဆီသို့ လျှောက်လာလေလျှင် အမုန်း သူရလက်ကို ခပ်တင်းတင်း ဆုပ်လိုက်မိ၏။ ဆွဲခေါ်ရင် ပြေးရဦးမှာပဲလေ။ ဒါကို သူရက ဘာသဘောနဲ့ သူ့လက်ကို ရှုန်းတယ်မသိ။ အမုန်းက လွှတ်မပေးဘဲ ပို၍ ဖိဆုပ်ထားသည်လေ။

သူရ...

ကိုကြီးကို ကိုယ့်ဘဝနဲ့အတူ ဆင်းရဲတွင်းမနက်စေချင်။ ဒါကြောင့် ကိုကြီးကို ခေါ်ချင်ခေါ်သွားကြပါစေဆိုပြီး လက်ကို ရုန်းလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မြေး"

"ဘွားတို့ ကျွန်တော့်ကို လာခေါ်တာလား"

"ဟုတ်တယ်လေ…ဘွားပြောပြီးပြီပဲ မြေးရယ်…ဘွားတို့မှာ အမွေဆက်ခံမယ့် မျိုးဆက်ဆိုလို့ မြေးတစ်ယောက်တည်းရှိတာပါလို့"

"ဘွားတို့မှာ အမွေဆက်ခံမယ့်မျိုးဆက်မရှိရင် ဘွားတို့ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံး လှူပစ်လိုက်ပါ အဘွား…ကျွန်တော်ကတော့ မလိုက်နိုင်တဲ့အတွက် တောင်းပန်ပါတယ်"

"အဲဒီလိုလုပ်လို့ မရဘူးလေ"

"အတူတူနေရတာဆိုလို့ ကျွန်တော်တို့မှာ ဒီညီအစ်ကို နှစ်ယောက်ပဲ ရှိတော့တာပါ။ ရှိတဲ့နှစ်ယောက်လေးကို ထပ်မခွဲကြပါနဲ့။ ကျွန်တော် ဘာမှမမက်ဘူး။ ကျွန်တော်လိုချင်တာ ကျွန်တော့်ညီနဲ့ တောင်းပဲစားရစားရ တစ်မိုးအောက်မှာ အတူရှိနေဖို့ပါ"

"အမယ်လေး…နည်းနည်းပါးပါး နားပြောပါဦး ငါ့မြေးရယ်"

ကတွတ်ကရေ လွှတ်နေတဲ့အတိုင်းပြောတဲ့ မြေးကိုကြည့်ပြီး ဒေါ်မြနှစ် သက်ပြင်းသာချလိုက်မိတော့၏။ သူမ သိပါပြီ။ ဟိုကောင်လေးကို ထားခဲ့ပြီး မြေးဘယ်လိုမှ လိုက်မယ်မဟုတ်ပါဘူး။ ဒီတော့ ဒီကောင်လေးကိုပါ ခေါ်ရတော့မှာပေါ့။ သူမတို့ပိုင်ဆိုင်သမျှက အမုန်းရဲ့စည်းစိမ်တွေပဲလေ။ သူ့ဘာသာသူ ဖုတ်ဖုတ်ကင်ကင် လုပ်ချင်သလိုသာလုပ်ပေတော့။

"သူ့ကိုပါ ခေါ်ခဲ့"

"ဗျာ"

"မင်းပိုင်တဲ့ မင်းရဲ့စည်းစိမ်တွေ မင်းကြိုက်သလို လုပ်လို့





ရတယ်။ အဲဒါကြောင့် မင်းရဲ့ညီကိုပါ ခေါ်ခဲ့လို့ပြောတာ"

"ဟာ"

အဘွားရဲ့စကားကို ကြားလိုက်ရတဲ့အမုန်း ဘယ်လိုဝမ်းသာမိသွားမှန်းကို မသိတော့ပါဘူး။ စိတ်ဆင်းရဲကူးစက်သလို ပျော်စရာတွေလည်း ကူးစက်တတ်သည်မို့…

ထာဝရမျက်နှာလေးလည်း ပြုံးသွားသည်သာ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

နှလုံးသားလေးထဲ စီးဝင်ခဲ့ပြီ×××ရှန်းတွက်ဖို့ခက်တဲ့
တွယ်တာ မှုလေးတွေ×××စောင့်ရတဲ့ မေ့အချစ်များ
အသက်ရှင်ခွင့်လေးလို××× ဖြစ်နေလည်း×××မင်းက
သိလားလေ×××
လုံးဝ မသိတဲ့အချစ်ဆိုတဲ့အကြောင်းကို××× မင်းနဲ့
တွေ့တော့မှ အချစ်ဟာ ဘာဆိုတာ နားလည်×××

သီချင်းဆိုနေတဲ့ ထာဝရခါးလေးကို အမုန်း နောက်ကနေ သိမ်းဖက်လိုက်မိ၏။ ထာဝရဆိုနေတဲ့သီချင်းက မီးမီးခဲ့ရဲ့ 'အချစ်ကို





သိချိန်' ပါ။ အစက ဘာလိုလိုနဲ့ အမုန်းလည်း အချစ်က ဘာဆိုတာ သိနားလည်ခဲ့ပါပြီလေ။ တကယ်တော့ အချစ်ဆိုတာ လူတိုင်းအတွက် မရှိမဖြစ် လိုအပ်သည်လို့ ထင်သည်။

ဘာဖြစ်လို့လဲဆို…

ပူတာပဲဖြစ်ဖြစ်၊ အေးတာပဲဖြစ်ဖြစ် ခံစားဖူးမှ သိတာလေ။ အခု အချစ်တွေက အမုန်းရင်ထဲမှာ နူးညံ့သိမ်မွေ့စွာ။ ငြိမ်သက်နေတဲ့ ကန်ရေပြင်စိမ်းစိမ်းကလည်း ချစ်သူနှစ်ဦး ဘာတွေများပြောကြမလဲလို့ နားထောင်နေသယောင်ပါ။

"ထာဝရ"

"ဟင်"

"တကယ်လားဟင်"

"ဘာကိုလဲ"

"သီချင်းထဲကလို အချစ်အကြောင်း ခုမှသိတာလား"

"ဒါပေါ့…ထာဝရက တစ်ခါမှ ချစ်ဖူးသေးတာမဟုတ်ဘူး။ အခု အမုန်းကိုကျမှ ဘာကြောင့်မှန်းမသိ ချစ်မိသွားတာ"

"တကယ်လား"

"အင်း"

"ကိုယ်လည်း အတူတူပါပဲ ထာဝရရယ်။ ထာဝရနဲ့မှ ကိုယ် ချစ်တတ်သွားခဲ့တာပါ။ ကိုယ့်စားဝတ်နေရေးအတွက် လုံးပမ်းနေရတာနဲ့ အချစ်ရေးဆိုတာကို ယောင်လို့တောင် မစဉ်းစားနိုင်ခဲ့ပါဘူး။ ဒါပေမယ့် အဲဒီမစဉ်းစားတဲ့ကြားကပဲ ထာဝရကို ချစ်မိသွားခဲ့တာ"

"ယုံလိုက်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံလိုက်လေ…တောထဲမှာ"

"အမုန်းနော်"

အမုန်း လက်တွေကိုဖြေချပြီး ထာဝရ သူ့ဘက်ကို လှည့်လိုက်တော့ အမုန်းက ရယ်နေသည်။ ဩော်…ချစ်သူဘဝဆိုတာ ချစ်လိုက်ကြင်နာယုယလိုက်၊ စိတ်ကောက်လိုက်၊ ပြန်ချော့လိုက်တွေကပဲ ပျော်စရာဖြစ်နေလို့ လူတွေ နှစ်သက်ခုံမင်နေကြတာလား။ နာကျင်စရာတွေရှိတတ်တာလည်း သိနေကြသားပဲလေ။

သိရဲ့နဲ့ကိုပဲ…

လူတိုင်းက အချစ်ရဲ့သားကောင်တွေ ဖြစ်နေကြတာ။ အချစ်က အဲဒီလောက် တန်ခိုးကြီးသတဲ့လားလေ။

"ကိုယ်က ချစ်နေတာကို မမုန်းခိုင်းပါနဲ့"

"ဒီကနာမည်ခေါ်တာကို"

"ကိုယ့်နာမည် မုန်းမရလေ။ ဒီကောင်မလေးကို ဘယ်တော့မှ မုန်းလို့မရအောင် ပြုစားထားမယ့် မုန်းမရ"

"ဟုတ်လား"

"အဟုတ်ပေါ့"

"ဒါဆို ရွှေယင်ကျော်ဆရာနဲ့ကုမယ်"

"ကုလို့မရအောင် ပြုစားမှာပေါ့…ဟောဒီလို"

"ဟာ…အမုန်း"

ထာဝရ ခေါင်းကို အတင်းငုံ့ချလိုက်ပေမယ့် မရပေ။ အမုန်းရဲ့ အနမ်းက လက်ဦးမှုရသွားခဲ့သည်လေ။ ပထမဦးဆုံး ချစ်ခဲ့ဖူးတဲ့ အချစ်ဦးနှစ်ယောက်ရဲ့ အချစ်တွေက ရင်ထဲမှာ ရှုံးရှုံးမှုံးမှုံးပါ။





ရှက်မျက်နှာလေးရဲရဲနှင့် ထာဝရ သူ့မျက်နှာကို မော့မကြည့်ရဲတော့ပေ။

အမုန်းရင်ထဲမှာလည်း…

တလှိုက်လှိုက် လိပ်တက်လာတာ ဘာတွေမှန်းမသိပါဘူး။ ပျော်ရွှင်ကြည်နူးမှုတွေပဲ ဖြစ်မှာပေါ့။ အခုဆိုရင် ညီတွေအတွက်လည်း စိတ်ပူစရာမရှိတော့ပြီမို့ သူ့ရင်ထဲမှာ အချစ်ရှိဖို့ လိုလာပါပြီ။ အတွားကို ပြောပြရမယ်လေ။ ထာဝရနဲ့ ချစ်သူတွေဖြစ်နေကြပြီမို့ အမြန်ဆုံး လက်ထပ်ပေးဖို့ တောင်းရမ်းပေးပါလို့။

မဟုတ်ရင်…

ကံကြမ္မာကို သူ မယုံရဲပါဘူး။

"ထာဝရက ကိုယ့်အတွက် ထာဝရချစ်သူပဲ ဖြစ်စေရမယ်"

"ဟင်…ဒါဆို ချစ်သူဘဝနဲ့ပဲ တစ်သက်လုံး နေသွားမှာလား။ ကိုယ့်စကားကိုယ် မှတ်ထားနော်"

"ဟာ…အဲလိုအထာမကောက်နဲ့လေကွာ…ကိုယ်က ထာဝရကို ထာဝရချစ်နေမယ်လို့ပြောတာ"

"ထာဝရကို ထာဝရချစ်မယ်ဆိုတော့ ထာဝရက ကိုယ့်ကိုယ်ကိုယ် ပြန်ချစ်ရမယ်ပေါ့…ဟုတ်လား"

"ဟာ…ထာဝရ"

ကတ်ဖိုးကတ်ဖဲ့ပြောတဲ့ ထာဝရကိုယ်လေးကို အမုန်းစိတ်ထဲမှာ မချင့်မရဲဖြစ်လျက် ဆွဲပွေ့လိုက်သည်။ ထာဝရက သူ့ရင်ဘတ်ကို တွန်းထားလျက်-

"ဘယ်လိုဖြစ်နေတာလဲ…သူများမြင်မကောင်းအောင်"

"ဟောဗျာ…ဒီကန်တော်ကြီးထဲ ရောက်လာသမျှ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေချည်းပဲ။ မဖက်မနမ်းတဲ့စုံတွဲ လက်ညှိုးထိုးပြစမ်းပါဦး"

"ထာဝရက ရှက်တယ် အမုန်းရဲ့"

"မှန်းစမ်း…ရှက်တဲ့မျက်နှာလေး မြင်ဖူးချင်လို့"

"အမုန်း"

အမုန်း ထာဝရမျက်နှာလေးကို ဆွဲမော့တော့ ထာဝရက သူမမျက်နှာကို အမုန်းရင်ဘတ်နှင့် အတင်းကပ်ထားလေသည်။ သူမပါးပြင်လေး ထိကပ်နေသောနေရာသည် အမုန်းရဲ့ဘယ်ဘက် ရင်အုံလေ။ နှလုံးသားတည်ရှိသောနေရာပေါ့။ နှလုံးသားက ဘာတွေပြောနေသလဲ ကြားချင်လိုက်တာ။

"အဲဒီနေရာကို ကပ်ထားတော့ ဘာသံကြားရလဲ"

"ဟင်"

"ကိုယ့်နှလုံးသားက စကားပြောနေတယ်လေ"

"ဟုတ်လား…ဘာတွေပြောနေအောလဲ"

မေးရင်းပဲ မော့ကြည့်လိုက်မိ၏။ အမုန်းက သူမပခုံးလေးကို ဆုပ်ကိုင်ကာ-

"ထာဝရကို ချစ်တယ်…ချစ်တယ်တဲ့"

"ဟုတ်လည်း မဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်ဆို"

"မယုံဘူး"

"မယုံရင်"

"အယ်…ယုံတယ်…ယုံတယ်"

ချစ်သူနှစ်ဦး၏ရယ်သံက ကန်ရေပြင်ဆီသို့ ကူးလူးယှက်နွယ်





သွားသည့်နှယ် သစ်ရွက်ကြွေကြောင့် တစ်နေရာစာမှာ လှုပ်ခတ်သွားခဲ့သည်လေ။

"ကိုယ့်ကို ချစ်လား"

"ချစ်တာထက်ကို ပိုသေးတာ"

"ကိုယ်လည်း အတူတူပါပဲ ထာဝရရယ်။ မင်းကို အရမ်းချစ်တယ်။ ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်"

ထာဝရ ခေါင်းလေးညိတ်ပြီး သူ့ခါးကို ပြန်ဖက်ထားလိုက်မိ၏။ အချိန်ဆွဲနေရင် ကံကြမ္မာဆိုတာ ယုံရတာမှမဟုတ်ဘဲ။ ပြီးတော့ နှစ်ယောက်စလုံးက အိမ်ထောင်ပြုသင့်တဲ့အရွယ်တွေကို ရောက်နေကြပြီပဲလေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၂)

သီဟကို ထာဝရ နားလည်အောင် ပြောထားလိုက်ပါပြီ။ အမုန်းနဲ့သူရက သီဟရဲ့အစ်ကိုအရင်းတွေဆိုတဲ့အကြောင်းကိုပေါ့။ ဒါကို သီဟကလည်း လက်ခံသည်လေ။ တစ်ဖက်က အေးချမ်းသွားပြန်တော့ တစ်ဖက်မှာက အဆင်မပြေ။ ဖေဖေက အမုန်းရဲ့ဘဝမှန်ကို မသိသေးဘူးလေ။

ပြောပြဖို့ ကြိုးစားတော့လည်း မအောင်မြင်။

တော်စမ်း…တိတ်စမ်းဆိုတာနဲ့ပဲ ဆက်မပြောရဘဲ ရေငုံနှုတ်ပိတ်နေခဲ့ရတာ ဘယ်နှခါရှိနေပြီလဲ။





အခုလည်း…

"ငါ့သမီးလေး တော်လှတော်လှနဲ့ ယောင်းမ မြင်းစီးထွက်တယ်ဆိုတာ ဒါမျိုးပဲ။ တို့ နင့်ကို မွေးထားတာ ဒီလိုအခြေမဲ့အနေမဲ့ကောင်နဲ့ ဖြစ်ဖို့မဟုတ်ဘူးနော် ထာဝရ…ကိုယ့်ပညာ၊ ကိုယ့်ရုပ်ရည်၊ ကိုယ့်အဆင့်အတန်းကိုမှ အားမနာ…နင် ဘာဆေးမိထားတာလဲ ထာဝရ…ပြောစမ်း…ငါ ပြောလိုက်ရရင် မကောင်းရှိရှာ့မယ်"

ဒီတစ်ခါတော့ ထာဝရ ဖွင့်ဟတိုးပြောမှဖြစ်တော့မည်။ မပြောလို့ မဖြစ်တော့ဘူးလေ။

ဒါကြောင့်…

"ဖေဖေ အမုန်းကို အဲဒီလိုမပြောပါနဲ့။ အမုန်းက ဖေဖေ သိထားတဲ့ဘဝမျိုး မဟုတ်တော့ပါဘူး ဖေဖေရယ်…အခုဆိုရင် အမုန်းက သူ့အဘွားအိမ်မှာ တိုက်နဲ့ ကားနဲ့ စည်းစိမ်ဥစ္စာနဲ့ပါ ဖေဖေရဲ့"

"ဘာ"

"ဟုတ်တယ် ကိုစံ…အမုန်းက ရှင်ထင်သလို အသိုင်းအဝိုင်းမဲ့နေတဲ့ ကလေကချေတစ်ယောက် မဟုတ်ပါဘူး။ မချမ်းသာခင်ကလည်း ပစ္စည်းဥစ္စာသာ မချမ်းသာတာ…စာရိတ္တမှန်မြတ်ပြီး လိမ္မာတဲ့ကလေးတစ်ယောက်ပါ။ အဲဒီစာရိတ္တမှန်မြတ်မှုကို ငွေနဲ့ ဝယ်ယူလို့မရဘူး ကိုစံ…အခုကျတော့ ပစ္စည်းဥစ္စာလည်း ပြည့်စုံသွားပြီ။ သူက ရှင့်သမီးကို တိုက်နဲ့ ကားနဲ့ တင်တောင်းနိုင်နေပြီလေ။ ရှင် ဘာကို သဘောမကျလဲ…ပြောပါဦး"

ဦးစံထွန်း တွေကနဲ ဖြစ်သွားလေ၏။ ကိုယ်တွေအနေနဲ့ ဂုဏ်မမက်သင့်တာ မှန်ပါတယ် မမှန်ဘူးပေါ့။ ပစ္စည်းဥစ္စာ ဘာမှမလိုအပ်

www.burmeseclassic.com



ဘူးဆိုပေမယ့် လိုချင်တပ်မက်မိတာ ကိုယ့်သမီးအတွက် ဂုဏ်ယူချင်လို့လေ။ ရှင်ဘုရင်နဲ့ညားလို့ မိဖုရားဖြစ်တဲ့ဂုဏ်ကိုပဲ လိုချင်တာပေါ့။

ရိုးသားမှုတစ်ခုတည်းနဲ့…

မင်္ဂလာပွဲကို ကိုယ်က ခမ်းခမ်းနားနားလုပ်ပေးရင်တောင် မဲ့သွားကြမယ့် နှုတ်ခမ်းတွေ။ တီးတိုးဆိုလာကြမယ့်စကားသံတွေ။ ဒါတွေကို ခံနိုင်ရည်မရှိလို့ပဲ သူပြောနေရတာပေါ့။ အခု မုန်းမရက ကိုယ်သိထားတဲ့ဘဝမျိုး မဟုတ်ဘူးတဲ့လေ။ ဒီတော့မှ ကိုယ်က ခေါင်းညိတ်လိုက်ရင် ကိုယ် ဘာကောင်ဖြစ်သွားမှာတဲ့လဲ။ အပြောင်းအလဲမြန်လှချည်လားလို့ စိတ်ထဲမှာ တွေးမှာပေါ့။

ဒါကြောင့်…

"ဘာပဲဖြစ်ဖြစ် ကိုယ် သဘောမတူဘူး"

"ဖေဖေ"

"ထပ်မပြောနဲ့"

"ကျွန်မကတော့ သဘောတူတယ် ကိုစံ…အဲဒါ ခုမှမဟုတ်ဘူး…အရင်ကတည်းကပဲ"

"မင်းက ဘာကိုသဘောကျတာလဲ"

လေသံက ခပ်မာမာပါ။ မာလက်စနဲ့ ဆက်မာနေရတော့မှာပဲလေ။

"လောကကြီးမှာ ယောကျ်ားပေါပေမယ့် လင်ကောင်းရှားတယ်လေ။ လူတိုင်းက ကောင်းနေကြတာမှမဟုတ်တာ"

အဲဒီတော့ ကိုယ်က ဘာပြောရမလဲ။ သဘောတူပါတယ်…ပေးစားလိုက်လို့ ဖအေတစ်ယောက်အနေနဲ့ ပြောရမှာလား။ ခုမှတော့





ကျုံမိတဲ့စကားကို မနှုတ်တော့ပေ။

"အမုန်းဘက်က လာတောင်းရင် ကျွန်မ သဘောကတော့ လက်ခံချင်တယ်။ အဲဒါ ရှင့်ကို ပြောပြတာ"

"သဘောပဲ…မင်း လုပ်ချင်တာလုပ်တော့"

ပြောပြီး ဆတ်ကနဲ ထသွားလေတော့၏။ ကြည်ဖြူသည်ဖြစ်စေ မကြည်ဖြူသည်ဖြစ်စေ ထာဝရကတော့ မေမေ ကိုယ့်ဘက်က ရပ်တည်ပေးတဲ့အတွက်ပဲ ကျေနပ်နေပါပြီ။

"မေမေ"

ထာဝရ မေမေ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်တော့-

"စိတ်ချ သမီး…မေမေ သမီးဘက်မှာရှိနေမယ်နော်"

"ဝမ်းသာလိုက်တာ မေမေရယ်"

မေမေ့ရင်ခွင်ထဲကို တိုးဝင်ပြီး ထာဝရရင်ထဲသို့ အပျော်တွေစီးဝင်သွားလေတော့၏။ အချစ်စစ်ဆိုတာ ကြုံခင်းထားတဲ့ ပန်းခင်းလေးမှမဟုတ်ပဲလေ…

ဆူးစူးတဲ့အခါလည်း စူးမှာပေါ့…

ပူးစာမှန်ရင်တော့ ဆုံကြရမှာပါ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

အခုတော့လည်း အရာတစ်ခုပေါ်မှာ ပေကျံနေသည့် အညစ်အကြေးများကို ရေဆေးချလိုက်သည့်နှယ်။ အမုန်းဘဝမှာ တွေ့ကြုံခဲ့ရသော စိတ်ညစ်စရာတွေ၊ ပူလောင်မှုတွေ၊ သောကတွေ အရာအားလုံးကို ဆေးကြောပစ်လိုက်သည့်နှယ်။ အမုန်းက ဘာဆိုတာနှင့် အဘွားက ခေါင်းညိတ်ပြီးသားပါ။

ခုလည်း…

အမုန်းအတွက် မိန်းမ လိုက်တောင်းပေးဖို့ကိစ္စအတွက် အရမ်းတက်ကြွနေသည်လေ။ ပဝါကြီးခြုံလို့ မှန်ရှေ့မှာ နောက်ခိုင်းကြည့်လိုက်၊ တစောင်းကြည့်လိုက်နှင့် ကြည့်လို့မဝ ဖြစ်နေလေလျှင်…





မနေနိုင်သူက သူရပါ။

ကိုကြီးက သွားချင်နေလို့ ဖင်တကြွကြွ။ အဘွားက ထွက်မလာသေးတော့ ထိုင်လိုက်ထလိုက်ဖြစ်နေတာကိုပဲ ကြည့်ပြီး-

"ကိုကြီး"

"ဟင်"

"အဲဒါ ဘာဖြစ်နေတာလဲ။ ထိုင်လိုက်ထလိုက်နဲ့ မျက်စိကို ရှုပ်နေတာပဲ။ ကျွန်တော်သာခွေးဆို ကိုကြီးကို ကိုက်မိလိမ့်မယ်"

"ဘွား…မလာသေးလို့ကွ"

"လာမှာပေါ့…သူလည်း အပျိုလေးဆိုတော့ အလှပြင်နေတာပဲဥစ္စာ"

"အလှပြင်တာက လွန်ကိုလွန်ပါတယ်ကွာ…တကတည်း ငါ့အတွက် မိန်းမတောင်းပေးဖို့သွားမှာများ သူ့အတွက် ယောကျ်ားတောင်းသွားမှာကျနေတာပဲ…ဟူး"

သူရ ရယ်လည်းရယ်ကာ ဘွားကို သွားခေါ်ပေးဖို့ ထရပ်လိုက်စဉ်မှာပဲ-

"လာပါပြီတော်…လာပါပြီ…ဘယ်လိုဖြစ်လို့ လောနေတာလဲ ငါ့မြေးရယ်…တကတည်း ဒီကနောက်ကျရင်ပဲ ထားဝရတို့က ထွက်ပြေးတော့မယ့်အတိုင်းပဲ"

"အဘွားက အဲဒီလောက်ပဲသိတာကိုး…ထားဝရအဖေ့စိတ်က ဖြုံချည်ပြာချည်နဲ့လေ။ ပြီးသွားမှ ရင်အေးရမှာဗျ"

"အေးဟဲ့"

အမုန်းက ဦးစံထွန်းစိတ်ကို မယုံပေ။ အစကတော့ အမုန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးနဲ့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်လုပ်တာလေ။ အခုကျတော့ လက်ခံလိုက်ပြီပဲဥစ္စာ။ ဒါကို မကျေနပ်လို့ပြောတော့ သူရက ပါးစပ်ပိတ်ပြီး ရယ်လေတော့…

"ဘာဖြစ်တာလဲ"

"အစကတော့ ကိုကြီးပဲ ဘာလိုလိုကြီးနဲ့လေ။ ခုကျတော့ မပြောလိုက်ချင်ဘူး…ဟွန့်"

"ကဲ…သွားမယ်…သွားမယ်"

"ပြောကိုမပြောချင်တော့ဘူး"

အဘွား ရှေ့ကထွက်သွားတော့ မျက်စောင်းထိုးပြီး ထလိုက်သွားသူက သူရပါ။ အမုန်းလည်း နောက်မှလိုက်ရင်း မလုံမလဲ ပြုံးလိုက်မိ၏။ သူ့ အဲလောက်တောင် အဖြစ်သည်းနေမိပြီလား။ ဒါ ထာဝရကို သိပ်ချစ်မိလို့ပါလေ။ အစကတော့ ဘာလိုလိုနဲ့ ခုကျတော့ ရင်ထဲမှာ အချစ်တွေက တစ်ရက်ထက်တစ်ရက် တိုးပွားလို့ပါ။ ဖန်ခါးသီးကို စားသလိုပါပဲ။ ဝါးကာ့စကတော့ ဖန်သလိုလိုနဲ့ ရေသောက်မှ ချိုသထက်ချိုလာသလိုလေ။

အချစ်ကလည်း…

အစကဘာလို နောက်တော့ချို…ချိုလာတာပါပဲ။ သူက ကားမောင်းရင်း ကိုယ့်အတွေးနဲ့ကိုယ်။ အဘွားနဲ့သူရကတော့ ဘယ်က စကားတွေရလို့ ဘာတွေပြောမှန်းကို မသိတော့ပါဘူး။

"ဟဲ့…ဟဲ့…ရောက်ပြီလေ"

"လွန်ပြီ…လွန်သွားပြီ…ပြောတော့ပြောတယ်ဖြစ်ဦးမယ်… စိတ်တွေက ဘယ်ရောက်နေတယ်မသိဘူး"





အဘွားနှင့်သူရ အော်မှပဲ အမုန်း သတိရပြီး ကားကို ဘက်ခ်ဆုတ်ကာ ခြံထဲသို့ ကွေ့ဝင်လိုက်၏။

"လာပြီ…ကိုကြီးတို့ လာကုန်ပြီ…မမရေ"

"ဟဲ့…အော်ကြီးဟစ်ကျယ်နဲ့ သီဟရယ်"

သူတို့ ကားပေါ်ကဆင်းတာနှင့် သီဟကလည်း စောင့်နေပုံရကာ ထအော်လေသည်။ အူမြူးနေကြတယ်ထင်ပါရဲ့။

"အဘွား…သွားလိုက်လေ…အဆင်ပြေအောင်ပြောနော် အဘွား"

"မြေးကရော"

"ကျွန်တော် ထာဝရနဲ့ ပြောစရာရှိလို့"

"ပြီးရော…ပြီးရော"

သူရ တွဲခေါ်ရတာဖြစ်ပေမယ့် အဘွားပုံစံက လန်းဆန်းတက်ကြွနေလို့ပါ။ အမုန်း ထာဝရလက်ကို ဆွဲခေါ်လာခဲ့တာ ရေကူးကန်ဘေးကို ရောက်လေတော့–

"ဘယ်လိုဖြစ်နေတာလဲ အမုန်းရဲ့…လက်ကို လွှတ်ပါဦး။ တကတည်း ဒီက ထွက်ပြေးတော့မယ့်အတိုင်းပဲ"

"ထွက်ပြေးမှာစိုးလို့ပေါ့"

"ပြေးစရာလား…အခုပဲ လူကြီးတွေ လက်ထပ်ဖို့ပြောဆိုပေးနေတဲ့ဟာ။ ဒီက သူ့ကိုထားခဲ့နိုင်မယ်ထင်လို့လား။ နှမည်ကိုက ထာဝရတွယ်တာတဲ့"

"ဘယ်သူ့ကို ထာဝရတွယ်တာနေမှာလဲ"

"အမုန်းကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအမုန်းလဲ…လာပြန်ပြီ ဒီအမုန်း"

"ဒါဆို ဘယ်လိုခေါ်ရမှာလဲ"

"ကိုယ့်နာမည် မုန်းမရလေ…ဒါပေမယ့် ထာဝရကတော့ ကိုလို့ပဲ ခေါ်ပေါ့"

ထာဝရက ရယ်လေလျှင်-

"ဘာရယ်တာလဲ"

"မခေါ်ချင်ပါဘူး"

"ဟင်…ဘာလို့လဲ"

"ရှက်လို့"

မချင့်မရဲဖြစ်သွားလို့ အမုန်း ကဲပစ်လိုက်ချင်ပေမယ့် ဟိုကြည့် ဒီကြည့် ကြည့်ရသေး၏။ ဟိုကောင်သူရက လွယ်တာမဟုတ်ဘူးလေ။ အတွဲချောင်းရတာဆို ဝါသနာကြီးပါ့။ အခု သီဟနဲ့ပေါင်းမိရင် မချောင်းဘူးလို့ ပြောနိုင်မလား။ ဒါကြောင့် ဟိုဟိုဒီဒီ လိုက်ကြည့်တော့ ဘယ်သူ့ကိုမှ မတွေ့ရပေ။

ဒါကြောင့်…

ထာဝရ ပခုံးလေးကို ဖက်ပြီး နားနားသို့ တိုးကပ်ကာ-

"ကိုယ့်ယောကျ်ားကိုယ် ချစ်လို့ခေါ်တာ ရှက်စရာလား ထာဝရရဲ့…"

"အံမယ်…ဘာယောကျ်ားလဲ…မတော်ရသေးပဲနဲ့…သွားစမ်းပါ"

"တော်ရတော့မှာကို"

"အခုမှ မတော်ရသေးတာ"





"အစမ်းတော်ကြည့်လေ"

"အမုန်းနော်"

"ချစ်တယ်"

"သွား"

သွားဆိုပြီး တွန်းထုတ်လိုက်ပေမယ့် ထာဝရကိုယ်လေးက သူ့ရင်ခွင်ထဲမှာပါ။ အမုန်း မမြင်လိုက်ပေမယ့် သူရနဲ့သီဟက ပန်းပင်ကွယ်မှာလေ။ လူကြီးတွေက လူကြီးတွေကိစ္စ ပြောဆိုနေကြပြီ။ သူတို့ကလည်း ကလေးတို့သဘာဝ စပ်စုချင်တာမို့ ကိုကြီးတို့ ဘာပြောမလဲကို နားစွင့်နေတာလေ။ သီဟက ရှေ့တိုးလာတော့ သူရခြေထောက်ကို တက်နင်းမိလေလျှင်-

"အား"

"ဟင်"

"ဟော့ကောင်…သေပြီ…သေပြီ"

"ဆောရီး…ဆောရီး"

အမုန်း သူတို့ကို မြင်သွားလေတော့-

"ငါတော့ လစ်ပြီ"

သူရ အတင်းထပြေးလေတော့ သီဟကပါ လက်ဆွဲလျက်ပါသွားသည်လေ။ ထာဝရ ရှက်သွားပြီး-

"ကလေးတွေ မြင်သွားကုန်ပြီ"

"သူတို့လည်း အတူယူတာ ဘာဖြစ်လဲ"

"ရှက်လိုက်တာ"

"ရှက်ရင် ဒီအထဲဝင်ပုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

ထာဝရမျက်နှာလေးကို သူ့ရင်ဘတ်နှင့် ဖိကပ်ထားခဲ့ပြီး ရင်ခုန်သံတွေက မိန့်မိန့်မွှေးမွှေးပါ။

ဪ…အရင်ကတော့…

အမုန်းရင်ထဲမှာ အချစ်ဆိုတာ ဘာမှန်းမသိ။ မိသားစုအရေးကိစ္စတွေနဲ့ပဲ လုံးထွေးပတ်ချာလည်နေခဲ့တာ။

အခုတော့…

သိလိုက်ပါပြီ။ သူ့ရင်ထဲမှာ အချစ်စမ်းချောင်းလေးက တစိမ့်စိမ့် စီးဝင်နေခဲ့ပြီပဲလေ။

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း ကျနိုင်ကြပါစေ….

အလင်းသစ်

၁၈-၄-၂၀၁၅

♥♥♥



၂၀၁၅
စက်တင်ဘာလတွင် ထွက်နိုင်ပါပြီ
မမသန္တာအောင်
သူမို့ အသည်းကိုခွဲရက်တယ်
ကြယ်စင်မှူးဝေ
ကောင်းကင်ပြို တိမ်တွေငိုမယ့်အချစ်
မယ်ခိုင်
တမန်တော်
မိုးစက်ပွင့်
တောလိုက်မှားတဲ့ မုဆိုးများ
အလင်းသစ်
မာနစေရာ
လှိုင်းကြာဖြူ (လားရှိုး)
မိုးညကံကြမ္မာ

www.burmeseclassic.com